# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> ကိုယ့်ဆီရောက်လာ အမှုကို
> ကိုယ့်အလိုကျ ကိုယ်ဆုံးဖြတ်။
> ထိုကဲ့သို့သော လူမျိုးသည်
> တရားခွံတည်သူ မဟုတ်ပါ။
> တရားသူကြီး မဟုတ်ပါ။
> ပညာရှိသူ ဆိုသည်ကား
> အဖြစ် မှန်သည်ကို လည်းကောင်း
> အဖြစ် မှားသည်ကို လည်းကောင်း
> နှစ်ပါးစုံကို လေ့လာသင့်။
>
> ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်။ တရားရှိခြင်း-၂၅၆။
> (မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၉)


## နော်ဝေးတွင်ပြုလုပ်မည့် ဒေါ်အောင်ဆန်းစုကြည် ပန်းခြံ အတည်ပြုသတ်မှတ်


စာမျက်နှာ-၃


## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းရန်ကိစ္စ ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်


ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇


# မြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမေရိကန်အနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်မည်မဟုတ်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ပြောကြား

သတင်း-မြတ်သန္တာမောင်၊ ရဲခေါင်ညွန့်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးဖိအားပေးခြင်းများ ပြုလုပ်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သည့်အကူအညီများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ် က ပြောကြားသည်။


*စာမျက်နှာ ၆ ကော်လံ ၁ ✻*


## နိုင်ငံအဝန်း၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရ



မကွေးမြို့နယ် သက်ရင်းတောကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေး နဂါးချောင်းတွင် လက်ယက်တွင်း တူးဖော်ကာ ရေရရှိရေးအတွက် စောင့်ခပ်နေရသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-မကွေးဝင်းမောင်


သတင်း၊စာမျက်နှာ-၄



KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြင်နာမှု၊ နှစ်သိမ့်ဖြေလျှော့မှုတို့ အမှန်တကယ်လိုအပ်နေသည့် နေရာများဆီ

မကြာသေးမီက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် လူငယ်တစ်ဦး လူမြင်ကွင်းတွင် အဝတ်အစားဗလာ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်ခန္ဓာဖြင့် သွားလာနေမှုကြောင့် ဖမ်းဆီးထိန်းသိမ်းစစ်ဆေးမှုများ ပြုခဲ့ပြီး မူးယစ်ဆေးဝါး တစ်စုံတစ်ရာ သုံးစွဲထားခြင်း ရှိ/မရှိ၊ စိတ်ကျန်းမာရေးအခြေအနေ ကောင်းမကောင်း စသည်တို့ကို စစ်ဆေးကာ အရေးယူမှုများ ပြုခဲ့ရကြောင်း သတင်းများတွင် တွေ့ခဲ့ရသည်။

အနောက်တိုင်းသားတစ်ဦးအနေဖြင့် လူတစ်ဦးချင်း၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ရယူအသုံးချလိုခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည့်တိုင်အောင် ၎င်း၏အပြုအမူမှာ သူ့ဇာတိနိုင်ငံ လူ့အသိုင်းအဝိုင်း၌ပင် အငြင်းပွားဖွယ် ဖြစ်သည်။ ဒီမိုကရေစီ အခြေကျအောင် ကြိုးပမ်းနေရဆဲ မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုအရတော့မူ ဆိုဖွယ်ရာပင်မရှိ။

ဒီမိုကရေစီ ဒုတိယမြောက် အစိုးရသက်တမ်းသို့ ရောက်ရှိလာချိန်တွင် ဒီမိုကရေစီ၏ လွတ်လပ်ပွင့်လင်းမှုကို အကြောင်းပြကာ ပြည်ပမှတင်သွင်းလာသော အတွေးအခေါ်၊ အယူအဆ၊ အမူအကျင့်တို့ကို မြန်မာ့လူ့အဖွဲ့အစည်းအတွင်း သွတ်သွင်းရန် အားထုတ်မှုအချို့ကို တွေ့လာရပြန်သည်။ အများပြည်သူနှင့်ဆိုင်သည့် နေရာများတွင်လူတစ်ဦးနှင့်တစ်ဦး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပွေ့ဖက်နှုတ်ဆက်သည့် **Free Hugs Campaign** ခေါ် လှုပ်ရှားမှုတစ်ခု ရန်ကုန်တွင် ပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွေ့ဖက်ခြင်းမှာလည်း ကြင်နာမှုကိုပြခြင်း၊ နှစ်သိမ့်မှုပေးခြင်းဖြစ်ပြီး ရိုးရိုးသားသား လုပ်ဆောင်ကြခြင်းသာဖြစ်သည်ဟု ဆိုသည်။ ဇူလိုင်လ၏ ပထမဆုံး စနေနေ့မှသည် ဩဂုတ်လ ပထမပတ်အထိကာလကို **Free Hugs** လအဖြစ် သတ်မှတ်ထားသည်ဟုလည်း ဆိုသည်။ လူမျိုးဘာသာ၊ အသက်အရွယ်၊ ကျားမ မခွဲခြားဘဲ ကြင်နာခြင်း၊ နှစ်သိမ့်မှုပေးခြင်း အနေဖြင့် ရိုးရိုးသားသား ပွေ့ဖက်ခြင်းပါဟုဆိုသည့် အဆိုပါလှုပ်ရှားမှုမှာ ဆက်သွယ်ရေးတွင် မိုဘိုင်းဖုန်းများ ပေါ်လာပြီးနောက် လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ပြုလုပ်လာကြသည့် လှုပ်ရှားမှုမျိုးတစ်ခုသာ ဖြစ်သည်။ အဆိုပါလှုပ်ရှားမှုနှင့်ပတ်သက်၍ နိုင်ငံရပ်ခြား တိုင်းပြည်များ၌ပင် အငြင်းပွားနေဆဲ။

**Free Hugs** ကဲ့သို့ပင် မေလ၏ ပထမဆုံး သောကြာနေ့တွင် ပြုလုပ်ကြသော ဘောင်းဘီမဝတ်သောနေ့ **(No Pants Day)** လှုပ်ရှားမှု၊ ဝတ်လစ်စားလစ် စက်ဘီးစီးလှုပ်ရှားမှုစသည်ဖြင့် လူငယ်အချို့က စတင်ပြုလုပ်ကာ လူမှုကွန်ရက်မှတစ်ဆင့် ဖြန့်ဝေပြီး ကမ္ဘာအနှံ့ နိုင်ငံအချို့တို့တွင် လိုက်လုပ်ကြသည့်လှုပ်ရှားမှုများလည်း ရှိကြသည်။ လှုပ်ရှားမှုတိုင်းတွင် သူ့အကြောင်းပြချက်နှင့်သူ ရှိကြသော်လည်း ပေါ်ပင်လုပ်ခြင်း၊ စတန့်ထွင်ခြင်းကသာ အဓိကဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ခေတ်ကာလ အခြေအနေတို့နှင့်ကိုက်ညီကာ မိမိနိုင်ငံ ယဉ်ကျေးမှုနှင့် မဆန့်ကျင်သော၊ လိုက်လျောညီထွေဖြစ်သော လှုပ်ရှားမှုအများအပြားကို လူငယ်များက ဦးဆောင်ကာ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်နေကြသည်များကို တွေ့နေရသည်။ ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် အများအကျိုးဆောင်ကာ စွန့်လွှတ်လုပ်ကိုင်နေကြသော လူငယ်များ၏ လူ့အဖွဲ့အစည်းအကျိုးပြုလုပ်ငန်းများမှာ အငြင်းပွားဖွယ်မရှိသော လူသာစုခေါ်၊ နတ်သာစုခေါ် လုပ်ငန်းများအဖြစ် အတုယူအားကျဖွယ်ပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီပြီး လက်ရှိ လူမှုအဖွဲ့အစည်းအတွင်း အမှန်တကယ်လိုအပ်နေသည့် ကြင်နာမှု၊ နှစ်သိမ့်ဖြေလျှော့မှုတို့ကို အမှန်တကယ် လိုအပ်နေသည့် နေရာများသို့အရောက် ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ပေးဝေမျှနိုင်ကြပါစေကြောင်း။ ။




## အောင်ပန်းမြို့ မယ်ခိုတောင် ထင်းရှူးတောအုပ်၌ ဆရာကြီးဒဂုန်တာရာ၏ ၉၇ နှစ်ပြည့် မွေးနေ့ကျင်းပ

**အောင်ပန်း မေ ၁၀**

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သူ စာရေးဆရာ ကဗျာဆရာကြီး ဒဂုန်တာရာ၏ ၉၇ နှစ်ပြည့်မွေးနေ့ကို စုပေါင်းကျင်းပရန် အရပ်ဒေသအသီးသီးမှ ဒဂုန်တာရာချစ်သူများ၊ စာပေချစ်သူများတက်ရောက်လာကြကြောင်း ဆရာကြီး ဒဂုန်တာရာ ဂူဗိမာန်ကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးအုံ့မောင်ထံမှ သိရသည်။

ကဗျာဆရာစာရေးဆရာကြီး ဒဂုန်တာရာ၏ မွေးနေ့ပွဲကို ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့ ဒဂုန်တာရာဂူဗိမာန်တည်ရှိရာ ထင်းရှူးတောအတွင်းမှ တောင်ပေါ်ကျောင်းခန်းမတွင် မေ ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် ဒေသပေါင်းစုံမှ အယ်ဒီတာ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများနှင့် စာပေမြတ်နိုးသူပရိသတ်များ တက်ရောက်ကြသည်။

မွေးနေ့ပွဲတွင် ဆရာကြီးဒဂုန်တာရာ၏ ငြိမ်းချမ်းရေးလုပ်ငန်း၊ စာပေလုပ်ငန်းဆိုင်ရာ စာတမ်းခြောက်စောင်ကို စိုးနိုင်(မန်းတက္ကသိုလ်)၊ လင်းယုန်မောင်မောင်၏ သားကြီး မောင်ဇေယျ၊ ကဗျာဆရာ မောင်လင်းရိပ်၊ ပန်းချီဆရာ ထွန်းဝင်းငြိမ်း၊ အလယ်ရိုးမမှ ဆရာမျိုးတေဇာအောင်နှင့် ဆရာကြီး ဒဂုန်တာရာ၏တူမ ဆရာမသင်းမြစန္ဒီတို့က ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသော ကဗျာဆရာများက ဆရာကြီးဒဂုန်တာရာကို ကဗျာများဖြင့် ဂါရဝပြုရွတ်ဆိုကြကာ တည်ဆောက်နေဆဲ ဒဂုန်တာရာဂူဗိမာန်ကို ဂါရဝပြုကြည့်ရှုကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

❒ *ကျောဖုံးမှ*

အထပ် ၁၂ ထပ် ၄၅ ဒသမ ၂ မီတာမြင့်ပြီး ရေဒါ အလုံးထိပ်ထိ ၅၅ ဒသမ ၈ မီတာ ရှိတယ်။ အဲဒီရေဒါ အဆောက်အအုံအတွက် မြေပြင်ဆင်ခြင်း၊ ဘိုးပိုင်တူးဖော်တာတွေ လုပ်ကိုင်နေပါတယ်။ ရန်ကုန်တာဝါစက်တပ်ဆင်ရေးပိုင်းကို ဝန်ထမ်းအင်အား ၁၀၀ ဝန်းကျင်နဲ့ ဂျပန်အင်ဂျင်နီယာ လေးဦး၊ မြန်မာအင်ဂျင်နီယာ ရှစ်ဦးနဲ့ ဆောင်ရွက်နေပါတယ်။ စက်တွေတပ်ဆင်ပြီးပါက မြန်မာဝန်ထမ်းတွေအားလုံး ဂျပန်ပညာတွေက နည်းစနစ်ပိုင်းဆိုင်ရာ ကိုင်တွယ်အသုံးပြုမှုကို သင်ကြားပေးသွားပါမယ်”ဟု တိုက်စေးကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာ (မြန်မာ) ဦးကျော်နိုင်က ပြောကြားသည်။

“မြန်မာနိုင်ငံမှာ မိုးလေဝသ ထောက်လှမ်းရေးရေဒါ တာဝါစက်တွေ တပ်ဆင်နိုင်တော့ မြို့တစ်မြို့မှာ အလိုအလျောက် တိုင်းတာရေးစခန်းတစ်ခုနဲ့ စခန်း ၃၀ တပ်ဆင်ထားပြီးဖြစ်လို့ ရေဒါတာဝါနဲ့ချိတ်ဆက်မှ ဘင်္ဂလားပင်လယ်အော်မှာဖြစ်ပေါ်နေတဲ့ လေဖိအား၊ မုန်တိုင်း၊ မိုးရေချိန်နဲ့ လေတိုက်နှုန်း ၂၄ နာရီ တိုက်ရိုက်ဖမ်းယူ ကြည့်ရှုနိုင်တယ်။

မကြာမီက မိုးသီးကြွေတာကို ဘင်္ဂလားပင်လယ်အော်ကလာတဲ့ လေဖိအား၊ လေအေးလှိုင်း၊ လေအစိုင်အခဲတွေ ရွေ့လျားလာတဲ့အပေါ်မူတည်ပြီး လေတိုက်နှုန်း၊ မိုးရွာနှုန်း ကြိုတင်အသိပေးထုတ်ပြန်နိုင်ခဲ့ပါတယ်။ ရေဒါနဲ့ ကီလိုမီတာ ၅၀၀ ဝန်းကျင်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုတွေ ဖမ်းယူပြီး ပြည်သူတွေကို သတိပေးချက်တွေ ထုတ်ပြန်နိုင်မှာပါ”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က ပြောကြားသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

## သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်း ကျူးကျော်တဲများ အကြမ်းဖက်ဖျက်ဆီးမီးရှို့ခံရမှု မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် စုံစမ်းစစ်ဆေးပြီး အကြံပြုတိုက်တွန်းချက်များ သက်ဆိုင်ရာဌာနများသို့ ပေးပို့ထား

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သည် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ် ကျေးရွာအုပ်စုအတွင်း ကျူးကျော်တဲများ အကြမ်းဖက်ဖျက်ဆီး မီးရှို့ခံရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ပြီး အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ဌာနများသို့ ပေးပို့ထားကြောင်း၊ သတင်းထုတ်ပြန်ချက်အပြည့်အစုံကို မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ website- www.mnhrc.org.mm တွင် အသေးစိတ်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၉.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၆၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၂၁၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၈ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နော်ဝေးတွင်ပြုလုပ်မည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ အတည်ပြုသတ်မှတ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုဘယ်လ်ငြိမ်းချမ်းရေး ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် နော်ဝေးနိုင်ငံ ဖရိုလန်း(န်)မြို့တွင် ထူထောင်မည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံကို အတည်ပြုပြဋ္ဌာန်းပြီးစီးသွားပြီဖြစ်၍ ဖရိုလန်း(န်)မြို့တော်ဝန် အိုဗေးဂွန်ဒါဆန် (Ove Gundersen) ကိုယ်တိုင် ပန်းခြံဖြစ်မြောက်ရေးကော်မတီသို့ လာမည့် မေ ၁၄ ရက်တွင် တရားဝင်လွှဲပြောင်းအပ်နှံတော့မည်ဟု သတင်းရရှိသည်။

နော်ဝေးနိုင်ငံ တောင်ပိုင်း ဖရိုလန်း(န်)မြို့လယ်၌ တည်ရှိပြီး ဖရိုလန်း(န်) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ထိန်းသိမ်းထားသည့် ယခင် ဖရိုလန်းဗာတ်ခ် (Froland Verk) ပန်းခြံကို ဒေါ်အောင်ဆန်းစုကြည် ပန်းခြံအဖြစ် ပြောင်းလဲသတ်မှတ်ရန် လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကျော်ခန့်က မြို့တော်ဝန်နှင့်တကွ ဖရိုလန်း(န်)မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ ပန်းခြံဆိုင်ရာ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တို့က ရွေးချယ်ခဲ့သည်။

ထို့နောက် အဆိုပါပန်းခြံကို ဒေါ်အောင်ဆန်းစုကြည် ပန်းခြံဟု ပြောင်းလဲသတ်မှတ်မည့် အကြောင်း မြို့နယ်အတွင်း တရားဝင်သတင်းစာများ၌ သတင်းထုတ်ပြန်ပြီးနောက် တရားဝင် ကန့်ကွက်မည့်သူ မရှိသောကြောင့် ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည် ပန်းခြံဟု တရားဝင်သတ်မှတ်လိုက်ကြောင်း သိရသည်။




ပန်းခြံ၌ထားရန် စီစဉ်ထားသည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူကြေးရုပ်တုနှင့် ဆင်တူသည့် နော်ဝေးနိုင်ငံ အော်စလိုမြို့ နိုဘယ်လ်ငြိမ်းချမ်းရေးစင်တာတွင်ထားရှိသော ဒေါ်အောင်ဆန်းစုကြည်ပုံတူကြေးရုပ် (ဓာတ်ပုံ - ငယ်ဇော်)

"ကျွန်တော်တို့ ဖရိုလန်း(န်)မြို့နယ်က ပန်းခြံပေါင်း ၃-၄ ခုကို သေချာလေ့လာပြီးမှ နှစ်ပေါင်းထောင်ချီ သက်တမ်းရှိနိုင်တဲ့ပန်းခြံကို ရွေးချယ်နိုင်ခဲ့ပါတယ်။ နှစ်ပေါင်း ၃၀၀ ကျော် သက်တမ်းရှိပြီး စတုရန်းမီတာ နှစ်ထောင်ကျော်ရှိတဲ့ အဲဒီပန်းခြံဟာ သဘာဝအတိုင်းတည်ရှိတဲ့ သစ်ပင်တွေ၊ လှေနဲ့ မော်တော်ဘုတ် သွားလာနိုင်တဲ့ အင်းနဲ့ ချောင်းလည်း ရှိပြီး သူ့ပင်ကိုအတိုင်း အတော်လေး လှပသလို နေရာကောင်းလေးလည်း ဖြစ်ပါတယ်။ ဒီပန်းခြံမှာ ဒိန်းမတ်က ပညာရှင် Magnar Kjeldsmo က ထုလုပ်သွားမည်ဟု သိရသည်။

လာမည့် မေ ၁၄ ရက် (စနေနေ့) တွင် နော်ဝေးအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများမှ မြန်မာများတွေ့ဆုံပြီး ပန်းခြံဖြစ်မြောက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လုပ်ငန်းစဉ်များ



ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ၌ တွေ့မြင်ရမည့် မြင်ကွင်းတစ်စိတ်တစ်ဒေသ (ဓာတ်ပုံ-ဆလိုင်းမောင်းလိန်း)



ဒေါ်အောင်ဆန်းစုကြည်ပန်းခြံတွင် သဘာဝအတိုင်းတွေ့မြင်ရမည့် ရေကန်နှင့် သစ်ပင်တောတောင်များကို တွေ့ရစဉ် ( ဓာတ်ပုံ - ဆလိုင်းမောင်းလိန်း)

မြန်မာတွေလှူဒါန်းမယ့် ဒေါ်အောင်ဆန်းစုကြည်၊ အမှတ်တရကျောက်ပြားနဲ့ မြန်မာတွေအားလုံး စုပေါင်းပြုလုပ်မယ့် ကြေးရုပ်တုကိုလည်း ထားကြမှာဖြစ်တယ်"ဟု ပန်းခြံဖြစ်မြောက်ရေး ကမကထပြုဆောင်ရွက်နေသူ International Caffe- Froland အဖွဲ့မှ တာဝန်ခံ ထော်ဂယ်ရားအိုဗယ်လန်း (Torgeir Oveland)က ပြောသည်။

ဇွန်လ ၁၉ ရက်၌ ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ အမှတ်တရ ပန်းခြံဖွင့်ပွဲ၌ နော်ဝေးနိုင်ငံတွင် နေထိုင်သည့် မြန်မာ အနုပညာရှင် ဦးငယ်ဇော်ကထုလုပ်သည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူ ဖယောင်းရုပ်တုကို ထားရှိမည်ဖြစ်သလို နောက်ပိုင်းတွင် အော်စလိုမြို့ နိုဘယ်လ်ငြိမ်းချမ်းရေးစင်တာတွင်ထားရှိသော နော်ဝေးခရိုနာလေးသောင်းကုန်ကျမည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူကြေးရုပ်နှင့် ဆင်တူသည့် ကြေးရုပ်ကိုလည်း မှာယူထားပြီးဖြစ်ကာ ထိုကြေးရုပ်တုအား နော်ဝေးဗိသုကာ အကောင်အထည် ဖော်ရေးဆိုင်ရာ ကော်မတီတစ်ရပ်ကိုဖွဲ့စည်းရန် ဆွေးနွေးကြမည်ဟုလည်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည် ပန်းခြံ တရားဝင်ဖွင့်ပွဲအခမ်းအနားတွင် မြန်မာပြည်ဒီမိုကရေစီအရေးကို တစိုက်မတ်မတ် ကူညီအားပေးခဲ့သူ ဒေါ်အောင်ဆန်းစုကြည်၏ မိတ်ဆွေ၊ ယခင် နော်ဝေးဝန်ကြီးချုပ်ဟောင်းလည်းဖြစ် လက်ရှိ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်ရေး ဥက္ကဋ္ဌ မစ္စတာ ရှဲလ်မတ်နဲဘွန်ဒယ်ဗစ် (Kjell Magne Bondevik)နှင့် နော်ဝေးနိုင်ငံအစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ် ရှဲလ်အင်ဂူးလ်ဖ် ရော့ပ်စတက်ဖ်( Kjell Ingolf Ropstad) အပါအဝင် ဖရိုလန်း(န်)မြို့တော်ဝန်နှင့် သံတမန်အချို့၊ ဒေသတွင်းအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ နော်ဝေးနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးမှ မြန်မာပြည်ဖွားများလည်း ပါဝင်ကြမည်ဟု သိရသည်။

**ကိုညို(အော်စလို)**

---

❖ *ကျော်ဖုံးမှ*

ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၆ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး မေ ၇ ရက်မှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၂၅ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲမတိုင်မီ ပထမဆုံးကစားသည့် နိုင်ငံတကာခြေစမ်းပွဲခရီးစဉ်လည်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြဟောင်း ရော်ဂျာရိုင်နာကို ခန့်အပ်ထားကာ အချိန်ယူ ပြင်ဆင်လျက်ရှိသည်။ ရော်ဂျာရိုင်နာသည် အသင်းကို စတင်ကိုင်တွယ်သည့်အချိန်များတွင် နှစ်လကျော်နီးပါး လေ့ကျင့်မှုကို ဦးစားပေးလုပ်ခဲ့ပြီး ပြည်တွင်းအသင်းအချို့နှင့်သာ ခြေစမ်းပွဲများ ကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုလမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် တောင်ကိုရီးယားလက်ရွေးစင် အမျိုးသမီးအသင်း၊ ဇူလိုင် ၉ ရက်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

❍ *ကျော်ဖုံးမှ*

အဓိက ကစားသမားတွေဖြစ်တဲ့ ခင်မောင်လွင်နဲ့ ကျော်ကိုကိုတို့ မပါနိုင်လို့ အားနည်းနိုင်ပါတယ်။ ဒါပေမယ့် ဒီနေရာအတွက် ပြင်ဆင်ပြီးသွားပါပြီ။ လူငယ်ကစားသမားတွေ ပိုမိုကြိုးစားချင်စိတ်ရှိအောင် ပရိသတ်တွေအနေနဲ့ တစ်ခဲနက်လာရောက်အားပေးဖို့လိုပါတယ်။ အနိုင်သုံးမှတ်ရယူပြီး နောက်တစ်ဆင့် တက်ရောက်နိုင်အောင် ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။

မာဇီယာအသင်း လက်ထောက်နည်းပြ အာမက်က "ကျွန်တော်တို့အသင်းလည်း နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိပါတယ်။ ကျွန်တော်တို့ရော ရန်ကုန်အသင်းပါ အနိုင်ရလဒ်အပြင် တောင်တရုတ်အသင်းရဲ့ ရလဒ်ကိုပါ စောင့်ကြည့်ရမှာဖြစ်ပေမယ့် ကိုယ့်ပွဲကိုပဲ စိတ်ဝင်စားပါတယ်။ တောင်တရုတ်ပွဲရလဒ်ကို အာရုံစိုက်မှာမဟုတ်ဘဲ ကျွန်တော်တို့အသင်း အနိုင်ရဖို့ပဲ ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ရန်ကုန်အသင်းခေါင်းဆောင် ရန်အောင်ကျော်က "ကျွန်တော်တို့အသင်းက အဖွင့်ပွဲမှာ နိုင်ခဲ့ပေမယ့် နောက်ပွဲတွေမှာ အမှတ်တွေဆုံးရှုံးခဲ့ပါတယ်။ ဒါကြောင့် တခြားအသင်းရဲ့ ရလဒ်ကို စောင့်ကြည့်ရမယ့်အနေအထား ဖြစ်သွားပါတယ်။ အနိုင်ရရှိဖို့ အစွမ်းကုန် ကစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အုပ်စု(G) နောက်ဆုံးပွဲစဉ်များကို မေ ၁၁ ရက် **ယနေ့** မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်(မြန်မာ)နှင့် မာဇီယာ(မော်လ်ဒိုက်)၊ အိန္ဒိယနိုင်ငံ၌ မိုဟန်ဘောဂန်(အိန္ဒိယ)နှင့် တောင်တရုတ်(ဟောင်ကောင်)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းအုပ်စုတွင် မိုဟန်ဘောဂန်အသင်းက နောက်တစ်ဆင့်တက်ပြီးဖြစ်သော်လည်း လက်ကျန်တစ်နေရာအတွက် သုံးသင်းစလုံး အခွင့်အရေးရှိနေပြီး တောင်တရုတ်အသင်းက ခြောက်မှတ်၊ ရန်ကုန်အသင်းနှင့် မာဇီယာအသင်းတို့က ငါးမှတ်စီ ရရှိထားသည်။

မြန်မာကလပ်အသင်းဖြစ်သည့် ရှေဝတီအသင်းမှာ ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် လာအိုတိုယိုတာအသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်ပြီး နှစ်သင်းစလုံး အုပ်စုအဆင့် ထွက်ခဲ့ရသည့် အသင်းများဖြစ်သည်။

**ရဲရင့်ရှိုင်း**



ရန်ကုန်အသင်း နည်းပြချုပ် မာဂျန် ခြေစစ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ် (ဓာတ်ပုံ - ဖိုးသော်ဇင်)

# ပြင်သစ် - မြန်မာ ပြန်ကြားရေးနှင့် ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Olivier RICHARD အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်ဆဲအခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



ရေဆင်းရေလှောင်တမံ ရေကူဖြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

# ရေဆင်းရေလှောင်တမံ ရေကူဖြည့်သွင်းနိုင်ရေးလုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၁၀**

ပြောင်းလဲလာသောရာသီဥတု၏ သက်ရောက်မှုများကြောင့် ဒေသအနှံ့အပြားတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ အခက်အခဲများ ပိုမိုဖြစ်ပေါ်လာခြင်း၊ ဆည်တာတမံ အများစုတွင် ရေဝင်ရောက်မှုပမာဏကျဆင်းလာခြင်း၊ အပူရှိန်လွန်ကဲမှုကြောင့် သိုလှောင်ရေများ ခန်းခြောက်လျော့နည်းလာခြင်းပြဿနာများ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ နိုင်ငံတော်အပိုင်းက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းရေလှောင်တမံသည် ပတ်ဝန်းကျင်ကျေးရွာများနှင့် အစိုးရဌာနရုံးများ၊ သုတေသနစိုက်ကွင်းကြီးများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မှီခိုအားထားနေရသည့် ရေလှောင်တမံတစ်ခုဖြစ်ခဲ့ပြီး လက်ရှိအခြေအနေတွင် မိုးတွင်းအခါ ဆည်ရေဝင်ရောက်မှုသိသိသာသာ လျော့နည်းခဲ့ခြင်း၊ နွေရာသီ၏ရာသီဥတုအပူချိန်မြင့်တက်မှု လွန်ကဲခြင်းတို့ကြောင့် ဆည်ရေများ လျော့နည်းကျဆင်းလာပြီး စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ရေဆင်းရေလှောင်တမံ ရေကူဖြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရေဆင်းရေလှောင်တမံ ရေကူဖြည့်သွင်းနိုင်ရေး အစီအစဉ်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်နေ၍ မော်ကျွန်းမြို့ပြည်သူများ ဂရုပြုသွားလာ

**မော်လမြိုင်ကျွန်း မေ ၁၀**

မော်လမြိုင်ကျွန်းမြို့နယ်တွင် မေလဆန်းမှစပြီး ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း သိသိသာသာမြင့်တက်လာမှုကြောင့် ပြည်သူများ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေပူရှိန်မြင့်တက်ချိန်များတွင် ခရီးသွားလာမှု လျော့နည်းလာသည်ကို တွေ့ရသည်။

ယင်းမော်လမြိုင်ကျွန်းမြို့တွင် နေပူရှိန်မြင့်တက်ချိန်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားလာသူများသည် မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးနှင့် ဆိုက်ကားများကိုသာ အဓိကအားထားသွားလာကြရပြီး မဖြစ်မနေ ခြေကျင်ခရီးသွားလာသူများလည်း ခရမ်းလွန်ရောင်ခြည်ကို အကာအကွယ်ပြုနိုင်ရန်အတွက် ထီး၊ ဦးထုပ်များဆောင်းပြီး အရောင်ဖျော့အင်္ကျီလက်ရှည်ပွပွများကိုသာ ဝတ်ဆင်သွားလာသူများကို တွေ့မြင်ရသည်။ ယခုအခါ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်လျက်ရှိသဖြင့် အပူမြင့်တက်ချိန်များတွင် ခရီးသွားလာကြသော ပြည်သူများအနေဖြင့် ခရမ်းလွန်ရောင်ခြည်ဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ မထိတွေ့စေရန် သက်ဆိုင်ရာက သတိပေးထားကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ကချင်ပြည်နယ်အတွင်းရှိ အင်းများ လေလံတင်ရောင်းချ

**မြစ်ကြီးနား မေ ၁၀**

နှစ်စဉ် အင်းလုပ်ငန်းမစတင်မီ အင်းလုပ်ငန်းများအချိန်မီ ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ ပြည်နယ်အတွင်းရှိ အင်းဂရန်စုစုပေါင်း ၁၄၉ အင်းရှိရာ ၁၄၈ အင်းကို လေလံတင်ရောင်းချသည့် အင်းလေလံပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါအင်းလေလံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က အင်းလုပ်ငန်းလုပ်ကိုင်သူ အင်းသားကြီးများအနေဖြင့် လေလံပွဲတွင်လည်း ပြည်နယ်အတွက် ထိုက်သင့်သည့် အခွန်အခရရှိစေရန်နှင့် ဥပဒေနှင့်မညီညွတ်သော ငွေကြေးဆောင်ရွက်မှုများကို မပြုလုပ်ကြစေရန် လေလံဆွဲဝယ်သူများနှင့် တာဝန်ရှိဝန်ထမ်းများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယနေ့ လေလံပွဲတွင် မြစ်ကြီးနားခရိုင်အတွင်း ၃၇ အင်းရှိရာ မြစ်ကြီးနားမြို့နယ်တွင် ၁၁ အင်းအနက် ၁၀ အင်း၊ တနိုင်းမြို့နယ်တွင် အင်း ၂၀ အနက် ၁၅ အင်းနှင့် ဝိုင်းမော်မြို့နယ်တွင် ခြောက်အင်းအနက် လေးအင်းတို့နှင့် မိုညှင်းခရိုင်အတွင်း အင်း ၃၀ ရှိရာ မိုးညှင်းမြို့နယ်တွင် အင်းငါးအင်းအနက် လေးအင်း၊ မိုးကောင်းမြို့နယ်တွင် အင်းရှစ်အင်းအနက် ခြောက်အင်းနှင့် ဖားကန့်မြို့နယ်အတွင်း အင်း ၁၇ အင်း အနက် ၁၁ အင်းတို့ကို လေလံတင်ရောင်းချပေးနိုင်ခဲ့ပြီး မေ ၁၁ ရက်တွင် ဗန်းမော်ခရိုင်အတွင်းရှိ အင်း ၈၂ အင်းတို့ကို လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် အင်းများကို မေ ၂၄ ရက်တွင် ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# အမှတ်စဉ် (၆၆/၂၀၀၉) ဒုရဲအုပ်လောင်းသင်တန်းဆင်းများ (၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းလှူဒါန်း

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၆၆/၂၀၀၉) ဗလတပ်ခွဲတွင်တက်ရောက်ခဲ့ကြသော ရဲအရာရှိ သင်တန်းဆင်း (၆)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် စုပေါင်းလှူဒါန်းပွဲကို မေ ၈ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သာသနာ့ပါလဓမ္မရိပ်သာ မြိတ်ကျောင်း၌ ကျင်းပခဲ့သည်။

အမှတ်စဉ်(၆၆/၂၀၀၉) ဗလတပ်ခွဲကျောင်းဆင်း ရဲအရာရှိများစုပေါင်း၍ မြိတ်ကျောင်းတွင် ဆောက်လုပ်လျက်ရှိသော ဓမ္မစကူးကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းထည့်ဝင်လှူဒါန်းခဲ့ပြီး မြိတ်ကျောင်းတိုက်ဆရာတော် ဦးဝါသေဋ္ဌ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# နိုင်ငံအဝန်း၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်၍ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

**မကွေး မေ ၁၀**

အယ်နီညိုရာသီဥတုကြောင့် အညာမြေလတ်ဒေသ ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် မကွေးမြို့နယ်တို့တွင် ရေတွင်းရေကန်များခန်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ ရေအခက်အခဲဖြစ်ကြရသည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ မကွေးမြို့နယ် သက်ရင်းတောရွာတွင် အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၆၀ ကျော်တို့အတွက် သောက်သုံးရေ လိုအပ်နေသည်ဟု သိရသည်။ ၁၉၈၀-၁၉၈၁ ခုနှစ်က နိုင်ငံတော်က တူးဖော်ခဲ့သော စက်ရေတွင်းဟောင်းများသည် နှစ် ၃၀ ကျော်မှ ၅၀အထိ ကြာမြင့်ပြီဖြစ်ရာ သက်ရင်းတောရွာ စက်ရေတွင်းသည်လည်း လွန်ကျူးသည့်အတွက် ရေမရရှိတော့ဟု သိရသည်။ လတ်တလောရေရရှိရေးအတွက် ရွာထိပ် နဂါးချောင်းသို့သွားကာ လက်ယက်တွင်းမှ ရေသောက်ရရှာသည်။ ရေတစ်မှုတ်၊ ရေတစ်ပုံး၊ ရေတစ်အိုးရရှိရန် ယမန်နှစ်များက လက်ယက်တွင်းငယ်လေးများ တူးဖော်ကာ ရေစောင့်ခပ်ခဲ့ရသော်လည်း ယခုနှစ်တွင် တစ်ရွာလုံး သောက်သုံးရန် လက်ယက်တွင်း နှစ်တွင်းသာရှိတော့သည်။

မေ ၇ ရက်က မကွေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးညွန့်၊ စိုက်ပျိုးရေးပညာရှင် ဦးစိုးသွင်ဦးမောင်တို့ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲအဖွဲ့လိုက်ကွင်းဆင်းလာကြရာ "တစ်ရွာလုံးက ရေပဲလိုချင်တယ်။ ရွာကစက်တွင်းက အနှစ် ၃၀ ကျော်ဆိုတော့ လွန်ကျူးတယ်ပြောတယ်။ စက်တွင်းပျက်နေတယ်။ စက်ရေတွင်းအသစ်ပဲ တူးပေးနိုင်မလား။ သစ်သစ်၊ ဟောင်းဟောင်း အဓိကက ရေပဲလိုချင်တယ်။ ရေက လွဲလို့ ဘာမှမလိုချင်ပါဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

**မကွေး-ဝင်းမောင်**

# ခမွန်ကံကြီးကျေးရွာအုပ်စု၌ နွေစပါးစံကွက်ရိတ်သိမ်း

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမွန်ကံကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၃၈)၊ ဦးပိုင် (၄၆) တောင်သူ ဦးပေါက်တူး၏ လယ်မြေ နွေစပါးတစ်ဆက်တစ်စပ်တည်း ပုလဲသွယ် ဧက ၅၀ တွင် မေ ၇ ရက် နံနက်ပိုင်းက စပါးရိတ်သိမ်းပွဲပြုလုပ်ခဲ့သည်။

နွေစပါးရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလေးမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြေစာရင်းဦးစီးမှူးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

စံကွက်ရိတ်သိမ်းစဉ် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၅၈ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက GAP စနစ်ဖြင့် ဆောင်ရွက်မှု၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှုတို့ကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ **(ယာပုံ)**

**မနွယ်**



# (၄၉) ကြိမ်မြောက် အေဒီဘီနှစ်ပတ်လည်အစည်းအဝေး ဖရန့်ဖက်(တ်)မြို့တွင် ကျင်းပပြီးစီး

# မြန်မာနှင့်အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၀**

ဂျာမနီနိုင်ငံ ဖရန့်ဖက်(တ်)မြို့တွင် မေ ၂ ရက်မှ ၄ ရက်အထိ (၄၉)ကြိမ်မြောက် အေဒီဘီ နှစ်ပတ်လည်အစည်းအဝေး၊ ယင်းနှင့်တစ်ဆက်တစ်စပ်တည်း ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (19th AFMGM+3)၊ အာဆီယံ+၃ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် Euro System ဗဟိုဘဏ်ဥက္ကဋ္ဌတို့၏ အစည်းအဝေးတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဂျာမန်ဗဟိုဘဏ်နှင့် ဥရောပဗဟိုဘဏ်တို့တွင် ငွေကြေးမူဝါဒနှင့် ဗဟိုဘဏ်လုပ်ငန်းများ လေ့လာရေးခရီးစဉ်သွားရောက်သည်။




(၁၉)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို မေ ၂ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေးလုပ်ငန်း လမ်းညွှန်ချက်များ၊ အိုင်အမ်အက်(ဖ်)နှင့် မချိတ်ဆက်သည့် ချေးငွေပံ့ပိုးခြင်းလုပ်ငန်းစဉ်၊ AMRO ရုံး၏ ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံ+၃ ဒေသတွင်း မက်ခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးတည်ငြိမ်စေရေးအတွက် ဒေသဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းရေး လုပ်ငန်းစဉ်များကို ဒုတိယအကြီးအကဲများက ဆွေးနွေးညှိနှိုင်းအတည်ပြုခဲ့ကြပြီး အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြမည့် ပူးတွဲသတင်းထုတ်ပြန်ချက် (မူကြမ်း) အပေါ် ကြိုတင်ညှိနှိုင်းသုံးသပ်ဆွေးနွေးကြသည်။

မေ ၃ ရက်တွင် (၁၉)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းနှင့် ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့် မူဝါဒရေးရာသုံးသပ်ချက်များအား တင်ပြခဲ့ပြီး အဆိုပါတင်ပြချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက နိုင်ငံအလိုက် တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ဆက်လက်၍ အာဆီယံ+၃ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက လုပ်ငန်းတိုးတက်မှုအခြေအနေများအား သဘောတူ အတည်ပြုခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။ ထို့အပြင် 19th AFMGM+3 အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်အား အတည်ပြုထုတ်ပြန်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် Messe Frankfurt ၌ ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် အေဒီဘီနှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအား တက်ရောက်ခဲ့သည်။

မေ ၄ ရက်တွင် အာဆီယံ+၃ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် Euro System ဗဟိုဘဏ်ဥက္ကဋ္ဌများသည် European Central Bank ၌ ပူးတွဲအစည်းအဝေး (Joint Meeting) ပြုလုပ်ခဲ့ကြပြီး၊ ထိုအစည်းအဝေးတွင် ကမ္ဘာ့ငွေရေးကြေးရေး အကျပ်အတည်းပြီး နောက်ပိုင်း Export-led Growth အလားအလာနှင့် စိန်ခေါ်မှုများ၊ ငွေရေးကြေးရေး တည်ငြိမ်မှုရှိစေရေးအတွက် ဗဟိုဘဏ်များ၏ အခန်းကဏ္ဍနှင့် မက်ခရိုစီးပွားရေးဆိုင်ရာ မူဝါဒနည်းလမ်းများ စသည်တို့နှင့်စပ်လျဉ်း၍ အာရှနှင့် ဥရောပနိုင်ငံများ၏ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြသည်။

ယင်းနောက် International Monetary Fund (IMF)မှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Mitsuhiro Furusawa နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံသို့ ကျွမ်းကျင်မှုနည်းပညာအကူအညီ ဆက်လက်ပေးရေးနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး အတွက် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးကြသည်။

ဂျာမန်ဗဟိုဘဏ်နှင့် ဥရောပဗဟိုဘဏ်သို့ လေ့လာရေးခရီးစဉ်တွင် ငွေကြေး မူဝါဒနှင့် ဗဟိုဘဏ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဂျာမန်ဘဏ်လုပ်ငန်းကဏ္ဍတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း စသည်တို့ကို ဆွေးနွေးလေ့လာသည်။

ထို့ပြင် German Federal Ministry for Economic Cooperation and Development (BMZ) နှင့် Deutsche Gesellschaft Für Internationale Zusammenarbeit (GIZ) GmbH တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဗဟိုဘဏ်ဝန်ထမ်းများ စွမ်းရည်တိုးမြှင့်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံဘဏ်များ နိုင်ငံတကာစာရင်းကိုင် စံသတ်မှတ်ချက် (International Financial Reporting Standard-IFRS) နှင့်အညီ စာရင်းရေးသွင်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာအကူအညီပေးရေးလုပ်ငန်းများကို ဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပိုလီယိုပိုးအမျိုးအစားသုံးမျိုးပါဝင်သော အစက်ချတိုက်ဆေး ဖျက်ဆီးမြှုပ်နှံ

**မကွေး မေ ၁၀**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် မေ ၉ ရက် နံနက် ၉ နာရီက topv (ပိုလီယိုပိုးအမျိုးအစားသုံးမျိုးပါဝင်သော အစက်ချတိုက်ဆေး) ဆေးပုလင်းပေါင်း ၃၇၃၄ လုံးကို ဖျက်ဆီးမြှုပ်နှံ စွန့်ပစ်ခြင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဖျက်ဆီးမြှုပ်နှံ စွန့်ပစ်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာချမ်းမြေ့အေးသောင်က “topv(ပိုလီယိုပိုးအမျိုးအစား သုံးမျိုးပါဝင်သော အစက်ချတိုက်ဆေး)ကို ဖျက်ဆီးစွန့်ပစ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ၂၀၁၂ ခုနှစ်က စတင်ပြီး ပိုလီယိုအရိုင်းပိုးကို မတွေ့ရတော့ပါဘူး။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်၌ ပိုးအမျိုးအစားသုံးမျိုးပါဝင်တဲ့ topv (trivalent oral polio vaccine)မှ ပိုးအမျိုးအစားနှစ်မျိုးပါဝင်သော bopv (bivalent oral polio vaccine)သို့ ပြောင်းလဲသုံးစွဲခြင်းကို ၂၀၁၆ခုနှစ် ဧပြီ ၂၉ ရက်တွင် ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ပိုလီယိုအကြောသေရောဂါပပျောက်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၁၈)၊ Polio End Game Strategy ရဲ့ ရည်မှန်းချက်(၂)ဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေးလုပ်ငန်း အားဖြည့်ဆောင်ရွက်ခြင်းနှင့် ပါးစပ်မှ တိုက်သော ပိုလီယိုကာကွယ်ဆေးကို ဖယ်ရှားခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပိုလီယိုအရိုင်းပိုးကိုသာမက ကာကွယ်ဆေးအသွင်ပြောင်း ပိုလီယိုပိုးကိုပါ ကမ္ဘာပေါ်မှ အပြီးသတ် ပျောက်ကွယ်သွားပြီး ပိုလီယိုကင်းစင်သော ကမ္ဘာဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

ထိုသို့ ဆေးပုလင်းများ မြှုပ်နှံဖျက်ဆီးရာတွင် တိုင်းဒေသကြီး topv မှ bopv သို့ ပြောင်းလဲသုံးစွဲခြင်း အစီအစဉ် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး topv ဆေးပုလင်းပေါင်း ၃၇၃၄ လုံးကို ကွန်ကရစ်ကျင်းအတွင်း အင်္ဂတေမံကာ ဖျက်ဆီးမြှုပ်နှံစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၁၁-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ -မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း (လက်လီလုပ်ငန်းဖြင့် ကိုယ်ပိုင်စီးပွားရေးတစ်ခု စတင်ခြင်း) (အပိုင်း -၃)

၈း၃၅ - Travelogue(တောင်ကျကျေးရွာရေပူစမ်း)

၉း၃၅ - ၂၀၁၆ ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင် သတိပြုဖွယ်ရာများ

၁၁း ၃၅ - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်

၁၄း၁၅ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ဒါရိုက်တာ-ပွင့်သီဂီဇော်)

**ညပိုင်း**

၁၆း၃၅ - Football Magzine (ရန်ကုန်ယူနိုက်တက် အသင်း)

၁၇း၁၅ - **မြန်မာ့လေ့ရိုးရာလက်ဖွဲ့ စောထူးဇော်နှင့် စောဒါဝိတ်**

၁၈း၃၅ - ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ “ဖြိုပ်မွှေတဲ့ငွေ” ညောင်ညောင်၊ ဟန်နီမောင်မောင်၊ ရွှေဖူးစာ (ဒါရိုက်တာ ညီညီဘမောင်)

၁၉း၁၅ -နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါ ဂင်ချီ” (အပိုင်း -၁၈)

၂၀း၀၀ - ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၁၈)
-ဂီတာသမား၊ ဂီတာစကား “မဟာဂီတ (ယိုးဒယား)

**မှတ်ချက်။ ။ နာရီစဉ် တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**



# ရှုမငြီးတဲ့ ချစ်သမီးသို့

**တိုက်မောင်း**

**သမီးရေ -**

ဘာလိုလိုနဲ့ သမီးတို့ရဲ့ နွေရာသီကျောင်းပိတ်ရက်တောင် မကြာခင် ကုန်ဆုံးတော့မယ်နော်။ တကယ်တော့ နွေရာသီကျောင်းပိတ်ရက်ဟာ သမီးတို့ တစ်နှစ်ပတ်လုံး စာတွေတကုန်းကုန်းကျက်ခဲ့ရတဲ့ ပင်ပန်းမှုတွေအတွက် အနားယူဖို့ အားလပ်ရက် ပေးထားတာပဲသမီး။

အဖေ့ရဲ့ဆန္ဒကတော့ သမီးကို လွတ်လွတ်လပ်လပ်အနားယူစေချင်တာပဲ။ ဒါမှသမီးတို့ ကျောင်းပြန်ဖွင့်လို့ အတန်းသစ်တက်တဲ့အခါ သင်ခန်းစာတွေကို လတ်ဆတ်တဲ့ ဦးနှောက်တွေနဲ့ အာရုံစူးစိုက်ပြီး သင်ကြားနိုင်လိမ့်မယ်လို့ ဖေဖေ ထင်တယ်။

ဒါပေမယ့် အဖေ့ဆီကိုပြီးခဲ့တဲ့လကတည်းက သမီးရေးခဲ့တဲ့စာထဲမှာ သမီးက ယဉ်ကျေးလိမ္မာသင်တန်းတက်နေရကြောင်း၊ သင်္ကြန်ပြီးရင် လာမယ့်အတန်းသစ်အတွက် သူငယ်ချင်းတွေက ကျူရှင်တက်ကြတော့မယ့်အကြောင်း ဖတ်ခဲ့ရတယ်။ အဖေ့ဆန္ဒက ဘယ်လိုရှိပေမယ့် သမီးလေးက မြန်မာမိန်းကလေးဖြစ်တာကြောင့် ယဉ်ကျေးလိမ္မာသင်တန်းတက်တာကိုတော့ အဖေအားပေးပါတယ်။

သမီးကို အဖေပြောပြချင်တာလေးတွေရှိတယ်။ ဒါတွေဟာ သမီးဘဝအတွက် အသုံးတည့်မှာပါ။ မြန်မာမိန်းကလေးဆိုတာ ဟိုးရှေးယခင်ကတည်းက ဗိုင်းကောင်းကျောက်ဖိ နေခဲ့ကြတာကွဲ့။ ဗိုင်းကောင်းကျောက်ဖိဆိုတာကတော့ သမီးလေး နားလည်အောင်ရှင်းပြရရင် လျှပ်ပေါ်လော်လီတာမျိုးမဟုတ်ဘဲ ဣန္ဒြေရှိရှိ လမ်းလျှောက်ခြင်း၊ လုံလုံခြုံခြုံဝတ်စားဆင်ယင်ခြင်း၊ စကားကို တိုးညင်းစွာ ပြောဆိုခြင်း၊ လူကြီးသူမရှေ့မှာ ယဉ်ကျေးစွာနေထိုင်ခြင်း စတာတွေကို ဆိုလိုတာပဲသမီး။ အခုဆိုရင်သမီးက အလယ်တန်းကျောင်းသူကြီးတောင်ဖြစ်နေပြီဆိုတော့ ဒီလိုအပြုအမူ၊ အကျင့်အကြံ၊ အနေအထိုင်တွေကို အခုကတည်းကစပြီး သင်ယူသင့်နေပြီလို့ အဖေထင်တယ်သမီး။

အခုခေတ် မိန်းကလေးအချို့ဟာ စကတ်တိုတိုနဲ့ အရှက်လုံရုံတစ်မည် ဝတ်ဆင်နေကြတာကို သမီးမြင်တွေ့ဖူးပါတယ်။ အပြင်ထွက်ရင် ပတ်ဝန်းကျင်ကို အမြင်ရှက်စရာဖြစ်စေတဲ့ ဒီလိုဝတ်စားဆင်ယင်မှုမျိုးဟာ အဖေတို့ မြန်မာမိန်းကလေးတွေရဲ့ မူရင်းမဟုတ်ဘူးသမီး။ ဒါတွေဟာ တခြားနိုင်ငံက ကူးစက်လာတဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးပဲသမီး။ များသောအားဖြင့်တော့ အဖေတို့ မြန်မာပရိသတ်ကို ဖမ်းစားနိုင်တဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေထဲက မင်းသား၊ မင်းသမီးတွေကို အားကျအတုခိုးလာကြတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေပဲ သမီး။

အဖေကတော့ သမီးလေးကို အဲဒီလို မြန်မာမဆန်တဲ့၊ လုံခြုံမှုမရှိတဲ့၊ မောင်နှမသားချင်း ကြည့်လို့မှ အမြင်မတော်တဲ့ ဝတ်စားဆင်ယင်မှုမျိုးကို အားမကျစေချင်ဘူး။ ခေတ်မီတာနဲ့ လော်လီတာ အဓိပ္ပာယ်မတူဘူးဆိုတာ သမီးလေးကွဲကွဲပြားပြား သိထားသင့်တယ်။ သမီးက ငယ်သေးတယ်ဆိုပေမယ့် အတုမြင်အတတ်သင်ဆိုတာမျိုး ဖြစ်မှာစိုးလို့ အဖေက ကြိုတင်ပြောပြထားတာပါ။

**သမီးရေ-**

ပြီးခဲ့တဲ့အပတ်ကတည်းက သမီးရဲ့မေမေက အဖေ့ဆီ ဖုန်းဆက်တဲ့အထဲမှာ သမီးလေးအကြောင်းလည်း ပါတယ်။ အခုတလော သမီးက မနက် ၈ နာရီလောက်မှ အိပ်ရာက ထတဲ့အကြောင်း၊ အိပ်ရာကိုလည်း သေချာမသိမ်းဆည်းတဲ့အကြောင်း၊ နောက်ပြီး ဘုရား သောက်တော်ရေပုံမှန်မလဲတဲ့အကြောင်း၊ ပြီးရင် ဘုရားရှိခိုးတာလည်း မကြာမကြာ ပျက်ကွက်နေတဲ့အကြောင်းတွေပေါ့။

**သမီးရေ--**

အဖေ နယ်ကိုမသွားခင်တုန်းက သမီးရယ်၊ ကိုကိုရယ်ကို အဖေ ဘာတွေလေ့ကျင့်ပေးခဲ့တယ်ဆိုတာ မေ့သွားပြီလား။ သမီးရဲ့ အိပ်ရာထချိန်ဟာ ကျောင်းဖွင့်ရက်မှာ မနက် ၆ နာရီ၊ ကျောင်းပိတ်ရက်မှာ မနက် ၆ နာရီခွဲ သတ်မှတ်ပေးထားတယ်လေ။ အိပ်ရာထပြီးပြီးချင်း အိပ်ရာကို စနစ်တကျသိမ်းဆည်းဖို့၊ ပြီးရင် မျက်နှာသစ်ပြီးမှ သွားတိုက်ဖို့ရယ်၊ ပြီးတော့ ဘုရားသောက်တော်ရေအသစ်လဲဖို့၊ နောက်ပြီး သမီးရဲ့

**အခုခေတ် မိန်းကလေးအချို့ဟာ စကတ်တိုတိုနဲ့ အရှက်လုံရုံတစ်မည် ဝတ်ဆင်နေကြတာကို သမီး မြင်တွေ့ဖူးပါတယ်။ အပြင်ထွက်ရင် ပတ်ဝန်းကျင်ကို အမြင်ရှက်စရာဖြစ်စေတဲ့ ဒီလိုဝတ်စားဆင်ယင်မှုမျိုးဟာ အဖေတို့ မြန်မာမိန်းကလေးတွေရဲ့ မူရင်းမဟုတ်ဘူး သမီး။ ဒါတွေဟာ တခြားနိုင်ငံကကူးစက်လာတဲ့ ဗိုင်းရပ်စ်ပိုး တစ်မျိုးပဲသမီး။ များသောအားဖြင့်တော့ အဖေတို့ မြန်မာပရိသတ်ကို ဖမ်းစားနိုင်တဲ့ ကိုရီးယားဇာတ်လမ်း တွဲတွေထဲက မင်းသား၊ မင်းသမီးတွေကို အားကျအတုခိုးလာကြတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေပဲ သမီး**

ကိုကိုနဲ့အတူ ဘုရားရှိခိုးရမယ်။ ပါဠိပါဌ်ဆင့်တွေ ဘယ်လိုအသံထွက်ရမယ်ဆိုတာ အဖေနဲ့အတူတူ ပဋ္ဌာန်းအကျယ်ရွတ်ခဲ့တာကို သမီးလေး မေ့ပစ်လိုက်လို့မရဘူးနော်။

ဒါတွေဟာ အဖေတို့ မြန်မာမိသားစုတွေရဲ့ နေ့စဉ် နံနက်ပိုင်းမှာ ပုံမှန်ပြုလုပ်သင့်တဲ့ ကောင်းမွန်တဲ့အစဉ်အလာတွေပဲ သမီး။ အဲဒီလိုအကျင့်ကောင်းတွေကို သမီးတို့ ယဉ်ကျေးလိမ္မာ သင်တန်းတွေမှာလည်း သင်ကြားပေးတယ်မဟုတ်လား။ သမီးလေး အဖေ့စာဖတ်ပြီးတဲ့အချိန်ကစပြီး ပျက်ကွက်နေတဲ့ အလေ့အကျင့်လေးတွေကို ပုံမှန်ပြန်ပြီးဆောင်ရွက်ဖို့ အဖေအလေးအနက်ထား တိုက်တွန်းချင်တယ်သမီး။

အဖေပြောဖို့ တစ်ခုကျန်သွားတယ်။ အခုတလော သမီးရဲ့ဖုန်းနဲ့ ဂိမ်းတွေဆော့ကစားနေတာ ဆက်တိုက်ဖြစ်နေတယ်လို့ သမီးရဲ့အမေ ဖုန်းဆက်တဲ့အထဲမှာ ပြောသေးတယ်။ သမီးလေးရေ - - သမီးတို့ရဲ့ခေတ်ကာလဟာ နည်းပညာတွေ တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ မွေးဖွားလာလို့ အဖေဝမ်းသာမိပါတယ်။ ဒါပေမယ့် သမီး နည်းပညာဆိုတာ မိမိတို့ဘဝနဲ့ လူမှုပတ်ဝန်းကျင်ကို တိုးတက်မြင့်မားဖို့ မှန်ကန်တဲ့ နည်းလမ်းနဲ့ သုံးစွဲသူအဖို့ အကျိုးသက်ရောက်မှုရှိသလောက်၊ မိမိအတွက်လည်း အချိန်ကုန် ငွေကုန်၊ ပတ်ဝန်းကျင်ကိုလည်းထိခိုက်ပျက်စီးစေမယ့်နေရာမှာ တလွဲအသုံး ပြုမိခဲ့ရင် ဆိုးကျိုးတွေကိုပဲဖြစ်ပေါ်လာတတ်တယ်သမီး။

သမီးတို့ထက်ကြီးတဲ့ အချို့ အထက်တန်းကျောင်းသား ကျောင်းသူတွေအရွယ်ဆိုရင် Internet တို့ Facebook တို့တောင် အသုံးပြုနေတတ်ပြီလို့ အဖေသိထားတယ်။ Internet ဆိုတာ သမီးတို့အရွယ် နားလည်အောင် လွယ်လွယ်ပြောရရင် Information လို့ခေါ်တဲ့ သတင်းအချက်အလက်တွေ သိုလှောင်ထားပြီး အသုံးပြုလိုတဲ့အခါ အလွယ်တကူရှာဖွေလို့ရတဲ့ ကွန်ရက်ကြီးတစ်ခုပေါ့။

Facebook ဆိုတာကတော့ သူငယ်ချင်းအချင်းချင်း အလွယ်တကူ ဆက်သွယ်လို့ရတဲ့ လူမှုကွန်ရက်တစ်ခုပါပဲ သမီး။ Facebook ဟာလည်း သတင်းတွေစီးဆင်းရာမှာ မြန်ဆန်သလို "သုံးတတ်ရင်ဆေး မသုံးတတ်ရင်ဘေး" ဖြစ်တတ်တယ်သမီး။ တစ်ခါတစ်ရံမှာ "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဆိုသလို မီးလောင်ရာလေပင့်တဲ့ စကားလုံးတွေကြောင့် လူတစ်စု၊ အဖွဲ့အစည်းတစ်ခုကနေစပြီး နိုင်ငံအဆင့်စစ်ပွဲတွေအထိ ဦးတည်သွားနိုင်တယ်လို့ အဖေယူဆတယ်သမီး။ နောက်တစ်ခုကတော့ အနီးကလူတွေကို ဝေးကွာစေပြီး အဝေးကလူတွေကို နီးစေနိုင်တဲ့ အာနိသင်ရှိတယ် သမီး။ သမီးလေးကငယ်သေးတော့ ဒါတွေကို အသုံးမပြုစေချင်သေးဘူး။

"ဂိမ်းလုံးဝမဆော့ပါနဲ့" လို့ ပိတ်ပင်တာမျိုးတော့ အဖေမပြောလိုပေမယ့် သမီးလေး တစ်ခါတစ်ရံမှာ ကစားချင်ရင် ၁၅ မိနစ်၊ မိနစ် ၂၀ စသဖြင့် ကစားဖို့၊ အချိန်အကြာကြီး တစ်ဆက်တည်းမကစားဖို့ ပြောချင်တာပဲသမီး။

**သမီးရေ - -**

စာလည်းရှည်သွားပြီ။ နောက်အတန်းသစ်အတွက် သမီးလည်းစာတွေ ကြိုတင်လေ့လာဖို့အချိန်ရှိဦးမယ်။ ဒါကြောင့် အဖေ့ရဲ့စာကို ဒီနေရာမှာပဲ အဆုံးသတ်လိုက်တော့မယ်။ နောက်လကျမှပဲ သမီးရဲ့အနာဂတ်ပန်းတိုင်ကို ဘယ်လိုချမှတ်ရမယ်ဆိုတာ ဆက်ရေးတော့မယ်။ နောင် ရင့်ကျက်လာတဲ့ ဒီမိုကရေစီနိုင်ငံအတွက် "အုတ်တစ်ချပ် သဲတစ်ပွင့်"အဖြစ်နဲ့ ပါဝင်ဆောင်ရွက်နိုင်တဲ့ အရည်အသွေးပြည့်မီတဲ့ သမီးရတနာလေးဖြစ်ပါစေလို့ ဆုတောင်းရင်း ---

**အဝေးရောက်ဖေဖေ တိုက်မောင်း**

* ရှေ့ဖုံးမှ

ရန်ကုန်မြို့ အမေရိကန်စင်တာတွင် ယနေ့ နံနက် ၁၁ နာရီက ပြုလုပ်သည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်၏ မြန်မာပြည်သူများနှင့် ပထမဆုံးအကြိမ်တွေ့ဆုံပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အမြဲထောက်ခံခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အလွန်အလေးထားပါတယ်။ အမေရိကန်အနေနဲ့ ပြည်ပအစိုးရဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုအပေါ် ဝင်ရောက်စွက်ဖက်တာမျိုး၊ ဩဇာလွှမ်းမိုး ဖိအားပေးတာမျိုး လုပ်ဖို့မရှိပါဘူး။ မြန်မာ့ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံက ပြည်သူတွေကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ အခြားအကူအညီတွေအတွက် လိုအပ်တယ်ဆိုရင်တော့ အမေရိကန်နိုင်ငံအနေနဲ့ ဝမ်းမြောက်ဝမ်းသာစွာ ကူညီထောက်ပံ့သွားမှာပါ" ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်က ပြောသည်။

မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပတ်သက်သည့် အမေရိကန်နိုင်ငံ၏ သဘောထားအမြင်များ၊ ခြေလှမ်းမှန်မှန် လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများအကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် အစိုးရသစ်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အကြောင်းတို့ကို အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ အစိုးရအရာရှိများနှင့် သတင်းမီဒီယာများအား အမေရိကန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ဆောင်ရွက်မည့် ကုန်သွယ်ရေးနှင့် ပညာရေးကဏ္ဍအတွက် အမေရိကန်သံအမတ်ကြီးက "ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ကုန်သွယ်မှုမြှင့်တင်သွားမယ်။ နှစ်နိုင်ငံပြည်သူတွေ အကျိုးစီးပွားဖြစ်ထွန်းမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်သွားမယ်။ ပညာရေးဖလှယ်မှုအနေနဲ့ မြန်မာကျောင်းသားတွေ အမေရိကန်မှာ ပညာသင်ယူနိုင်အောင် ဆောင်ရွက်မယ်။ လက်ရှိမှာလည်း မြန်မာနိုင်ငံသားတွေအနေနဲ့ ပညာရပ်ဆိုင်ရာ အရင်းအမြစ်တွေကို ပိုမိုရှာဖွေနိုင်အောင် ကျွန်တော်တို့ အမေရိကန်စင်တာအသစ်တစ်ခုကို တည်ဆောက်နေပါပြီ" ဟု ပြောသည်။



မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်မည့် အခြေအနေနှင့်စပ်လျဉ်း၍ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ် မီဒီယာများအား ပြောကြားစဉ်

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ် ပြောကြားသည့် မိန့်ခွန်းတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုအသိုက်အဝန်းနှင့် ဘာသာရေး၊ စီးပွားရေး၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံတပ်မတော်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ သဘောထားကို ကဏ္ဍအလိုက်ခွဲ၍ ပြောကြားခဲ့သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၁၀ -** မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် ရန်ကုန်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။
**(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနဖွဲ့စည်းရန်ကိစ္စ ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်



**နေပြည်တော် မေ ၁၀**

နိုင်ငံတော်သမ္မတထံမှပေးပို့သော **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းရန်ကိစ္စ**ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်လိုက်သည်။ **(ယာပုံ)**

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို မေ ၅ ရက်ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းခြင်းမရှိသည့်အတွက် ယနေ့အစည်းအဝေး၌ လွှတ်တော်၏ အဆုံးအဖြတ်ရယူသဘောတူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတထံမှပေးပို့သော **မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးရန်ကိစ္စကိုလည်း** သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

လက်မှတ်ရေးထိုးရန်ကိစ္စနှင့်ပတ်သက်၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က မြန်မာ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါက စက်မှုအတတ်ပညာနှင့် စစ်လက်နက်နည်းပညာ ခေတ်နောက်ကျကျန်ခဲ့သည့်အတွက် ကိုလိုနီကျွန်ဘဝရောက်ခဲ့ကြောင်း၊ လက်နက်အင်အားမတောင့်တင်းမခိုင်မာပါက အိမ်နီးချင်းနိုင်ငံများကပါ မလေးမစား အထင်အမြင်သေးတတ်ကြောင်း၊ နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုကို ထိန်းသိမ်းကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးမည့်ကိစ္စကို ကြိုဆိုထောက်ခံကြောင်းဆွေးနွေးပြီး ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက မိမိတို့နိုင်ငံသည် စီးပွားရေးနှင့်စစ်ရေးအင်အားကြီးမားသည့် နိုင်ငံနှစ်ခုအကြား တွင်ရှိသည့် နိုင်ငံငယ်လေးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြစ်နေရန် လွန်စွာအရေးကြီးကြောင်း၊ ယခုကဲ့သို့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့တပ်မတော်၏စွမ်းရည်ကို ထက်မြက်စေနိုင်သော်လည်း ခေတ်မီတပ်မတော်ကြီးဖြစ်လာစေရန်အတွက် နိုင်ငံ၏နေအင်အားသည် အလွန်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏နေအင်အား တောင့်တင်းခိုင်မာရန်အတွက် နိုင်ငံတော်ငြိမ်းချမ်းပြီး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျကြောင်း ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်က ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတပ်မတော်ကို စွမ်းရည်တိုးမြှင့်ပြီး ခေတ်မီရန် ဘက်စုံနည်းလမ်းများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း နိုင်ငံတကာ တပ်မတော်များ၏ ဆောင်ရွက်ပုံနည်းလမ်းများနှင့် အတွေ့အကြုံများကို သိရှိခြင်းအားဖြင့် မြန်မာ့တပ်မတော်ကို Standard Army အဖြစ် မြှင့်တင်ရာတွင် အထောက်အကူရရှိစေမည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် နှစ်နိုင်ငံ နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ သဘောထားအမြင်နှင့် သတင်းအချက်အလက်များဖလှယ်ရေး၊ နိုင်ငံတကာလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များတွင် သဘောထားအမြင်နှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ နှစ်နိုင်ငံတပ်မတော်များ၏ လုပ်ငန်းများနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များဖလှယ်ရေး၊ စစ်ဘက်ဆိုင်ရာ ဆေးပညာအတွေ့အကြုံဖလှယ်ရေး၊ စစ်သုံးမြေပုံ၊ စစ်သုံးရေပုံရေးဆွဲရေး၊ အားကစား၊ ယဉ်ကျေးမှုနှင့် တပ်မတော်သားများ၏ ပြန်လည်သန်စွမ်းရေးကဏ္ဍများတွင် ဆက်ဆံမှုတိုးမြှင့်ရေး၊ ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ရေး၊ ငြိမ်းချမ်းရေးအထောက်အကူပြုလုပ်ငန်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးနှင့် ပညာရေးနယ်ပယ်ဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေးကိစ္စရပ်များ ပါဝင်သည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက **အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဘင်းမ်စတက်ကွန်ဗင်းရှင်း** (BIMSTEC Convention) **သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ မေ ၁၂ ရက် နောက်ဆုံးထား၍ အမည်တင်သွင်းကြရန် အသိပေးကြေညာသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ဒုတိယဝန်ကြီးက ဘင်းမ်စတက်အဖွဲ့ဝင် ခုနစ်နိုင်ငံအနက် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ သီရိလင်္ကာတို့မှ အတည်ပြုဝင်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြန်မာ၊ ဘူတန်နှင့် နီပေါနိုင်ငံတို့ အတည်ပြုရန် ကျန်ရှိနေပါကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်းသည် မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ဆန့်ကျင်မှုမရှိသည့်အပြင် ဥပဒေရေးရာအရ ချည်နှောင်မှုမရှိသည်ကိုလေ့လာတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းကွန်ဗင်းရှင်းတွင် အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

ဘင်းမ်စတက်အဖွဲ့အစည်းသည် ဒေသတွင်းနိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအပြင် ယနေ့ နိုင်ငံတကာတွင် ခြိမ်းခြောက်မှုအန္တရာယ်အမြင့်မားဆုံးဖြစ်ပွားနေသော အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့တွင် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းရည်မြှင့်တင်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့တွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ-အိန္ဒိယ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်လည်း ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် နယ်စပ်ဒေသများတွင် ရင်ဆိုင်ဖြေရှင်းနေရသည့် မူးယစ်ဆေးဝါးပြဿနာနှင့် နယ်စပ်ဒေသမှုခင်းများတားဆီးနှိမ်နင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဘက်စုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဘင်းမ်စတက်အဖွဲ့အစည်းကို ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့က နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် စတင်တည်ထောင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။ ဘင်းမ်စတက်အဖွဲ့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တန်ပြန်တိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပြည်သူအချင်းချင်းဆက်ဆံရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကဏ္ဍများတွင် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

## ရေကြီးမှုကြောင့် ကျိုးပေါက်သွားသော မြစ်မခရေကာတာ မိုးမကျမီ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမည်

**နေပြည်တော် မေ ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မေ ၁၁ ရက် **(ယနေ့)** ၁၀ နာရီတွင်လွှတ်တော် အဆောက်အအုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက လက်ပံတန်းမြို့နယ်အတွင်းရှိ ကြံခိုင်မှု အားနည်းနေသော ရောဝတီရေကာတာနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ကျိုးပေါက်သွားခဲ့သော မြစ်မခရေကာတာတို့အား ၂၀၁၆ မိုးမကျမီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကလေးမြို့နယ်သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆိုးရွားလှသည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်မြေဧက ၄၀၀၀ ကျော် ရေပေးဝေနိုင်သည့် မြောင်းချောင်းဆည်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၊ လှိုင်လင်မြို့နယ်၊ ပင်လုံဒေသ၊ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ တာပူရေချောင်းအား ဖြတ်ကျော်ရန် သံကူကွန်ကရစ်တံတား အလျား ၃၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းတို့ကို မေးမြန်းကြမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားပေးမည်ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းသော **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၇၊ ကော်လံ-၃၊ စာကြောင်း-၁၄ တွင်ပါရှိသော ဥပဒေယန္တရား ဆိုသည့်စာသား **အစား** အုပ်ချုပ်ရေးယန္တရားဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**

## ဖားကန့်မြေစာပုံပြိုကျ၍ အသက်ဆုံးရှုံးမှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမည်

**နေပြည်တော် မေ ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကို မေ ၁၁ ရက် **(ယနေ့)** တွင် လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းနယ်မြေ၌ အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်ခြင်း၊ စည်းကမ်းမဲ့မြေစာစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုးရွားစွာပျက်စီးခြင်း၊ မြေစာပုံပြို၍ အသက်ဆုံးရှုံးမှုများဖြစ်ခြင်းတို့ကြောင့် ဒေသခံများကိုယ်တိုင်က ဆန့်ကျင် တားမြစ်နေရခြင်းတို့ဖြစ်ပွားနေရာ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများအား ဥပဒေနှင့်အညီ စနစ်တကျ အချိန်မီ တားမြစ်ပေးရန် အစီအစဉ် ရှိ / မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသား မရှိဆင်းရဲသားပြည်သူများအပေါ် ကျူးကျော်သူများဟုစွပ်စွဲကာ တရားရုံးအမိန့်ဒီကရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက်အင်အားသုံးပြီး ဖျက်ဆီးဖယ်ရှားခဲ့သည့်အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက် ဘဝများ ပျက်စေသည့်လုပ်ရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့ များမှ အဘယ့်ကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းများမေးမြန်းမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားမည်ဖြစ်သည်။

ထို့အပြင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌကတင်သွင်းသော ပြည်သူ့ကောင်စီဥပဒေ(ဥပဒေ အမှတ် ၈ / ၁၉၇၄) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးကတင်သွင်းသော နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀ / ၁၉၇၄) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတို့အားအတည်ပြုရန် လွှတ်တော်ဥက္ကဋ္ဌ၏အဆုံးအဖြတ်ရယူခြင်းတို့ဆောင်ရွက်မည်ဖြစ်သည်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းနှင့် ယင်းဥပဒေကြမ်းတို့အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်းတို့ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် တိုက်ပွဲရှောင်ပြည်သူများနှင့်ပတ်သက်ပြီး အရေးကြီးအဆိုတင်သွင်း

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ဒုက္ခရောက်နေကြသော တိုက်ပွဲရှောင်ပြည်သူများအတွက် စားဝတ်နေရေးနှင့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများကို မိုးမကျမီ ပြည်နယ်အစိုးရအဖွဲ့က အမြန်ဆုံးအကူအညီပေးသင့်ကြောင်း အရေးကြီးအဆိုတစ်ခုကို မေ ၁၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့၌ ကျောက်ဖြူမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်လွင်က တင်သွင်းခဲ့ကြောင်း သိရသည်။ ယင်းအဆိုနှင့်ပတ်သက်ပြီး ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလှအောင်သိန်းက ထောက်ခံခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားများထံမှ သဘောထားများ တောင်းခံခဲ့ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မှတ်တမ်းအဖြစ်ထားသင့်သည်ဟု အကြံပြုခဲ့သည့်အတွက် လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်မည်ဟု ပြုလုပ်ထားသော်လည်း နောက်ပိုင်းတွင် မဲခွဲစရာမလိုအပ်ဘဲ ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြောင်းသိရသည်။

ယင်းအဆိုကို မေ ၁၁ ရက်တွင် ကျင်းပမည့် ရခိုင်ပြည်နယ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး တတိယနေ့တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့ သည်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်စသည့် မြို့နယ်များသို့ ခိုဝင်လာသူ အိမ်ထောင်စု ၃၉၀၊ လူဦးရေ ၁၉၀၀ ကျော်ခန့် ရောက်ရှိနေပြီး ပြည်နယ်အစိုးရအဖွဲ့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပေးကာ ယင်းဒေသခံများအတွက် ဆန်၊ ဘီစကစ်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မိုးကာစများ၊ နို့မှုန့်၊ ဆေးစိမ်ခြင်ထောင်၊ ဆေးသေတ္တာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပြောသည်။

**သတင်း - မြတ်ဝေ**

**ဓာတ်ပုံ - ရန့်တိုက်ပွဲရှောင်ဒေသခံများ**



တိုက်ပွဲရှောင်ပြည်သူများအား ကယ်ဆယ်ရေးစခန်းတစ်ခု၌ တွေ့ရစဉ်

# တိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်များ လှူဒါန်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေး

**သီပေါ မေ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် နေရာဒေသအချို့တို့တွင် RCSS / SSA (ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ) အဖွဲ့နှင့် TNLA ပလောင်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ဒေသခံပြည်သူများ တိမ်းရှောင်ထွက်ပြေးနေရကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသား သွေးချင်းညီနောင်များအပေါ် ကိုယ်ချင်းစာတရားနှင့် ကရုဏာရှေ့ထားပြီး တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း ကူညီလှူဒါန်းလျက်ရှိကြရာ ရွှေဂူဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ တိုက်ပွဲရှောင်ခိုလှုံလျက်ရှိသော သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု ပန်ခါးရွာမှ အိမ်ထောင်စု ၅၀ ကျော် တိုက်ပွဲရှောင်ဒေသခံ ၃၄၄ ဦးတို့အား ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးခင်မောင်ညွှန့် ဦးဆောင်သော ခရိုင်ရဲတပ်ဖွဲ့မိသားစုတို့သည် မေ ၁၀ ရက်က တန်ဖိုးငွေကျပ် ၁၂ သိန်းခန့်ရှိ ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းခဲ့ကြသည်။ (ဓါတ်ပုံ)



တိုက်ပွဲရှောင် ပြည်သူများ၏ ကျန်းမာရေးအတွက် သီပေါပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သူနာပြုသင်တန်းကျောင်း ဒီပလိုမာသင်တန်း ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**နေပြည်တော် မေ ၁၀**

နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန သူနာပြုသင်တန်းကျောင်း၌ သူနာပြုဆရာ၊ ဆရာမလောင်းလျာများအတွက် ဒီပလိုမာ သုံးနှစ်တာသင်တန်းကာလ၏ သင်တန်းအကြိုကာလ ပထမခြောက်လ သင်ယူစစ်ဆေးခဲ့ပြီး အောင်မြင်သည့် ပထမနှစ်သူနာပြုသင်တန်းသား၊ သင်တန်းသူများအတွက် သတ်မှတ်ထားသော အဆောင်အယောင် ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ နွဲ့နွဲ့ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပထမနှစ် ဒီပလိုမာသင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများအပ်နှင်းပေးကြပြီး ဆုရသင်တန်းသား၊ သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

# ကံမမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုထပ်မံဖြစ်ပွားပြီး သစ်ပင်များပြိုလဲ၍ အဆောက်အအုံများပျက်စီး

**ကံမ မေ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မေ ၉ ရက် ညနေ ၆ နာရီ၌ မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ထပ်မံဖြစ်ပေါ်ခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်၏ မြောက်ဘက်ရှိ ကျေးရွာများအနက် ကျေးရွာ ၁၈ ရွာတွင် သစ်ပင်များ အမြစ်မှ ပြိုလဲခြင်း၊ သစ်ကိုင်းများကျိုးပြတ်ခြင်းနှင့်အတူ လူနေအိမ် ၄၃၉ လုံး၊ ဘုန်းကြီးကျောင်း ခုနစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်းနှင့် ဆေးပေးခန်းတစ်ခုတို့မှာ အမိုးလန်ခြင်း၊ သွပ်မိုးများ လေနှင့်အတူ လွင့်ပါပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ဧပြီ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားခွဲရုံမှ ကံမမြို့သို့ ပို့လွှတ်သည့် 11 KV ဓာတ်အားလိုင်းပေါ်ရှိ လျှပ်စစ်ဓာတ်တိုင် ၂၂ လုံးမှာ လဲကျပျက်စီးခဲ့သဖြင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရပြီး ကျေးရွာခုနစ်ရွာမှ ဘုန်းကြီးကျောင်း နှစ်ကျောင်းနှင့် နေအိမ် ၄၁ လုံးမှာ သွပ်မိုးများ လေနှင့်အတူလွင့်ပါခဲ့ပြီး တဲသုံးလုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မေ ၄ ရက်က ထပ်မံဖြစ်ပွားရာတွင် မြို့နယ်၏ မြောက်ဘက် ကျေးရွာများအနက် ကျေးရွာ ၂၁ ရွာတွင် သစ်ပင်များအမြစ်မှ ပြိုလဲခြင်း၊ သစ်ကိုင်းများ ကျိုးပြတ်ခြင်းနှင့်အတူ လူနေအိမ် ၁၂၆ လုံး၊ ဘုန်းကြီးကျောင်းလေးကျောင်းနှင့် ဌာနပိုင်အဆောက်အအုံငါးခုတို့မှာ အမိုးလန်ခြင်း၊ သွပ်မိုးများ လေနှင့်အတူ လွင့်ပါပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။



လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်

ယခုအကြိမ် လေပြင်းတိုက်ခတ်မှုမှာ ပိုမိုပြင်းထန်ခဲ့ပြီး ဆုံးရှုံးမှုများမှာလည်း ရှေ့ဖြစ်စဉ်များထက် ပိုမိုဖြစ်ပွားခဲ့သည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများမှာ ခြောက်ပင်ကျေးရွာတွင် နေအိမ် ၁၀ လုံး၊ အလက ကျောင်း တစ်ကျောင်း၊ အမက တစ်ကျောင်း၊ ဇွေးမိကျေးရွာတွင် နေအိမ်လေးလုံး၊ ရွာသစ်ကျေးရွာတွင် နေအိမ်တစ်လုံး၊ အမကတစ်ကျောင်း၊ ရေနံ့သာကျေးရွာတွင် နေအိမ်တစ်လုံး၊ ထန်းတောကျေးရွာတွင် နေအိမ် ရှစ်လုံး၊ ငါးလှိုင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆန်တုံကျေးရွာတွင်နေအိမ် ၁၁ လုံး၊ သပြင်ဆောင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ တောမကုန်းကျေးရွာတွင် နေအိမ် ၄၇ လုံး၊ တောမကျင်း ကျေးရွာတွင် နေအိမ် ၁၉ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ မင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ကြက်ခြံတစ်ခြံ၊ ကျောက်စောင်းကျေးရွာတွင် နေအိမ် ၁၈၂ လုံး၊ ဘုန်းကြီးကျောင်း သုံးကျောင်း၊ အထက(ခွဲ) တစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့်စေတီနှစ်ဆူ၏ ထီးတော်များ ပျက်စီးပြီး သီးကုန်းကျေးရွာတွင် နေအိမ် ၂၄ လုံး၊ ကျီးမီးကျေးရွာတွင် နေအိမ် ၃၂ လုံး၊ အမကကျောင်းတစ်ကျောင်း၊ ရွာသာယာ ကျေးရွာတွင် နေအိမ် ၁၉ လုံး၊ အမကတစ်ကျောင်း၊ ဆယ်ကျေးရွာတွင် နေအိမ် ၃၂ လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ အမကတစ်ကျောင်း၊ အင်းကြီးကုန်းကျေးရွာတွင် နေအိမ် ၁၀ လုံး၊ ကျောက်ပြုတ်ကျေးရွာတွင် နေအိမ် ၃၆ လုံးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အားပေးစကားများ ပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မောင်အေး၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ပျက်စီးသွားသည့် အမိုးအကာများနှင့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## သီပေါမြို့နယ်တွင် လေပြင်းများတိုက်ခတ်

**သီပေါ မေ ၁၀** ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသက်လေပြင်းများ တိုက်ခတ်သဖြင့် ဂန့်ကော်လမ်းတွင် ဓာတ်တိုင်သုံးတိုင် ကျိုးကျပျက်စီးသဖြင့် တစ်မြို့လုံး လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထက (၁) ရွာသစ် မူလတန်းကျောင်းနှင့် လူနေအိမ်အချို့ သွပ်မိုးများလန်ထွက်သွားပြီး သွပ်ပြား၊ မြားတန်း၊ ဒိုင်းနှင့် ခေါင်အုပ်သွပ်များပျက်စီးကာ လမ်းမတော်လမ်း သစ်တောဦးစီးဌာန ဝန်ထမ်းအိမ်ရာအနီး နှစ် ၁၀၀ ကျော်ရှိ ကုက္ကိုလ်ပင်ကြီး အမြစ်မှကျွတ်၍ လဲကျခဲ့သည်။ ထို့အပြင် မိုးသက်လေပြင်းများ တိုက်ခတ်သဖြင့် ပင်လယ်အုန်းပင်နှင့် ထင်းရှူးပင်ကြီး ကျိုးကျ၍ မြို့တော်ခန်းမအနောက်ဘက် အမိုးပျက်စီးသွားကြောင်း သိရသည်။ သီပေါမြို့နယ်တွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိဟု သိရသည်။

**စိုင်း(သီပေါ)**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း ကလေးကိုဓားထောက် ခြိမ်းခြောက်ငွေတောင်းယူသွားသူ နှစ်ပတ်ကျော်သည့်တိုင် လွတ်မြောက်နေဆဲဖြစ်

**ရန်ကုန် မေ ၁၀**

ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသား ရပ်ကွက် ဦးလူနီလမ်း၌ ဧပြီ ၂၆ ရက် နံနက် ၉ နာရီခန့်က မြို့နယ်ဆရာဝန်ကြီး တစ်ဦးဖြစ်သူ ဒေါက်တာရွှေပြည် မိသားစု အပြင်သွားရာမှ ပြန်ရောက်လာပြီး အသက် ၁၃ နှစ်အရွယ်သမီးငယ်က တိုက် အပေါ်ထပ်သို့ တက်ရောက်သွားစဉ် ဓားထောက်ခြိမ်းခြောက်၍ ငွေတောင်းယူ သွားသူကို ရက်သတ္တပတ် နှစ်ပတ်ကြာ သည့်တိုင် ဖမ်းဆီးနိုင်ခြင်းမရှိသေး ကြောင်း ကြည့်မြင်တိုင်မြို့မရဲစခန်းက သိရသည်။

ငွေများရပြီးသော်လည်း တိုက်ရှေ့ တွင် လူများဝိုင်းအုံရောက်လာသဖြင့် မထွက်သာ၍ သမီးငယ်အား ဓားထောက် ဓားစာခံလုပ်ကာ ဖခင်ဖြစ်သူအား အိမ်ရှိ ကားဖြင့် လှိုင်သာယာမြို့နယ်သို့ ပို့ဆောင်ပေးရန် ထပ်မံတောင်းဆိုမှု ကြောင့် ဖခင်ဆရာဝန်ကြီး ကိုယ်တိုင် ကားကို မောင်းနှင်ပို့ပေးခြင်းဖြစ်သည်။

ရပ်ကွက်ပြည်သူများ၏ ဝိုင်းဝန်း တားဆီးမှုအကြားမှပင် ဖခင်ဖြစ်သူ၏ ပြောဆိုဟန့်တားမှုစကားများနှင့် ကား ကို အရှိန်ပြင်းစွာ မောင်းနှင်ထွက်သွားမှု ကြောင့် ကြည့်မြင်တိုင်မြို့မရဲစခန်းမှ



မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်

ရဲတပ်ဖွဲ့ဝင်အချို့ ရောက်ရှိလာသော် လည်း ဖမ်းဆီးနိုင်မှုမရှိဘဲ လွတ်မြောက် သွားခြင်းဖြစ်သည်ဟု သိရသည်။

ယနေ့တိုင် မေ ၉ ရက်အထိ ပြစ်မှု ကျူးလွန်သူကို ဖမ်းဆီးရရှိနိုင်မှုမရှိသေး ခြင်းအပေါ် ပြည်သူများက စိတ်ဝင်စား လျက်ရှိပြီး အမျိုးမျိုးသောဝေဖန်မှုများကို ကြားနေရသည်။

သို့အတွက် မြန်မာ့အလင်းသတင်း အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူး စိုးသင်နှင့် တွေ့ဆုံ၍ ပြစ်မှု ကျူးလွန်သူအား ဖမ်းဆီးရရှိရေးအတွက် ဆောင်ရွက်နေမှုအပေါ် မေးမြန်းခဲ့သည်။

ရဲမှူး စိုးသင်က ရှင်းပြရာတွင် "ဒီအမှုကို ကျွန်တော်တို့ မြို့နယ်ရဲတပ် ဖွဲ့က အဓိကထားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ နေ့စဉ် စုံစမ်းရသမျှတွေအပေါ်မှာ ဆောင်ရွက်နေပါတယ်" ဟု ဆိုသည်။

ဆောင်ရွက်မှုအနေဖြင့် ဇန်နဝါရီလ အတွင်းမှ ဧပြီလအတွင်း အသက် ၂၅ နှစ်မှ အသက် ၃၀ အရွယ် ခိုး ဆိုး လုယက် မှုများဖြင့် ပြစ်ဒဏ်ကျခံပြီးသူများ၏ ဓာတ်ပုံများကို ဆရာဝန်ကြီးထံပြသ၍ ပြစ်မှုကျူးလွန်သူ ဟုတ် မဟုတ် အတည် ပြုချက်တောင်းခံခဲ့သော်လည်း ထိုသူများ မဟုတ်ကြောင်း ဆရာဝန်ကြီးထံမှ အဖြေ သာရရှိခဲ့သည်ဟု ဆိုသည်။

ထပ်မံ၍ အခင်းဖြစ်ပွားရာနှင့် နီးစပ် သည့် စမ်းချောင်းမြို့နယ် အောင်ချမ်းသာ ရပ်ကွက်အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းများမှ ၎င်းအသက်အရွယ်ရှိ လူ ၄၀ ခန့်ကို ဓာတ်ပုံရိုက်၍ ပြသခဲ့သော် လည်း ထူးခြားမှုမရှိခဲ့ကြောင်း ရဲမှူး စိုးသင်က ရှင်းပြသည်။

ထို့အပြင် မြို့နယ်အတွင်း လှိုင်မြစ် တစ်ဖက်ကမ်းမှ ခိုးမှု၊ လုယက်မှုကျူးလွန် ခဲ့ဖူးသူများ၏ ရနိုင်သမျှသော ဓာတ်ပုံများ ကို ရယူပြသခဲ့သော်လည်း ပြုလုပ်သွား သောသူ မဟုတ်ကြောင်းသာ သိခဲ့ရသည်။

ထို့အပြင် မြို့နယ်၌ ဆယ်နှစ် သက်တမ်းအတွင်း ခိုးမှု၊ လုယက်မှုတို့ဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး လွတ်လာသူတို့အား စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ဓာတ်ပုံ များကို ပြသပေး၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်နိုင်ရေးအတွက် ကြိုးစားခဲ့ ကြောင်း သိရသည်။

ရဲမှူး စိုးသင်က "နောက်တစ်ခါ ပန်းလှိုင်ဘူတာမှ အင်းစိန်ဘူတာအထိ၊ နောက်ပြီးတော့ ပန်းလှိုင်ဘူတာကနေ ရန်ကုန်ဘူတာကြီးအထိ ဘူတာစဉ် တစ်လျှောက်မှာ အခြေချနေထိုင်သူ တွေနဲ့ပါ တွေ့ဆုံပြီး ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး စုံစမ်းခဲ့ပါတယ်၊ ထူးခြား မှုတော့မရှိခဲ့ပါဘူး " ဟု ဆိုသည်။

၎င်းကပင် "မြောက်ပိုင်းခရိုင် အတွင်းက လှိုင်သာယာမြို့နယ်၊ ရွှေပြည် သာမြို့နယ်က အမာခံအဖွဲ့တွေနဲ့ ဆက်သွယ်ပြီး ပြစ်မှုကျူးလွန်တတ်သူ တွေရဲ့သွားလာနေထိုင်မှု၊ ငွေကြေးသုံးစွဲ မှုတွေပါ စောင့်ကြည့်နေခဲ့ပါတယ်" ဟု ဆိုသကဲ့သို့ "နောက်တစ်ဆင့်အနေနဲ့ တိုက်ထဲကိုဝင်ခဲ့တဲ့သူက အဲဒီနေ့မှာ ဖိနပ်စီးတဲ့ အသွင်သဏ္ဌာန် မတွေ့ရတဲ့ အတွက် အဲဒီနေ့က ထောင်ကလွတ်တဲ့သူ တွေ၊ ရဲဘက်စခန်းက လွတ်တဲ့သူတွေရဲ့ စာရင်းပါ တောင်းခံပြီး ဖြစ်နိုင်ခြေရှိတဲ့ သူများကိုပါ စုံစမ်းမှုတွေပြုလုပ်နေပါ တယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ပြစ်မှု ကျူးလွန်သူကို ဖမ်းမိနိုင်ရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်ထွင်ရ ဦးစီးပြီး အရှိန်မြှင့် ဆောင်ရွက်နေပါတယ်" ဟု ရှင်းလင်း ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားချိန်၌ ကိုယ်တိုင်ပါဝင် ပြီး ဖမ်းဆီးရေးအတွက် ဆောင်ရွက်ခဲ့သူ နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်းက "ဆရာဝန်ကြီးရဲ့ ကားမောင်းချက်က အံ့သြစရာ ကောင်းလောက်အောင် မြန်လွန်းနေတယ်။ သမီးဇောကြောင့် နောက်ကလိုက်လာသူတွေ မီလာမှာကို စိုးရိမ်နေပုံရပါတယ်။ ဗားကရာချောက် မှာ လမ်းကြောင်းလွဲသွားခဲ့တယ်။ ဆရာဝန်ကြီးက အိမ်ကဇနီးဆီကို လမ်းက နေ ဖုန်းဆက်လာတယ်။ လူကြီးရော ကလေးပါ အန္တရာယ်ကင်းသွားပြီတဲ့၊ လိုက်လာတဲ့သူကိုလည်း ကြည့်မြင်တိုင် ဘူတာ မှာချပေးလိုက်ပြီလို့ ဆက်လာတဲ့ အတွက် ကျွန်တော်တို့အဖွဲ့တွေ ကြည့်မြင် တိုင်ဘူတာတစ်ဝိုက်နဲ့ စမ်းချောင်းပိုင်းကို ပါ ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါပေ မယ့် မဟုတ်ဘူး၊ ဆင်းသွားတာက ဟံသာ ဝတီ ဘူတာနားမှာဆိုတော့ အဲဒီမှာတင် အချိန်တွေအလဟဿဖြစ်ပြီး လမ်း ကြောင်းတွေ လွဲသွားခဲ့ရတယ်။ ပြစ်မှု ကျူးလွန်သူ လွတ်မြောက်ဖို့အတွက် အခွင့်အလမ်းတွေ အများကြီးရသွားခဲ့ တယ်"ဟု ထပ်မံရှင်းပြမှုကြောင့် သိခဲ့ ရသည်။

ထိုအချိန်က မြို့နယ်အတွင်းလူများ ၏ ဝေဖန်သုံးသပ်မှုများကလည်း ချက်ချင်းဆိုသကဲ့သို့ ပျံ့နှံ့သွားခဲ့သည်။ "ဆရာဝန်ကြီးအနေနဲ့ သမီးနဲ့အတူ ပြစ်မှုကျူးလွန်သူရှိစဉ်က သမီးအတွက် စိုးရိမ်ပူပန်မှုရှိနေတာ မှန်ပါတယ်။ ဒါပေမယ့် ကားပေါ်ကဆင်းသွားအပြီးမှာ ဘေးကလူတွေကိုအော်ပြီး အကူအညီ တောင်းသင့်တယ်၊ အဲဒီအချိန်က ဘေးမှာ ကားတွေရှိတယ်၊ ကားတွေပေါ်မှာ လူတွေ အများကြီးရှိတယ်၊ ဘူတာမှာလည်း ရထားစောင့်နေတဲ့သူတွေ ရှိတယ်၊ ဘယ်လိုမှ လွတ်လမ်းမရှိနိုင်ပါဘူး"ဟု ဝေဖန်သုံးသပ်မှုရှိခဲ့သည်။

သို့သော် ပြစ်မှုကျူးလွန်သူမှာ ယနေ့တိုင် လွတ်မြောက်နေဆဲဖြစ်သည်။ "ရာဇဝတ်ဘေး ပြေးမလွတ်"ဟု ဆိုသည့် စကား အတိမ်အနက်တို့ဖြင့် ပြည်သူ အများက ဤအမှုအပေါ် စောင့်ကြည့် နေကြပြီဖြစ်သည်။

**သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - မြင့်အောင်(စက်မှုဆေးဝါး)**

# ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ မီးလောင်မှုဖြစ်ပွား

**ကျောက်ဆည် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့ စက်ရုံစုနယ်မြေရှိ ဆင်မင်းဘိလပ်မြေ စက်ရုံဝင်းအတွင်း ကျောက်မီးသွေး အမှုန့်ကြိတ်ဌာနခွဲတွင် မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က အပူရှိန်လွန်ကဲ မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ကျောက်ဆည်မီးသတ်တပ်ဖွဲ့မှ သိရသည်။

"ကျောက်မီးသွေးတွေ အပူရှိန်များ ပြီး ပေါက်ကွဲကာ မီးစလောင်တာပါ။ လောင်ကျွမ်းချိန်က နာရီဝက်လောက်ကြာ တယ်။ ထိခိုက်ဒဏ်ရာ သုံးဦးရရှိခဲ့ပြီး နှစ်ယောက်ကတော့ စိုးရိမ်ရတယ်" ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ကျောက်မီးသွေးအမှုန် များ စုစည်းသည့်စနစ် (Bag Filter) မှ အပူရှိန်လွန်ကဲပြီး ယင်းလုံချုံမှု အပေါက်ပွင့်ထွက်ခဲ့၍ ကျောက်မီးသွေး အမှုန်များသို့ ကူးစက်လောင်ကျွမ်းခဲ့ ကြောင်း၊ လောင်ကျွမ်းသည့် အမှုန်များ ကျလာပြီး အလုပ်သမားနားနေဆောင် တွင် ညဆိုင်းအလုပ်သမားများဖြစ်သူ ကိုနေလင်းထွန်း၊ ကိုစိုင်းကိုဦးနှင့် ရဲမင်း နိုင်တို့ သုံးဦးမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်ဆည်ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

"ကျောက်ဆည်မှာ ကျောက်မီးသွေး လောင်စာသုံးတဲ့ ဘိလပ်မြေစက်ရုံများ လာတယ်။ တချို့နိုင်ငံများမှ အသုံးမပြု တော့တဲ့ ကျောက်မီးသွေးစက်တွေနဲ့ လုပ်ကြတာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တယ်။ ထိုသို့ မတော်တဆပေါက် ကွဲပြီး အလုပ်သမားတွေထိခိုက်တာက မဖြစ်သင့်တဲ့ကိစ္စပဲ" ဟု ပွင့်လင်း လူ့ အဖွဲ့အစည်းမှ ဦးစိုးသီဟက သူ၏ အမြင်ကို ပြောသည်။

ကျောက်ဆည်တွင် လွန်ခဲ့သည့် ၁၂ နှစ်ခန့်က မြင်းကျားနှင့် ဆင်မင်း ဘိလပ်မြေ စတင်ရောက်ရှိလာပြီး နောက်ပိုင်းတွင် မြင်းခေါင်း၊ အေသုံးလုံး၊ ကြံ့ နှစ်ကောင်၊ မြန်မာဆင် စသည့် ဘိလပ်မြေစက်ရုံပေါင်း ခြောက်ခု ထပ်မံ ရောက်ရှိလာသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး အစိုးရ အဖွဲ့သို့ တင်ပြသွားမည်ဟု ဆက်လက် ပြောကြားသည်။

မီးလောင်ရာသို့ ကျောက်ဆည်ခရိုင် နှင့် မြို့နယ်မီးသတ်မှ မီးသတ်ကား လေးစီး၊ စဉ့်ကိုင်မြို့နယ်မှ မီးသတ်ကား နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့ ငြိမ်းသတ်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် စက်ရုံလုပ်သားများလည်း ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**အောင်သန့်ခိုင်**



**တောင်ငူမြို့နယ် ဇရပ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းတွင် မေ ၁၀ ရက်က ဖြူးမြို့နေ စောနေထွန်း မောင်းနှင်သည့် ၂၂ ဘီး ထွေလာယာဉ်ကို ရပ်ပြီး ကားအောက်၌ ဝင်အိပ်နေစဉ် ရန်ကုန်မြို့နေ ဒွေးမင်းလတ် မောင်းနှင်သည့် ၁၂ ဘီး ကုန်တင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိစဉ်**
(အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်)
**ကိုလွင်(ဆွာ)**

# အမရပူရမြို့ မှန်တန်းရပ်ကွက် ပုတ်တန်းရပ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မှန်တန်းရပ်ကွက် ပုတ်တန်းရပ် နယ်မြေ (၅-ခ)ရှိ ဦးအောင်နိုင် ဆားသို လှောင်ထားသော လူမနေသည့် သံဖရိန် တိုင် တစ်ထပ်နေအိမ် နောက်ဖေး မီးဘုတ်ခုံမှ မေ ၁၀ ရက် နံနက် ၀၀း၀၅ နာရီတွင် ဝိုင်ယာရှော့ဖြစ်၍ မီးစတင် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဂိုဒေါင်အနီး မီးစတင်လောင် ကျွမ်းပြီး အနီးရှိ ကော်လုပ်ငန်းလုပ်ကိုင် သည့် ကိုလှိုင်မိုး၏ အိမ်တစ်လုံး၊ ဆိုင်ကယ်ဝပ်ရှော့ လုပ်ကိုင်သည့် ဦးအောင်သိုက်၏ နေအိမ် တစ်လုံး၊ ကိုအောင်မြင့်မြတ်၏ နေအိမ်တစ်လုံးနှင့် ဒေါ်တိုးငွေ၏ နေအိမ်တို့သို့ ဆက်လက် ကူးစက်လောင်ကျွမ်းခဲ့သည်။ **(ဓါပုံ)**



မီးလောင်ရာသို့ အမရပူရမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ၊ မီးသတ်ယာဉ်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ များ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၀၀း၂၅ နာရီခန့်တွင် မီးငြိမ်းသွား ခဲ့သည်။

မီးလောင်ချိန်၌ ဆားဂိုဒေါင်ပိုင်ရှင် ဦးအောင်နိုင်မှာ နေအိမ်တွင်မရှိဘဲ မန္တလေးမြို့၌သာ နေထိုင်ကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ အမရပူရ မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပဲနွယ်ကုန်းမြို့၌ မီးလောင်မှုဖြစ်ပွား

**ကျောက်တံခါး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သတိပဋ္ဌာန်ရပ်ကွက် အမကကျောင်း အနောက်လမ်းတွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သတိပဋ္ဌာန် အမကကျောင်း အနောက်လမ်းနေ မသက် (၃၂ နှစ်)၏ နေအိမ်မီးဖိုတွင် မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်မီးလောင်မှုဖြစ်ပွားခဲ့ရာ မသက်၏ နေအိမ်နှင့် ဒေါ်ထားထားစိုးတို့၏နေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ပဲနွယ်ကုန်းမြို့မှ မီးသတ်ယာဉ် သုံးစီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မသက်အား ပဲနွယ်ကုန်းနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မီးကြွင်းမီးကျန်မှ အိမ်တစ်လုံး မီးလောင်ဆုံးရှုံး

**စဉ့်ကိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာအုပ်စု စဉ့်တွင်းကျေးရွာ၌ မေ ၁၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မီးကြွင်းမီးကျန်မှ အနီးရှိဝါးထရံကို မီးကူးစက် လောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာအုပ်စု စဉ့်တွင်းကျေးရွာနေထိုင်သူ ဦးတင်မြင့် (အသက် ၆၀) သီးနှံခူးရန်အတွက် လယ်တောသို့ သွားရောက်နေစဉ် မီးကြွင်းမီးကျန်မှ အနီးရှိ ဝါးထရံသို့ကူးစက်ပြီး အလျားပေ ၁၅၀၊ အနံ ၁၀ ပေရှိ သက်ငယ်မိုး၊ ထရံကာနေအိမ်တစ်လုံး မီးလောင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ စဉ့်ကိုင်မြို့နယ် မီးသတ်ယာဉ်နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူ များ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုစတင်ဖြစ်ပွားသည့် အိမ်ရှင်အား သက်ဆိုင်ရာက အမှုဖွင့်ထားသည်။

**(မြို့နယ် ပြန်/ဆက်)**

# အကြိုရလဒ်များအရ ရိုဒရီဂိုဒေးတာ ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိ



**မနီလာ မေ ၁၀**

ရိုဒရီဂိုဒေးတာသည် ဖိလစ်ပိုင်သမ္မတရွေးကောက်ပြိုင်ပွဲတွင် သမ္မတအကြိုနိုကို အနိုင်ရရှိသွားကြောင်း အင်္ဂါနေ့ နံနက်ပိုင်း ရွေးကောက်ပွဲသတင်းများအရ သိရသည်။ ရိုဒရီဂိုဒေးတာသည် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းမြို့လေးဖြစ်သော ဒက်ဗိုး၏ မြို့တော်ဝန်တစ်ဦးဖြစ်သည်။

ရေတွက်ပြီး မဲစာရင်း ၈၇ ရာခိုင်နှုန်းအရ ရိုဒရီဂိုဒေးတာသည် မဲအရေအတွက် ၁၄၄၉၉၃၉၆ မဲရရှိခဲ့ပြီး မန်နျူးရိုဟတ်က ၈၆၈၀၂၀၃ မဲ ရခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

အဆိုပါရွေးကောက်ပွဲတွင် သမ္မတလောင်း ငါးဦးယှဉ်ပြိုင်ပြီး အနိုင်ရသူသည် ဇွန် ၃၀ ရက်တွင် ခြောက်နှစ်တာသက်တမ်းတာဝန်ထမ်းဆောင်ခဲ့သော ဘီနင်နို အကွီနို-၃ နေရာတွင် ဆက်ခံမည်ဖြစ်သည်။

ရိုဒရီဂိုဒေးတာသည် ဧပြီလကတည်းက လူထုစစ်တမ်းကောက်ယူမှုတွင် ထိပ်ဆုံးမှ ဦးဆောင်နေသူဖြစ်သည်။

အသက် ၇၁ နှစ် အရွယ်ရှိ မြို့တော်ဝန် ရိုဒရီဂိုဒေးတာသည် ဖိလစ်ပိုင်မြို့များတွင် တစ်ခုဖြစ်သည့် ဒါဗောမြို့၌ ရာဇဝတ်မှုခင်းများ ဖြေရှင်းရာတွင် သံမဏိလက်သီးအဖြစ် လူသိများ ထင်ရှားသူဖြစ်သည်။

ရွေးကောက်ပွဲ ကာလအတွင်း လာဘ်စားမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုပပျောက်ရေး အလေးထားဆောင်ရွက်ရန် ပြောကြားခဲ့သူဖြစ်သည်။

**(ဆင်ဟွာ)**

# ပထမဆုံးသော ကမ္ဘာ့လူသားအကျိုးပြု ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်း ၁၁၀ တက်ရောက်

**နယူးယောက် မေ ၁၀**

တူရကီနိုင်ငံ အစ္စတန်ဘူးလ်၌ မေ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ပထမဆုံးသော ကမ္ဘာ့လူသားအကျိုးပြု ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်း ၁၁၀ တက်ရောက်မည်ဖြစ်ကြောင်း ညီလာခံနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

တက်ရောက်လာသောကိုယ်စားလှယ်အသီးသီး၏ ဆွေးနွေးတင်ပြမှုများတွင် အီးယူအကြီးအကဲအဖြစ် ခြောက်လကြာ တာဝန်ယူဆောင်ရွက်ခဲ့သော နယ်သာလန်ဝန်ကြီးချုပ်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့လည်း ပါဝင်မည်ဖြစ်သည်။ ကူဝိတ်၊ နိုင်ဂျာနှင့် လက်ဘနွန် စသည့်နိုင်ငံတို့ကလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း အီးမေးလ်ဖြင့် အတည်ပြုပြောကြားခဲ့သည်။

အစ္စတန်ဘူးလ်၌ပြုလုပ်မည့်ညီလာခံ၏ ရည်မှန်းချက်သည် အရေးတကြီးအကူအညီ လိုအပ်နေသော ပြည်သူ ၁၂၅ သန်း၏ ဘဝပြန်လည်ရှင်သန်လာနိုင်စေရန်ဖြစ်သည်။

မေ ၂၄ရက်တွင်ကျင်းပမည့် အစ္စတန်ဘူးလ်ညီလာခံ၏ ပိတ်ပွဲအခမ်း အနားသို့ ကုလအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းလည်း တက်ရောက် မည်ဖြစ်သည်။
**(ဆင်ဟွာ)**

# တောင်ကိုရီးယားတွင် ခြောက်နိုင်ငံ ရေငုပ်သင်္ဘောကယ်ဆယ်ရေးလေ့ကျင့်

**ဆိုးလ် မေ ၁၀**

တောင်ကိုရီးယားသည် တောင်ပိုင်းပင်လယ်ပြင်တွင် ခြောက်နိုင်ငံ ရေငုပ်သင်္ဘော လေ့ကျင့်ရေးများကို အိမ်ရှင်အဖြစ် ယခုလနှောင်းပိုင်းတွင် လက်ခံကျင်းပမည်ဖြစ်ကြောင်း ယွန်ဟတ်သတင်းဌာနက ပြောကြားသည်။

အမေရိကန်၊ ဂျပန်၊ သြစတြေးလျ၊ စင်ကာပူ၊ မလေးရှားနှင့် တောင်ကိုရီးယားတို့ပါဝင်သော ၂၀၁၆ ပစိဖိတ်သုတေသနလုပ်ငန်းကို ကိုရီးယားကျွန်းဆွယ် အရှေ့တောင်ပိုင်းရှိ ရေကြောင်းဆိပ်ကမ်းမြို့ဖြစ်သည့် ဂျင်းဟေးပင်လယ်ပြင်တွင် မေ ၂၅ ရက်မှစတင်၍ ၁၀ ရက်ကြာ လုပ်ဆောင်သွားမည်ဖြစ်သည်။

တရုတ်နှင့် ရုရှားတို့ပါဝင်သော အခြား၁၂ နိုင်ငံသည် လေ့လာသူများအဖြစ် ပါဝင်လိမ့်မည်ဟု တောင်ကိုရီးယားရေတပ်က ဆိုသည်။ လေ့ကျင့်မှုများ လုပ်ဆောင်ရခြင်းမှာ နက်ရှိုင်းသောပင်လယ်ရေအောက်တွင် ကယ်ဆယ်ရေး စက်ယန္တရားများ ဖြန့်ကြက်ထားရှိခြင်းတို့ အပါအဝင် ရေငုပ်သင်္ဘောကယ်ဆယ်ရေး ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်မှုမြင့်မားလာစေရန် ဖြစ်သည်။

ယခုလေ့ကျင့်မှုသည် စင်ကာပူတွင် ၂၀၀၀ ပြည့်နှစ်ကပြုလုပ်ခဲ့သော ပူးပေါင်းဆောင်ရွက်မှုအပြီးတွင် လုပ်ဆောင်သည့် (၇)ကြိမ်မြောက်လေ့ကျင့်မှုဖြစ်သည်။ ထို့အပြင် တောင်ကိုရီးယား၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၀၄ ခုနှစ် စစ်ရေး လေ့ကျင့်မှုပြီးနောက် ဒုတိယအကြိမ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

---

# တောင်တရုတ်ပင်လယ်ကျွန်းအနီး အမေရိကန်သင်္ဘော ချဉ်းကပ်

**ဝါရှင်တန် မေ ၁၀**

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ရေလမ်းကြောင်းကို စိုးရိမ်ဖွယ်ရာအဖြစ်ပြောဆိုခဲ့ပြီး ရက်ပိုင်းအကြာ အမေရိကန်စစ်သင်္ဘောတစ်စင်း အင်္ဂါနေ့က တောင်တရုတ်ပင်လယ် အငြင်းပွားကျွန်းများဆီသို့ ဦးတည်ခုတ်မောင်းချဉ်းကပ်သွားခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမေရိကန်ရေတပ်သင်္ဘော USS William P. Lawrence သည် တရုတ်ပိုင် Fiery Cross Reef ၏ ရေမိုင် ၁၂ မိုင်အကွာအတွင်း ဝင်ရောက်ခဲ့ကြောင်း၊ ယင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဘီလ်အာဘန်က ပြောသည်။ ယင်းမှာ နိုင်ငံတကာဥပဒေနှင့်အညီ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

အဆိုပါ တရုတ်ပိုင်လူလုပ်ကျွန်းပေါ်တွင် မီတာ ၃၀၀၀ ရှိ လေယာဉ်ပြေးလမ်းတစ်ခုပါရှိသည်။ ဝါရှင်တန်က တရုတ်အနေဖြင့် အားနည်းသော ပြိုင်ဘက်နိုင်ငံများအပေါ် ဖိအားပေးလာမည်ကို စိုးရိမ်ပူပန်လျက်ရှိနေသည်ဟု ဆိုသည်။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တစ်ခုလုံးကို ၎င်းတို့ပိုင်အဖြစ် ပြောဆိုလျက်ရှိသည်။
**(ရိုက်တာ)**

# လက်ဝှေ့အားကစားမြှင့်တင်ရေး မိုက်တိုင်ဆန် တရုတ်ပြည်သို့သွားရောက်မည်

**ပေကျင်း မေ ၁၀**

လက်ဝှေ့အားကစားမှ အနားယူခဲ့သည်မှာ ၁၁ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မိုက်တိုင်ဆန်မှာ တရုတ်နိုင်ငံရှိ လက်ဝှေ့ပရိသတ်များ၏ ကြိုက်နှစ်သက်မှု ရရှိဆဲဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် ဝီဘိုမှတစ်ဆင့် မဲစာရင်းကောက်ယူမှုအရ အသက် ၅၀ အရွယ် လက်ဝှေ့ချန်ပီယံ မိုက်တိုင်ဆန်ကို ပရိသတ်များက အတွေ့ချင်ဆုံးဖြစ်ကြသည်။



မိုက်တိုင်ဆန်သည် မေ ၂၃ ရက်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ တရုတ်နိုင်ငံသို့ ခရီးစဉ်မစတင်မီ တရုတ်နိုင်ငံမှ ပရိသတ်များကို နှုတ်ခွန်းဆက်ထားသည့် ဗီဒီယိုဖိုင်ကို ထုတ်လွှင့်ခဲ့သည်။

မိုက်တိုင်ဆန်သည် မေ ၂၄ ရက်တွင် ပြုလုပ်မည့် ၂၀၁၆ ခုနှစ် IBF ကမ္ဘာ့ချန်ပီယံရှစ် လက်ဝှေ့ပြိုင်ပွဲ၏ အလေးချိန်သတ်မှတ်ရေးအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။ အဆိုပါ အခမ်းအနားကို ထင်ရှားကျော်ကြားလှသည့် မဟာတံတိုင်းတွင် ပြုလုပ်မည်ဖြစ်သည်။

နှစ်စဉ်ကျင်းပသည့် IBF ညီလာခံ၌ တရုတ်နိုင်ငံ၏ လက်ဝှေ့အားကစားမြှင့်တင်ရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားမည် ဖြစ်ပြီး မေ ၂၅ ရက်တွင် လက်ဝှေ့ပြိုင်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။
**(ဆင်ဟွာ)**


# အလက်ပိုမြို့၌ အပစ်အခတ်ရပ်စဲရေး ၄၈ နာရီကြာတိုးမြှင့်

**ဒမတ်စကတ် မေ ၁၀**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အလက်ပိုမြို့၌ အပစ်အခတ်ရပ်စဲ ရေးကို ၄၈ နာရီကြာ တိုးမြှင့်ခဲ့ကြောင်း ဆီးရီးယားစစ်တပ်က ကြေညာခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာန အက်(စ်)အေအန်အေက တင်ပြသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးမှာ အင်္ဂါနေ့ နံနက်ပိုင်းကစတင်၍ အသက်ဝင်မည်ဖြစ်သည်။ အုပ်ချုပ်ရေးလုပ်ငန်းများ ပြန်လည်တည်ငြိမ်မှု ရရှိစေရေးအတွက် ယာယီအပစ်အခတ်ရပ်စဲရေး ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခုထပ်မံ အသစ်တိုးမြှင့်လိုက်သည့် အပစ်အခတ်ရပ်စဲရေး စာချုပ်မှာ ကြာသပတေးနေ့က ၄၈ နာရီကြာ အပစ်အခတ်ရပ်စဲရေး၏ နောက်ဆက်တွဲတစ်ခုဖြစ်သည်။



လွန်ခဲ့သည့် ရက်များအတွင်း အလက်ပိုမြို့ရှိ သူပုန်များသည် ယာယီအပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့သည်ဟု ဆီးရီးယားတပ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အလက်ပိုမြို့ အနောက်ဘက်ရှိ ဆီးရီးယား အစိုးရတပ်များ ထိန်းချုပ်ထားရာဒေသရှိ ဒေသခံများဆီသို့ သူပုန်များက ပစ်ခတ်မှုများပြုလုပ်ခဲ့သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အတိုက်အခံအုပ်စုများက ဆီးရီးယားစစ်လေယာဉ်များသည် သူပုန်များ ထိန်းချုပ်ထားရာ မြို့တော်အရှေ့ပိုင်းကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

မြို့တော်ဒမတ်စကတ်နှင့် အနောက်မြောက်ပိုင်း ပြည်နယ် လက်တာကီရာ၌ အပစ်အခတ် ရပ်စဲရေးပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်သိမ်းပိုက်ခံဒေသများမှ အပြစ်မဲ့ပြည်သူများကို ဘယ်လိုကယ်တင်မလဲ

**တင်လင်းအောင်**



အိုင်အက်စ်စစ်သွေးကြွများ အကြမ်းဖက်လုပ်ရက်များ ပြုလုပ်နေသည့်ကြားက အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်သည် ခရစ်ယာန်နှင့် အခြားလူနည်းစုများခိုလှုံရာ ဖြစ်လာခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများ၏အကြမ်းဖက် လုပ်ရပ်များက ယခုအချိန်အထိ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသည့် လူနည်းစုဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို ဆန့်ကျင်သည့် ဘာသာရေးပဋိပက္ခများ မယုံကြည်နိုင်လောက်အောင် ဖြစ်ပွားစေခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများသည် နေရာတိုင်းတွင် အထူးသဖြင့် ခရစ်ယာန်၊ ရာဇီဒီနှင့်အခြားမျိုးနွယ်စု(လူနည်းစု)များနေထိုင်ရာနေရာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုချဲ့ထွင်နေသည်။ စာမျက်နှာ ၃၀၀နီးပါးရေးသားထားသည့် အစီရင်ခံစာ (အရှေ့အလယ်ပိုင်း ခရစ်ယာန်များကို သတ်ဖြတ်သည့် ရက်စက်မှုများ)ကို ခရစ်ယာန်ကာကွယ်ရေးနှင့် ကိုလံဘတ်၏သူရဲကောင်းများအဖွဲ့(ယင်းအဖွဲ့သည် အရှေ့အလယ်ပိုင်းအရေးကိစ္စများကို စောင့်ကြည့်နေသည်) ကထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် "အိုင်အက်စ်အကြမ်းဖက်အဖွဲ့သည် အီရတ်၊ လစ်ဗျားနှင့် ဆီးရီးယားရှိ ခရစ်ယာန်များကို မျိုးသုဉ်းသတ်ဖြတ်နေသည်ဆိုခြင်းကို" ငြင်းခုံဆွေးနွေးမှု ပြုလုပ်ထားသည်။

အိုင်အက်စ်အဖွဲ့အား ယေဘုယျအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများဟု ပြောလျှင် လုံလောက်မည်မထင်ပေ။ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် ရှုလိုမိုအဖွဲ့၏မှတ်တမ်းတင်မှုတွင် အီရတ်နီနီဗာ မြေပြန့်လွင်ပြင်တွင် ၂၀၀၃ မှ ၂၀၁၄ ထိ ခရစ်ယာန် ၁၁၃၁ ဦး အသတ်ခံခဲ့ရကြောင်းဖော်ပြခဲ့သည်။

အလက်ပိုနှင့် ဆီးရီးယားမှ ခရစ်ယာန်ဂိုဏ်းချုပ် ဂျင်းကလီးမန့် ဂျင်ဘာ့တ်က အလက်ပိုတွင် ခရစ်ယာန်ရာပေါင်းများစွာခေါင်းဖြတ်သတ်ခံရခြင်း သို့မဟုတ် ပြန်ပေးဆွဲခံရခြင်းနှင့် ကြုံတွေ့လျက်ရှိပြီး ဆီးရီးယားတွင်လည်း ထောင်ပေါင်းများစွာ အလားတူ ကိစ္စရပ်များနှင့် ကြုံတွေ့နေရကြောင်းပြောကြားခဲ့သည်။ လစ်ဗျားနှင့် အခြားနေရာများတွင်ရှိသော အခြားသူများမှာ ရက်စက်စွာ သတ်ဖြတ်ခြင်းများခံနေရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိုင်အက်စ်တို့၏အရက်စက်ဆုံးမှာ လူသတ်ခြင်းဖြစ်ပြီး အခြားနည်းများမှာ အသက်ရှုကျပ်အောင်ပြုလုပ်ခြင်း၊ လျှပ်စစ်ကြိုးများ၊ သေနတ်များဖြင့် ထုရိုက်ခြင်း၊ ကွပ်မျက်ခြင်း၊ အလွန်ပူပြင်းသောနေရာတွင် အစာရေစာဖြတ်တောက်ထားခြင်းစသည့်နည်းများဖြစ်သည်။ ထို့အပြင် အဓမ္မမှုများလည်းအများဆုံးပါဝင်သည်။ ရာဇီဒီနှင့် ခရစ်ယာန်အမျိုးသမီးပေါင်း ၁၅၀၀ ကျော်လိင်ကျေးကျွန်ပြုခြင်းခံနေရကြောင်း သိရသည်။

ထို့အပြင် အိုင်အက်စ်အကြမ်းဖက်သမားများက ဘာသာကူးပြောင်းမှုများကိုလည်း အတင်းအကျပ်ပြု လုပ်စေသည်။ ဤကိစ္စမှာ ဘာသာမဲ့များအတွက် အရေးမကြီးသည့် ကိစ္စရပ်များဟု ထင်ရသော်လည်း အသိတရားနှင့် စိတ်ဓာတ်ပိုင်း ဆိုင်ရာကို ကျူးလွန်ချိုးဖောက်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုပင်ဖြစ်သည်။

နောက်ဆုံးတွင် ဘာသာရေးဆိုင်ရာသန့်ရှင်းမှုပြုလုပ်ခြင်းများရှိလာသည်။ ဥပမာအားဖြင့် ခရစ်ယာန်များသည် ၎င်းတို့ကိုယ်တိုင်ကာကွယ်မှုများပြုလုပ်ရန် သီးခြားဒေသများသို့ ထွက်ခွာကြပြီး အခြေချနေထိုင်မှုများ ပြုလုပ်လာကြသည်။ အစားအစာနှင့် သောက်ရေများမပါဘဲ ဘေးကင်းလုံခြုံရာသို့ နာရီပေါင်းများစွာ သွားကြသည်။

အမေရိကန်၏အီရတ်နှင့် လစ်ဗျားကို ကျူးကျော်မှုများက ဆီးရီးယားရှိ ပဋိပက္ခများကို ပုံကြီးချဲ့သလိုဖြစ်စေခဲ့သည်။ အိုင်အက်စ်တို့၏တိုက်ခိုက်မှုများကို ရပ်နားရန် အရေးကြီးဆုံးနည်းလမ်းမှာ သူတို့ကိုယ် သူတို့ရှုံးနိမ့်စေသည့်နည်းလမ်းဖြစ်သည်။ ယင်းနည်းသည် အမှန်စင်စစ် အိုင်အက်စ်တိုက်ခိုက်မှုများကို အဓိကခံနေရသည့် အရှေ့အလယ်ပိုင်း တိုင်းပြည်များအတွက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံးနည်းလမ်းဖြစ်သည်။

အမေရိကန်များသည် လူနည်းစုများကို တိုက်ရိုက်ကူညီနိုင်သည်။ ကာဒစ္စတန်ဒေသတွင် ဟက်ဝိုင်ယာဆိုသည့် အဖွဲ့သည် ယုံကြည်ကိုးကွယ်မှုပေါင်းစုံအတွက် ဘာသာရေးဆိုင်ရာ လွတ်မြောက်မှုနှင့် သည်းခံမှုရှိရေးတို့အတွက် ပြည်သူများနှင့် အတူတကွလက်တွဲဖော်ဆောင်နေကြောင်း သိရသည်။

လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိသော်လည်း အမေရိကန်သည် ဒုက္ခသည်များကို ပိုမိုလက်ခံသင့်သည်။ သို့မှသာ ဒုက္ခသည်များ၏ မျှော်လင့်ချက် တစ်ဖန် နိုးကြားလာမည် ဖြစ်သည်။

အိုင်အက်စ်အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့်လည်း ဒုက္ခသည်များကို အသုံးပြု၍ တိုက်ခိုက်နိုင်မည်မဟုတ်ပေ။ အိုင်အက်စ်များအနေဖြင့် အရှေ့အလယ်ပိုင်းခရစ်ယာန်များနှင့် အခြားကိုးကွယ်ယုံကြည်ရာ လူနည်းစုကို သတ်ဖြတ်ခြင်းသည် ယနေ့ခေတ်တွင် ဝမ်းနည်းစရာအကောင်းဆုံးဖြစ်သည်။ အကယ်၍ အမေရိကန်အစိုးရအနေဖြင့် တာဝန်ယူလက်ခံခြင်းမပြုလျှင်တောင်မှ ပြည်သူများအနေဖြင့် အစိုးရကို ဖိအားပေးရန် လိုအပ်ကြောင်း၊ သို့မှသာ ဒုက္ခသည်များအနေဖြင့် ထွက်ပေါက်ရမည်ဖြစ်ကြောင်း။ ။

**ကိုးကား-နယူးစ်ဝိခ်**

**အမေရိကန်၏ အီရတ်နှင့် လစ်ဗျားကို ကျူးကျော်မှုများက ဆီးရီးယားရှိ ပဋိပက္ခများကို ပုံကြီးချဲ့သလိုဖြစ်စေခဲ့သည်။ အိုင်အက်စ်တို့၏ တိုက်ခိုက်မှုများကို ရပ်နားရန် အရေးကြီးဆုံး နည်းလမ်းမှာ သူတို့ကိုယ်သူတို့ ရှုံးနိမ့်စေသည့် နည်းလမ်းဖြစ်သည်။ ယင်းနည်းသည် အမှန်စင်စစ် အိုင်အက်စ် တိုက်ခိုက်မှုများကို အဓိက ခံနေရသည့် အရှေ့အလယ်ပိုင်း တိုင်းပြည်များအတွက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး နည်းလမ်းဖြစ်သည်။**

## ပနားမားစာရွက်စာတမ်းတွင် ပါဝင်သော တစ်ဦးချင်းနှင့်ကုမ္ပဏီများ စာရင်းထုတ်ပြန်ကြေညာ

**နယူးယောက် မေ ၁၀**

နိုင်ငံတကာ သတင်းသမားများသည် ပနားမားစာရွက်စာတမ်း၏ နောက်ကွယ်၌ရှိသော တစ်ဦးချင်းနှင့်ကုမ္ပဏီများ၏ စာရင်းပေါင်း ၂၀၀၀၀၀ ကျော်ကိုဖော်ပြခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်အခြေစိုက် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးသတင်းထောက်များအဖွဲ့(အိုင်စီအိုင်ဂျေ) သည် ကုမ္ပဏီမှတ်ပုံတင်စာရင်း ၂၁၄၀၀၀နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို တနင်္လာနေ့က အွန်လိုင်းတွင် လွှင့်တင်လိုက်သည်။ ကုမ္ပဏီမှတ်ပုံတင်မှုများကို ပနားမား ဥပဒေအကျိုးဆောင်လုပ်ငန်းဖြစ်သော မိုဆက်ခ်ဖွန်ဆီကာမှတစ်ဆင့် နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းအချက်အလက်များပါဝင်သော လျှို့ဝှက်စာရွက်စာတမ်းများသည် ဂျာမန်သတင်းစာတစ်စောင်ဖြစ်သော ဆူဒက်ချီဇိုက်တန်မှပေါက်ကြားခဲ့ခြင်းဖြစ်သည်။

အိုင်စီအိုင်ဂျေက ပနားမားစာရွက်စာတမ်းဆိုင်ရာ လျှို့ဝှက်သတင်းအချက်အလက်ပေါက်ကြားမှုသည် အများဆုံးဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မူဆလင်များနိုင်ငံအတွင်းဝင်ရောက်ခွင့်ပိတ်ပင်မည်ဟုဆိုသော်လည်း လန်ဒန်မြို့တော်ဝန်အသစ်ကိုမူ ခြွင်းချက်ထားမည်ဟု ဒေါ်နယ်ထရန့်ပြော

**နယူးယောက် မေ ၁၀**

သမ္မတလောင်း ဒေါ်နယ်ထရန့်သည် ၎င်းအဆိုပြုထားသည့် မူဆလင်များ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ပိတ်ပင်သည့် အဆိုပြုမှုနှင့်ပတ်သက်၍ လန်ဒန်မြို့တော်ဝန်အသစ်ကို ခြွင်းချက်ထားရမည်ဟု ပြောကြားခဲ့သည်။

လန်ဒန်မြို့တော်ဝန်အသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှာ ပါကစ္စတန်ရွှေ့ပြောင်းလုပ်သား ဘတ်စ်ကားဒရိုင်ဘာတစ်ဦး၏သားဖြစ်ပြီး တနင်္ဂနွေနေ့က လန်ဒန်မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။





မစ္စတာထရန့်အဆိုပြုထားသော မူဆလင်များ အမေရိကန်နိုင်ငံသို့ဝင်ရောက်ခွင့်ပိတ်ပင်သည့် အဆိုကြောင့် လန်ဒန်မြို့တော်ဝန်အသစ်သည် အကယ်၍ မစ္စတာထရန့် အမေရိကန်သမ္မတဖြစ်ခဲ့ပါက ၎င်းအနေဖြင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရှိမည်မဟုတ်ဟု လန်ဒန်မြို့တော်ဝန်အသစ် ဆာဒစ်ခန်က ပြောသည်။

မစ္စတာထရန့်သည်လွန်ခဲ့သောနှစ်က လူပေါင်း ၁၃၀ သေဆုံးခဲ့သောပါရီတိုက်ခိုက်မှုအပြီး မူဆလင်များကို အမေရိကန်နိုင်ငံ အတွင်းဝင်ရောက်ခွင့်မပြုဟူသော အဆိုပြုချက်တစ်ခုကို စတင်မိတ်ဆက်ခဲ့သည်။ သို့သော်ခြွင်းချက်တစ်ခုတော့ရှိသည်ဟု ၎င်းက ပြောသည်။

အဆိုပါအဆိုပြုချက်နှင့်ပတ်သက်၍ ဝေဖန်မှုများစွာပေါ်ထွက်လာခဲ့သော်လည်း မစ္စတာထရန့်ကမူ အမေရိကန်၏လုံခြုံရေးအတွက် အရေးပါသည့် အဆိုပြုမှုတစ်ရပ်ဟု ပြောခဲ့သည်။

မစ္စတာ ခန် လန်ဒန်မြို့တော်ဝန်ဖြစ်လာခြင်းနှင့် ပတ်သက်၍ ကြိုဆိုကြောင်း ဒေါ်နယ်ထရန့်က ပြောသည်။

မစ္စတာ ခန် ကလည်း ၎င်းအနေဖြင့် အမေရိကန်သို့သွားရောက်၍ အမေရိကန်ရှိ မြို့တော်ဝန်များနှင့်တွေ့ဆုံလိုသည်ဟု ပြောခဲ့သည်။

ထို့ပြင်ဒေါ်နယ်ထရန့်၏ နိုင်ငံရေး ချဉ်းကပ်မှုများကို အမေရိကန်ပြည်သူများက လက်ခံမည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(ဘီဘီစီ)**

# အပြည်ပြည်ဆိုင်ရာ အစားအသောက်နှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းပြပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၀**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပေးနိုင်မည့် အပြည်ပြည်ဆိုင် ရာ အစားအသောက်နှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းပြပွဲ (International Food & Hotel Myanmar 2016) ကြီးတစ်ရပ်လာမည့် ဇွန်လဆန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်များ လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးနေလင်းထံမှ သိရသည်။



"ကျွန်တော်တို့ Food & Hotel Myanmar Event Park မှာ ဇွန် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနိုင်ငံတကာပြပွဲကြီးမှာ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ပါဝင်ပြသသူ ၂၂၀ ကျော်နှင့် ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့် တူရကီနိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲကြီး ခြောက်ခန်းနှင့် လုပ်ငန်းဆိုင်ရာ ပြပွဲအစီအစဉ်သစ်များမှ ကွဲပြားခြားနားတဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၂၀၀ ကျော်ကို ပြသသွားမှာ ဖြစ်ပါတယ်" ဟု မေ ၉ ရက် နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ဦးနေလင်းက ပြောသည်။

"မြန်မာနိုင်ငံရဲ့ အစားအစာ၊ ဟိုတယ်၊ စားသောက်ဆိုင်နဲ့ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဟာ တိုးတက်လာနေတဲ့ ခရီးသွားလုပ်ငန်းနဲ့ ပြည်တွင်းဈေးကွက်ကြောင့် အလျင်အမြန် ဖွံ့ဖြိုးလာနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှတ်တမ်းများအရ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၄ ဒသမ ၂ သန်းရှိခဲ့ပြီး Food & Hotel Myanmar 2016 ကျင်းပချိန်မှာတော့ ငါးသန်းအထိရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကဏ္ဍရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၁ မှ ၂၀၁၅ အထိ ၁၃၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ပြီး စီမံကိန်း ၃၆ ခု အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံမှ စီမံကိန်း ၄၇ ခု အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၄ ဘီလီယံတိုးတက်ခဲ့ပါတယ်။ အခုပြပွဲကြီးဟာ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု Bangkok Exhibition services မှ အထွေထွေမန်နေဂျာ မစ္စတာ ဂျပ်စတင်းပေါက အဆိုပါအခမ်းအနားတွင် ပြောသည်။

Food & Hotel Myanmar 2016 တွင် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီကြီးများ ပါဝင်ပြသမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ စားဖိုမှူးအသင်း (MCA) နှင့် Bangkok Exhibition services(BES) တို့မှပူးတွဲစီစဉ်သည့် တတိယအကြိမ်မြောက် မြန်မာ့ အချက်အပြုတ် ဆိုင်ရာပြပွဲ၊ ကော်ဖီနှင့်ဆိုင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာရီစတာ တံခွန်စိုက်ပြိုင်ပွဲနှင့် အစားအစာ ဘေးကင်းမှု လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပထမအကြိမ် မြန်မာအမျိုးသား အစားအသောက်သိပ္ပံဆိုင်ရာ ညဏ်စမ်းပဟေဠိပြိုင်ပွဲ ၂၀၁၆ တို့ကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာဖိုမှူးအသင်းမှ မေရီချက်မင်းနားမကြားသော ကလေးများသင်တန်းကျောင်းမှ ကလေးများအား စာဖိုမှူးသင်တန်းပေးပြီး သင်ကြားပေးလျက်ရှိရာ စာနယ်ဇင်းရှင်းလင်းပွဲတွင် သရုပ်ပြ ချက်ပြုတ်ပြသမှုများပြုလုပ်ခဲ့သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# တစ်ကျော့ပြန်လည်အသက်သွင်းမည့် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသော မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပွဲစဉ် (၁၃)ကို ယခုလာမည့် မေ ၁၅ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ တစ်ကျော့ပြန် အသက်သွင်း ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာမီဒီယာဂရု(ပ်) အနေဖြင့် ရိုးရာလက်ဝှေ့မျိုးဆက်သစ် ပေါ်ထွန်းစေရေးအတွက် ရည်ရွယ်ကျင်းပခဲ့သော မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ပြည်သူများ အခမဲ့ကြည့်ရှုနိုင်ရေး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းကတည်းက အကုန်အကျခံကျင်းပခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ လုပ်ပေးတာဟာ မြန်မာ့ရိုးရာ မျိုးဆက်သစ်လေးတွေ ပေါ်ထွန်းလာပြီး ရိုးရာလက်ဝှေ့ ကမ္ဘာကို ထိုး ဖောက်နိုင်ဖို့ဟာ အဓိကရည်ရွယ်ချက်ပါ။ အခုဆိုရင် မျိုးဆက်သစ်ပွဲ ၁၂ ပွဲ ကျင်းပပြီးတဲ့ အချိန်မှာ မျိုးဆက်သစ် လက်ဝှေ့ကျော် အနည်းဆုံး ၁၀ ဦးထက် မနည်း ပေါ်ထွက်လာပါပြီ"ဟု မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို အကုန်အကျခံ စီစဉ်ကျင်းပပေးလျက်ရှိသော ဦးဝဏ္ဏ (မာဂျေ)က ပြောသည်။

(၁၃)ကြိမ်မြောက် ကျင်းပမည့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် သုံးချီတွဲဆိုင်း ငါးဆိုင်း နှင့် လေးချီတွဲဆိုင်း နှစ်ဆိုင်း စုစုပေါင်း တွဲဆိုင်း ခုနစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မျိုးဆက်သစ် သုံးချီတွဲဆိုင်းများတွင် ဖိုက်တာ (အဖြူရောင်သွေးသစ်) နှင့် ရဲမျိုး(ထွန်းသွင်)၊ အောင်တိုင်းမောင် (ရွှေဒေါ်ပုံ)နှင့် တိမ်ပျံ(ငြိမ်းချမ်းရေး)၊ အောင်မျိုးသန့် (အောင်မြန်မာ)နှင့် ဆလိုင်း (ထွန်းသွင်)၊ ဖွဲ့ရန်နိုင်(ထွန်းသွင်) နှင့် ဒေါနကျား(ငြိမ်းချမ်းရေး)၊ စောဖိုးထွန်း (သတ္တိ)နှင့် ဆန္ဒအောင် (အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။



မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

တစ်ဖန် လေးချီတွဲဆိုင်းနှစ်ဆိုင်းတွင် ကိုကိုအောင်(ထွန်းသွင်)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)၊ စောသူရိန်(သတ္တိ)နှင့် စည်သူအောင် (ငြိမ်းချမ်း ရေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# လူမှုရေးပြဿနာများ ဝန်ဆောင်မှုပေးရန် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူ့ဆက်ဆံရေးဌာနဖွင့်

**ရန်ကုန် မေ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၆၄)၊ လူမှုဝန်ထမ်း သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဝင်းအတွင်း မေ ၉ ရက်က ရက် ၁၀၀ စီမံချက်အရ ပြည်သူ့ဆက်ဆံရေးဌာန (PublicRelation Corner) ကို ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်နေကြရာတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လူမှုရေးပြဿနာများကို ဖြစ်ပွားလာပြီးမှ ဖြေရှင်းဆောင်ရွက်ခြင်းထက် မလိုလားအပ်သော လူမှုရေးပြသာနာများမဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းနှင့် ချက်ချင်းအရေးယူဆောင်ရွက်ခြင်းကဲ့သို့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရန်အတွက် ပြည်သူ့ဆက်ဆံရေးဌာနကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

"လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနဟာ လူမှုဝန်ထမ်းလုပ်ငန်းကြီး(၁၀)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အသက်ရှင်စဉ်အခါမှစ၍သေဆုံးချိန်ကာလအထိ ထိုကာလတစ်လျှောက်လုံး လူမှုပြဿနာများ ရင်ဆိုင်နေရတဲ့မိသားစု ကလေး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူတို့ကိုလူမှုရေးဆောင်ရွက်ချက်အရ ကာကွယ်စောင့်ရှောက်ပေးပါတယ်။ အခုလိုဖွင့်လှစ်လိုက်တဲ့ ပြည်သူ့ဆက်ဆံရေးဌာနဟာ ပြည်သူများ၊ သတင်းမီဒီယာများအား အသိပညာပေးခြင်း၊ လမ်းညွှန်ဆောင်ရွက်ပေးခြင်း၊ ရှင်းလင်းပြောကြားခြင်း၊ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိဖြေရှင်းနိုင်ဖို့ကို ရည်ရွယ်ပါတယ်။ ဒီထက်မကလိုအပ်လာရင်လည်း နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ် Help Line Center နဲ့ ချိတ်ဆက်ပေးသွားမှာပါ "ဟု တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# အယ်နီညို အကျိုးသက်ရောက်မှု ဆွေးနွေး

**နေပြည်တော် မေ ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးတောင်သူများအား အယ်နီညိုအကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ဆွေးနွေးပွဲကို မေ ၁၀ ရက်က တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်က အယ်နီညိုအကျိုးသက်ရောက်မှုကိုလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးတိုင်းဦးစီးရုံးမှ မျိုးစေ့တာဝန်ခံက မျိုးရွေးချယ်စိုက်ပျိုးမှုနှင့် သိုလှောင်ထိန်းသိမ်းမှု၊ မြေအသုံးချရေးတာဝန်ခံက မြေဆီလွှာထိန်းသိမ်းမှု အကြောင်းအရာများ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော တောင်သူများ၏ သိရှိလိုသောမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**


**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်မြို့၊ ဓမ္မစေတီလမ်း ဘုရင့်နောင်ရိပ်သာ၊ အခန်းအမှတ်(M-9) နေ ဦးစည်သူယဉ်နိုင် နှင့် ဦးဇွဲညာဏ ၁၂/အစန(နိုင်) ၁၈၂၀၈၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးစည်သူယဉ်နိုင်(ခ)ဦးဇွဲညာဏ ၁၂/အစန(နိုင်)၁၈၂၀၈၇

**ပျောက်ဆုံးကြောင်း**

ကျွန်မ ခင်ထက်ထက်အောင် ၁၂/ရကန(နိုင်)၀၇၅၁၀၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၂၆၀၉၅**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဇော်ဇော်အောင် ၁၁/မအန(နိုင်)၀၅၉၁၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၂၇၂၇၆၆**

**လူရည်ချွန်များကိုဖိတ်ကြားခြင်း**

၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း လူရည်ချွန်ဆု၊ သချာ်လူရည်ချွန်ဆုရရှိခဲ့သူများနှင့် မျိုးဆက်သစ်လူရည်ချွန်များကို အောက်ပါ HELP CHILDREN ACTIVITY အခမ်းအနားသို့ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအမည်**

လှိုင်သာယာမြို့နယ်အတွင်းရှိ ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပညာသင်ကြားလိုမှုစစ်တမ်းကောက်ယူခြင်း HELP CHILDREN ACTIVITY

**နေ့ရက်။** ။ ၂၀၁၆ခုနှစ် မေ ၁၄ရက် (စနေနေ့)
**အချိန်။** ။ နံနက်၈နာရီမှ မွန်းလွဲ၁နာရီထိ
**နေရာ။** ။ အထက(၈)၊ အနော်ရထာလမ်းမ၊ ၂၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

(နံနက်စာ မုန့်ဟင်းခါးနှင့် နေ့လယ်စာထမင်းဟင်းများဖြင့် ဧည့်ခံပါမည်။)
အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့ရုံးခန်း
တိုက်၄၄၊ ဒုလ္လာ၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၁၆၅၄၄၊ ၀၉-၃၃၂၁၀၆၁၁၊ ၀၉-၉၇၂၆၆၈၈၈၆

**အလုပ်အမှုဆောင်အဖွဲ့**
**လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ခင်နန်းထိုက်အောင် ၁၂/ရကန(နိုင်)၀၇၅၀၆၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၂၆၀၉၅**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ တိုက် ၇၁၊ အခန်း(အေ-၃) သုံးလွှာ(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ၁၈ဒသမ ၅ပေ× ၅၁ပေ ခန့်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်စောစန္ဒာမင်း ၁၂/ ဥကတ(နိုင်)၀၃၅၇၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင်(LL.B)** — **စဉ်-၂၅၁၆၅**
**ဦးအေးမင်းသူ(LL.B)** — **စဉ်-၂၆၁၉၉**

**ရိုးမဘဏ် ဥပဒေအကြံပေးအထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး

ဆရာဝန်လုပ်တွေ့သီးသန့်စာအုပ်

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန/စိစစ်-၂

Ph: 09 4200 42200, 09 26433 5331, 09 777 6981 67

**အမွေပြတ်စွန့်လွှတ်ခြင်း**

နေပြည်တော်နေ ဦးမြင့်မောင်ကျော်နှင့် ဒေါ်မြင့်မြင့်ဆွေတို့၏သမီး မနွယ်နီကျော်သည် အဖေ၊အမေ၊ အစ်ကို၊ အစ်မများ၏ ကောင်းရာကောင်းကြောင်း ဆုံးမသွန်သင်မှုများကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူပြီး ခြေစုံကန်ထွက်ခွာသွားပြီဖြစ်ပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးမြင့်မောင်ကျော်-ဒေါ်မြင့်မြင့်ဆွေ**

# ရှောင်တခင်စစ်ဆေးရာ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



**ကောလင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက်ဘက်မိုင် ၃၀ အကွာ အိုင်ကြီးအုပ်စု ကိုင်းဝန်းကျေးရွာတွင် မေ ၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးများရောင်းဝယ်သုံးစွဲနေသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာတိုင်းဦးစီး(၁)ဌာနစိတ်မှ ရဲအုပ်သောင်းထက်အောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ကောလင်းမြို့နယ် ကိုင်းဝန်းကျေးရွာနေ မြင့်သောင်းက မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူမှုန့် စုစုပေါင်းအလေးချိန် ၇ ဂရမ်ခန့် တန်ဖိုးငွေကျပ် ခုနစ်သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ ပြား၊ တန်ဖိုးငွေကျပ် ၁၂ သိန်းခန့်၊ဘိန်းမည်းဟု ယူဆရသော အလေးချိန် ၄ ဒသမ ၂၅ ဂရမ်ခန့်ရှိ အမည်းရောင်အဆီခဲတစ်ခဲ တန်ဖိုးငွေကျပ် ၁၂၅၀၀ နှင့် ငွေစက္ကူရေရာ ၄၄၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအမှုတွင် မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ မြင့်သောင်း(၄၈နှစ်) ကိုင်းဝန်းကျေးရွာ ကောလင်းမြို့နယ်နေသူကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# သစ်ခွဲစက်နှင့်ကျွန်းသစ်များဖမ်းဆီးရမိ

**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် အလယ်ကန်ကျေးရွာအနီး တောထဲမှ တရားမဝင်သစ်ခွဲစက်နှင့် ကျွန်းသစ်လုံးများ၊ ကျွန်းခွဲသားများ ပိုင်ရှင်များနှင့် အတူဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမေ ၈ ရက် ညနေ ၃ နာရီက ဗန်းမောက် မြို့မရဲစခန်းမှုစခန်းမှူး ဒုရဲမှူးခင်မောင်ဝင်းနှင့်အဖွဲ့သည် ဗန်းမောက်မြို့နယ်၊ အလယ်ကန်ကျေးရွာအနီး တောအတွင်း၌ တရားမဝင်သစ်စက်ဖြင့် ကျွန်းသစ်များခွဲနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ မြင်းကောင်ရေ ၂၅ ကောင် အင်ဂျင်တွဲလျက် လွှဝိုင်းသစ်စက် တစ်လုံး၊ လေးပေလွှဝိုင်း တစ်ခု၊ ချိန်းစောစက်တစ်လုံးတို့နှင့်အတူ ကျော်ကံ (ခ) မောင်ကံ၊ ဆန်းဝင်း၊ စိုးဝင်း၊ ကျော်ဝင်း၊ ကျော်သူနှင့် မောင်ထူးတို့ကို တရားမဝင် သစ်ခွဲစက်ဖြင့် ကျွန်းသစ်လုံးများအား တွေ့ရှိဖမ်းဆီးစဉ် ကျော်သူနှင့် မောင်ထူးမှာ ထွက်ပြေးလွတ်မြောက် သွားကြောင်း သိရသည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူများကို ဗန်းမောက်ရဲစခန်းမှ အရေးယူဆောင်ရွက်ထားပြီး ထွက်ပြေးတိမ်းရှောင် နေသူနှစ်ဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။။

**လူအောင်(ကသာ)**

# မီးကြွင်းမီးကျန်မှ မီးလောင်

**မြစ်ကြီးနား မေ ၁၀**

မေ ၉ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့နယ် လယ်ကုန်းရပ်ကွက်ရှိ ဦးထွန်းအောင်၏ နေအိမ်ပေ (၄၀×၁၀)၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်လူနေအိမ်တစ်လုံး ဆေးလိပ်မီးကြွင်းမီးကျန်မှ တစ်ဆင့် မွေ့ရာသို့မီးကူးစက်လောင် ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြစ်ကြီးနား မြို့နယ်မီးသတ်စခန်းမှ သန္တေတပ်ဖွဲ့ဝင် ၃၀၊ အရန်တပ်ဖွဲ့ဝင် ၃၀၊ စုစုပေါင်း မီးသတ်ယာဉ် ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းပြီး အိမ်ရှင်ဖြစ်သူအား မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# ဒလမြို့ ကမာအောင်ချောင်းအတွင်း ကျောင်းသူတစ်ဦး မျောပါပျောက်ဆုံး

**ဒလ မေ ၁၀**

ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက် နံပါတ် (၁၁) ခိုင်စံပယ်လမ်းအနီးရှိ ကမာအောင်ချောင်းတွင် မေ ၈ ရက် ညနေ ၅ နာရီခန့် ရေတက်လာစဉ် ကျောင်းသူတစ်ဦး ရေကူးကစားရာမှ ရေစီးနှင့်အတူ မျောပါပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် ညနေ ၅ နာရီက ရေနစ်ရာတွင်ပါဝင်သူ မသန်းသန်းဝေနှင့် သူငယ်ချင်းငါးဦးသည် အဆိုပါချောင်းကမ်းစပ်၌ ရေကူးကစားကြစဉ် အေးသန္တာမြင့်နှင့် တင်နွယ်ဦးတို့ ညီအစ်မနှစ်ဦးမှာ ချောင်းကမ်းပါးကိုကျော်ပြီး ချောင်းအတွင်း ရေနက်ပိုင်းသို့ ရောက်သွားပြီး ရေနစ်ခဲ့သဖြင့် တွယ်တာမြတ်နိုးမှာ လက်ကမ်းလိုက်ရာ ၎င်းပါနစ်သွားသည်။ ထို့နောက် ကမ်းစပ်တွင်ကျန်ခဲ့သည့် ခိုင်သဇင်ဌေးက အော်ဟစ်အကူအညီတောင်း၍ အနီးရှိ (၁၉) နှစ်အရွယ် အမျိုးသားတစ်ဦးက လာရောက်ကယ်ဆယ်ခဲ့ရာ သုံးဦးမှာ ကမ်းစပ်ကို ပြန်ရောက်လာပြီး တစ်ဦးမှာ ရေထဲ နစ်မြုပ်မျောပါသွားကြောင်း သိရသည်။

ချောင်းအတွင်း ရေစီးနှင့်အတူ မျောပါသွားသူမှာ မတင်နွယ်ဦး (၁၆ နှစ်) ခိုင်စံပယ်လမ်း ၁၁/၁၄ ရပ်ကွက်နေသူ ယခုနှစ် သတ္တမတန်းတက်မည့် ကျောင်းသူတစ်ဦးဖြစ်ပြီး ၎င်းကိုကမာအောင်ချောင်း အထက်အောက်တစ်လျှောက် ဝိုင်းဝန်းလိုက်လံရှာဖွေနေခဲ့ကြရာ မေ ၉ ရက်အထိ မတွေ့ရသေးကြောင်း သိရသည်။

အဆိုပါ ရေနစ်သေဆုံးမှုနှင့်ပတ်သက်၍ ဒလမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက မည်သူ့မျှလာရောက်တိုင်ကြားမှုမရှိသေးကြောင်း ပြောသည်။

**သန်းဌေး(ဒလ)**

# သစ်တောကြိုးဝိုင်းအတွင်းပိုင်ရှင်မဲ့သစ်များဖမ်းမိ

**တောင်တွင်းကြီး မေ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ သစ်တောကြိုးဝိုင်းအတွင်း မေ ၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ပိုင်ရှင်မဲ့ သစ်များဖမ်းဆီးရမိခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝင်းချိုနှင့်အဖွဲ့သည် ကုလားမဘိနယ်အတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် ကုလားမကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ ရန်ပယ်ကြိုးဝိုင်း အကွက်အမှတ် (၂၅၈) တောစပ်တွင် စုပုံထားရှိသော ကျွန်းသစ်ခွဲသား ဆိုက်စုံအချောင်း ၆၀ ၊ ၁ ဒသမ ၃၆၇၀တန် ၊ အင်ကြင်းသစ်တစ်လုံး ၊ ၀ ဒသမ ၄၆၈၆ တန် ၊ စုစုပေါင်း ၁ ဒသမ ၈၃၅၆ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသဖြင့် ကုလားမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ယာယီအပ်နှံထားရှိကာ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူနိုင်ရေး အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။

**ဗိုလ်ပြည့် ( တောင်တွင်းကြီး )**

# ပြင်ဦးလွင်၌ ရထားနှင့် မော်တော်ကား တိုက်မှုဖြစ်ပွား

**ပြင်ဦးလွင် မေ ၁၀**

ပြင်ဦးလွင်မြို့၌ မေ ၉ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က မန္တလေး-လားရှိုးအမှတ် (၁၃၁) အဆန်ရထားနှင့် လမ်းဖြတ်ကူးသော မော်တော်ကားတို့ တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေး-လားရှိုး အဆန်ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီ ၃၂ မိနစ်တွင် လားရှိုးမြို့သို့ ဆက်လက်ထွက်ခွာလာစဉ် မိုင်တိုင်အမှတ် ၄၂၅/၈-၉ အရောက်၌ တရားမဝင် မီးရထားလမ်းကူးမှ မောင်းနှင်လာသည့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေရပ်ကွက်နေ ဒေါ်မူမူစံမောင်းနှင်လာသော ယာဉ်အမှတ် MDY-3E /---- ကားနှင့် ဝင်ရောက်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မန္တလေး-လားရှိုးရထားမှာ မိနစ် ၄၀ ခန့် ကြန့်ကြာမှုဖြစ်ခဲ့ရပြီး နံနက် ၉ နာရီ မိနစ် ၃၀ တွင် လားရှိုးမြို့သို့ ဆက်လက်ထွက်ခွာ သွားခဲ့သည်။ ရထားနှင့် မော်တော်ယာဉ်တိုက်မှုကြောင့် ကား၏ညာဘက်ခေါင်းခြမ်းကြေမွပျက်စီးခဲ့ရပြီး ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**


**စီနီဝင်းနှင့်ရောင်းရင်းများ**

**ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ(နေ့စဉ်)**

▲ တောင်ကြီး။ အင်းလေး၊ပင်းတယ၊ကုံလုံ၊ထမ်စမ်း၊မွေတော်ကက္ကူ
▲ မန္တလေး။ ပြင်ဦးလွင်၊ စစ်ကိုင်း။ မုံရွာ၊ (ကျောက်စိမ်းဘုရား)
▲ ပုပ္ပါး-ပုဂံ (ရွှယ်တော်လေးဆူ)၊ ပခုက္ကူ။ စလေ(ရုပ်စုံ)
▲ ပုပ္ပါး-ပုဂံ (ရွှယ်တော်လေးဆူ)၊ မန္တလေး။ ပြင်ဦးလွင်
▲ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ၊ နွားလပို့တောင်
▲ မြဝတီ-မဲဆောက် ခရီးစဉ်
▲ မန္တလေး။ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်
▲ ထုံးဘို အကောက်တောင်၊ ပြည်ဘုရားစုံ (စနေ) ▲ ဇလွန်(တနင်္ဂနွေ)

အပတ်စဉ် သောကြာနေ့တိုင်း

01-249871,255553,09-5137245,09-5122511

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးမောင်မောင် ၁၄/ကကန(နိုင်)၀၉၄၈၀၆ CDC.42259၏ PSC/RBလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၆၈၆၈၇၂**

**ဖခင်အမည်မှန်**

တာချီလိတ်မြို့၊ မကာအိုခမ် အထက သတ္တမတန်းမှ မောင်ဝေဖြိုးအောင်၏ ဖခင် ဦးစံတင်အား ၉/မခန(နိုင်)၀၀၈၂၀၂အရ ဦးမြင့်ဌေးဖြစ်ပါကြောင်း။

**ဦးမြင့်ဌေး**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မြေကွက်အမှတ်(၄၃၆/ခ)အား အမည်ပေါက် ဒေါ်ကျင်အုန်းထံမှ ဝယ်ယူထားသူ ဦးသန်းအေး ၁၂/လကန(နိုင်)၀၀၇၄၅၂က မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ရေနံစိမ်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း**
**စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်းကိစ္စ**
(Letter of Expression of Interest)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံမြေများမှ ထွက်ရှိလာသော ရေနံစိမ်းများကို ရေနံချက်စက်ရုံသို့ တင်ပို့နိုင်ရန်အတွက် ဆိပ်ကမ်းအသီးသီးမှ မန်းသံပုရာကန် ရေနံချက်စက်ရုံသို့ တင်ပို့နိုင်ရန်အတွက် မြစ်တွင်းသွားရေယာဉ်/ဆီတွဲများအား ငှားရမ်း၍ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အဆိုပါငှားရမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါက စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Letter of Expression of Interest)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI (Letter of Expression of Interest)တွင် တင်ပြရန် လိုအပ်သည့် အချက်အလက်များကို မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်လိုသူများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ရေနံထုတ်လုပ်ရေးဌာနတွင် ၂၀၁၆ခုနှစ် မေ ၉ရက်မှစ၍ ဇွန် ၃၀ရက်အထိ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းရရှိနိုင်ပါသည်။

၃။ တင်သွင်းလာသော စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလျှောက်လွှာ (Letter of Expression of Interest)များအနက် အချက်အလက်များနှင့် ပြည့်စုံသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီနှင့်အဖွဲ့အစည်းများကို ပဏာမစိစစ်ရွေးချယ်ပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူသွားမည် ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

**အမည်ပြောင်း**

မရမ်းကုန်းမြို့နယ်၊ ဦးဇေယျာလင်း ၁၂/မရက(နိုင်)၁၁၅၁၂၉၏ သား အံ့ဖုန်းထွဋ်အား အာကာမိုးမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အာကာမိုးမြင့်**

**ဇေယျဝတီဆရာတော်ဘဒ္ဒန္တသောဘန (B.A.M.Y.A)**
**ပြည်ပ ဓမ္မခရီးနှင့်မိုးကုတ်ဝိပဿနာတရားစခန်းပွဲဖိတ်ကြားလွှာ**

" ရန်ကုန်တိုင်းဒေသကြီး၊ မူလဥယျာဉ်တိုက် လေသာလေးကျောင်း၊ နိဗ္ဗာန်ရွှေဂူကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာများ၏ အဓိပတိ၊ ၈၂၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) အရှင်သူမြတ်သည် အနောက်သြစတြေးလျပြည်နယ်၊ ပါသ်မြို့ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအသင်းကြီးမှ ကြီးမှူး၍ No, 184, Marangaroo drive Girawheen WA 6064 တွင် မိုးကုတ်ဝိပဿနာတရားစခန်းများကို သုံးနှစ် ပြည့် (၅)ကြိမ်မြောက် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ အမှုဆောင်များ၏ ပင့်လျှောက်ချက်အရ ဆရာတော်ဘဒ္ဒန္တသောဘန( ဇေယျဝတီဆရာတော်) သည် ကပ္ပိယကာရကအဖြစ် သံမှူးကြီး (ငြိမ်း) ဦးမြင့်စိုး လိုက်ပါလျက် ၁၁. ၅. ၂၀၁၆ တွင် ကြွရောက်မည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသည့် ဓမ္မယောဂီများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်--။"

အမှုဆောင်များ -
၁။ စုစုထွေး 0449 732 994 ၂။ နိုလင်း 0481 584 564 ၃။ မြင့်အောင် 0412 447 035

တရားစခန်းနေရာ - No, 184, Marangaroo drive Girawheen WA 6064
နေ့ရက် - 14 May 2016 to 23 May 2016
ဆက်သွယ်ရန် - MoGok Vipassana Dhamma Yeikthar
No, 184, Marangaroo drive Girawheen WA 6064
E-mail Suuhtway@yahoo.com

ပြည်တွင်း တွင်လည်း ၁၀. ၅. ၂၀၁၆ မှ ၉. ၆. ၂၀၁၆ မိတ္ထီလာမြို့ အမှတ်-၁ ၂၉တွင် လည်းကောင်း၊ တောင်ကြီးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၁၀. ၆. ၂၀၁၆ ဩဝါဒဖြင့် ၁၁. ၆. ၂၀၁၆မှ၂၀. ၆. ၂၀၁၆ ထိလည်းကောင်း ဟောကြားပြသမည်ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G-5761 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/5875၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အပန်းဖြေလာရောက်သူများပြားလာသည့် မုက္ခာရေတံခွန်စခန်း



**မင်းလှ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့နယ် အရှေ့ဘက် သရက်တပင်တာဆုံမှ ကိုးမိုင်အကွာရှိ ငွေးပင်ကုန်းအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအထက် မိုင်ဝက်ခန့်နေရာတွင် ဆည်မြောင်းဦးစီးဌာန မုက္ခာဆည်ရေလှောင်တွင်းရှိ မုက္ခာရေတံခွန်မှာ လူအများ သွားရောက်အပန်းဖြေနားခိုရာစခန်းတစ်ခုအဖြစ် လူသိများလျက်ရှိသည်။

ပဲခူးရိုးမမှ စီးဆင်းလာသော မုက္ခာချောင်းမှာ ရေစီးသန်သောချောင်းဖြစ်ပြီး မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်များသို့ ဖြတ်သန်းပြီး ရောဝတီမြစ်အတွင်းသို့ စီးဝင်သည်။ ယင်းချောင်းအတွင်းသို့ စီးဝင်သော ရေများကို သိုလှောင်၍ တမံအမြင့် ၇၈ ပေ၊ အလျား ပေ ၄၇၀၊ ရေသိုလှောင်ပမာဏ ၂၄၁၁၂ ဧကရှိသော မုက္ခာရေလှောင်တမံကို ၂၀၀၉-၂၀၁၀ တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

မုက္ခာဆည်သည် ဆည်ရေသောက်ဧရိယာ ၁၀၀၀ ကို ရေပေးဝေသော ရေလှောင်တမံဖြစ်ပြီး မုက္ခာရေတံခွန်မှာ မုက္ခာ ရေလှောင်တမံ၏ အောက်ဘက် ပေ ၁၄၀၀ အကွာ၌တည်ရှိသည်။ အမြင့်ပျှမ်းမျှ ၅၀ ပေရှိပြီး အကျယ်ပေ ၄၀ ဆင်ခြေလျှောသဖွယ် ရေစီးဆင်းမှုအားကောင်းခြင်း၊ ဆည်မှလွှတ်သော ရေများမှာ အေးမြနေခြင်း၊ ပတ်ဝန်းကျင်သဘာဝရှုခင်းရှုကွက်များ ကောင်းမွန်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ လာရောက်အပန်းဖြေကြသူများ တိုးပွားလာပြီး လူစည်ကားလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ယခုအခါရပ်ဝေးရပ်နီးမှ လေ့လာသူများ၊ အပန်းဖြေသူများ၊ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ လာရောက်လျက်ရှိရာ နေ့စဉ်ပျမ်းမျှ လူဦးရေ ၂၀၀ မှ ၅၀၀ အထိရှိကြောင်း သိရသည်။

ထိုသို့ အပန်းဖြေလာရောက်သူများ မုက္ခာရေတံခွန်တွင် နားခိုရာနေရာနှင့် အစားအသောက်ရောင်းချသောဆိုင်များ မရှိသလောက်ရှားပါးပြီး အပန်းဖြေလာကြသူများမှာ ဆည်မြောင်းဦးစီးဌာန စစ်ဆေးရေးဂိတ်မှတစ်ဆင့် ဝင်ရောက်ကြရသည်ဖြစ်၍ ဆိုင်ကယ်များဖြင့်လာသူများ အလွယ်တကူ ဝင်ရောက်ခွင့်ရသော်လည်း မော်တော်ကားဖြင့် လာရောက်သူများမှာ သက်ဆိုင်ရာသို့ သတင်းပို့ပြီးမှ ဝင်ရောက်ကြကြောင်း သိရသည်။

ဆည်မြောင်းဧရိယာအတွင်းရှိ နေရာများနှင့် ရေတံခွန်တစ်ဝိုက်သို့ လွတ်လပ်စွာသွားလာအပန်းဖြေနိုင်ကြပြီး မည်သည့်အခကြေးငွေမှပေးရန် မလိုကြောင်း သိရသည်။ ရေတံခွန်မှ စီးဆင်းသောရေမှာ ရေလှောင်တမံ၊ ရေတံခါးမှ ထိန်းညှိချပေးမှုဖြင့် စီးဆင်းလျက်ရှိရာ ရေရှားပါးသော အချိန်ကာလတွင် မုက္ခာဆည်မှ ဖြစ်ပေါ်လာသော မုက္ခာရေတံခွန်မှာ ဒေသခံပြည်သူများနှင့် အပန်းဖြေလာရောက်သူများအတွက် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမ တိုးချဲ့ဆောင်ရွက်မှု ဆွေးနွေး

**မူဆယ် မေ ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် မေ ၇ ရက်က ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမသို့ရောက်ရှိပြီး သက်ဆိုင်ရာတာဝန် ရှိသူများနှင့် လူထုလူတန်းစားအလွှာအသီးသီးမှ တင်ပြလာသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတင်ပြချက်များကို လည်းကောင်း၊ မြို့ရွာလမ်းများ ပြုပြင်ရေးနှင့်သောက်သုံးရေ၊ စိမ့်စမ်းရေထွက်ဦးများ သဘာဝဝန်းကျင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မူဆယ်မြို့ မြို့တော်ခန်းမဆောင်သို့ရောက်ရှိရာ ခရိုင်၊ မြို့နယ်သက်ဆိုင်ရာ တာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးများနှင့် မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မူဆယ်မြို့ပြဖွံ့ဖြိုးရေး အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ကို အထူးအလေးထားထိန်းသိမ်းရေးနှင့် နယ်စပ်ဒေသကုန်သွယ်မှုလမ်းကြောင်း အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ မူဆယ်မြို့ပြမြေပုံအား နိုင်ငံတကာစံချိန်နှင့်ယှဉ်ပြီး ရေးဆွဲရေး၊ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းကြောင်းသည် ပြည်ပပို့ကုန်၊ သွင်းကုန်၏ ၇၀ ရာခိုင်နှုန်းကျော် သွားလာအသုံးပြုသည့် ပြည်ထောင်စုလမ်းမဖြစ်၍ အဆင့်မီ တိုးချဲ့ဆောင်ရွက်ရေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်း၊ ပြည်သူများမှ မေးမြန်းသည်များကို သက်ဆိုင်ရာဝန်ကြီးများနှင့် တိုက်ရိုက်ဆွေးနွေးရှင်းလင်းဖြေကြားခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့နောက် မူဆယ်မြို့ပြ စီးပွားရေးဇုဟို ဖွံ့ဖြိုးရေးဇုန်သစ်(New Star Light) သို့ တစ်ဖက်နိုင်ငံနှင့်ယှဉ်၍ အသစ်တည်ဆောက်ထားသော မြို့ပြသစ်ဇုန်သို့လည်းကောင်း၊ မြန်မာ-တရုတ် အဓိက ဝင်၊ ထွက် (နယ်ခြား) နန်းတော်ဂိတ်သို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# ပျဉ်းမနား ရဲတပ်ဖွဲ့ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ပျဉ်းမနား မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၈ ရက်က ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဋ္ဌေး နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းကိုထွေးတို့ ဦးစီး၍ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒုရဲမှူးတင်ဋ္ဌေးက မှုခင်းကျဆင်း ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ်သို့ အသွင်သဏ္ဌာန်ပြောင်းလဲပြီး အနှစ်သာရ တိုးတက်အောင်မြှင့်တင် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ကို ပြည်သူများ ယုံကြည်အားကိုးပြီး ရဲလုပ်ငန်းစဉ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး အရေးကြီးကြောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၄၅)



# မျက်မမြင်သင်တန်းသားခေါ်ယူ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း (စစ်ကိုင်း)တို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုသော အိမ်ထောင်မရှိသူ မျက်မမြင် အမျိုးသားအမျိုးသမီး(လူမျိုးဘာသာမရွေး)အောက်ပါ စည်းကမ်းသတ်မှတ်ချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်သည်။

**လက်ခံသည့် မျက်မမြင်အမျိုးအစား**

၁။ လုံးဝမမြင်သူများ

၂။ အနည်းငယ်မြင်သူများ(အမြင်အား ၁/၁၀ ထက်မပိုရ)

၃။ ကုသ၍မရနိုင်သည့်မျက်မမြင်များ

**စည်းကမ်းချက်**

၁။ စာပေနှင့်လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူဖြစ်ရမည်။

၂။ အသက် (၆)နှစ်မှ (၁၈)နှစ်အတွင်းဖြစ်ရမည်။

၃။ မိဘ(သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

အထက်ပါအချက်အလက်နှင့်ပြည့်စုံသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း အမှတ်-၁၃၂ ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ မျက်မြင်ကျောင်း မြို့သစ်ရပ်ကွက် မရှိခဏာဘုရားအနီး စစ်ကိုင်းမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်သည်။ သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ လျှောက်ထားနိုင်ပြီး အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၂၉၄၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း - ၀၁-၉၃၁၇၀၇၀၊ ၀၁-၉၃၁၇၁၂၆ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၁-၂၂၂၂၃၇ ၊ ၀၉-၉၁၀၃၃၇၃၆ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**လှိုင်ကော် မေ ၁၀**

ကယားပြည်နယ် လွိုင်ကော်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား လွိုင်ကော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းကုဋ္ဌေ ဦးစီး၍ မေ ၇ ရက်က ဓာတ်အားပိတ်၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းရခြင်းမှာ ယခုအခါ လေပြင်းမုန်တိုင်းများ တိုက်ခတ်၍ မိုးများသည်းထန်စွာရွာသွန်းမှုတို့ကြောင့် သစ်ပင်သစ်ကိုင်းများ ကြိုးကျ၍ ဓာတ်အားလိုင်းပေါ်သို့ ကျရောက်နိုင်သဖြင့် မလိုလားအပ်သော လျှပ်စစ်အန္တရာယ်နှင့် ဓာတ်အားပျောက်ဆုံးမှုများ၊ မီးပြတ်တောက်မှုများကို ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ရက်ပေါင်း ၁၀၀ အတွင်းယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းစေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၀**

နေပြည်တော်၌ ရက်ပေါင်း ၁၀၀ အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှု လျော့နည်းစေရေးအတွက် မေ ၈ ရက်က နေပြည်တော်အတွင်းရှိ မြို့နယ်အချို့၌ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့က မော်တော်ဆိုင်ကယ်စီးသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်း၊ ခိုင်ခံ့၍ကောင်းမွန်သော ဆိုင်ကယ်စီးဦးထုပ်များအားခွဲခြား၍ ပြသနာအသိပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဦးထုပ်မဆောင်းသော ဆိုင်ကယ်စီးသူများအား နီးစပ်ရာ ဆိုင်ကယ်ဦးထုပ်အရောင်းဆိုင်များတွင် ဦးထုပ်ဝယ်ခိုင်း၍ ဆောင်းစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအထူးလိုက်နာကြရန် အသိပညာပေးဆောင်ရွက်ခြင်းများပြုလုပ်၍ စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များအား အရေးယူဆောင်ရွက်ခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်း၊ သက်မှတ်လိုင်စင် မပါသည့် ဆိုင်ကယ်များကို ချလန်ဖြတ်အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(၀၁၁)

# တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသပေး

**ကော့ကရိတ် မေ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် တိုင်းရင်းဆေးပညာဖြင့် မေ ၉ ရက်က ကော့ကရိတ်မြို့နယ် မြပတိုင်ကျေးရွာတွင် ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရာသို့ မြပတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၃၈ ဦး လာရောက်ဆေးကုသခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တစ်လလျှင်တစ်ရွာနှုန်းဖြင့် လစဉ်သွားရောက်၍ ကွင်းဆင်းဆေးကုသပေးမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်ထံမှ သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခ်ီရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ၆၆ လမ်းပေါ် ပျော်ပွဲစားထွက်ခြင်း

## ဆူးငှက်

***(ယခင်အပတ်မှအဆက်)***

အခုတစ်လော မြန်မာပြည်အထက်ပိုင်းမှာ အအေးဓာတ်က ညပိုင်းနှင့် မနက်စောစောပိုင်း၌သာ ရှိတော့၏။ နေ့လယ် နေ့ခင်းတွင် ချစ်ချစ်တောက် မဟုတ်စေကာမူအပူဓာတ်က သိသိသာသာ ဝင်ရောက်လာပါပြီ။ တစ်ခါတစ်ရံ တောင်လေတွင် လေပူငွေ့တချို့ လိုက်ပါလာသေး၏။ အခုလည်း ကျွားမင်းကြီး ရွာနံဘေး လယ်ကွင်းစပ်ကတလင်းတဲလေးမှာ အပူဓာတ်တွေ လွှမ်းခြုံထားသည်။ ပတ်ဝန်းကျင် အပူ၊ ရင်ထဲက အပူ။

ထိုအပူကို မြေအိုးရဲရဲအေးစိမ့်စိမ့်လေးနှင့် ပင်ပေါ်ကျလတ်ဆတ် ရှုတ အေးမြမြအရည်က သက်သာစေလိုက်သည်။ အချင်းချင်းလက်တို့၍ပင် ကောင်းသတင်းကို ချက်ချင်းဖြန့်ဝေလိုက်ရ၏။

စပါးတောကလယ်ကွက်တွေမို့ အသားကဆူသည်။ အဆီကဝင်းသည်။ ကင်ထားပုံကလည်း အပေါ်ယံ အရေပြားလေး ကွပ်ရှနေ၏။ အသားတွေကမြှောင်းမြှောင်းထနေသည်။ ဆားနန္နင်းကိုင်တွယ်ပုံ အချိုးကျလှသဖြင့် အရသာရှိလှ၏။ ကြက်သွန် နိုင်းချင်းနှင့် ခရမ်းချဉ်သီးသုတ်၊ ကွက်ကြော်နှင့်ထမင်းဆီဆမ်းမှာ ဇွန်းမချချင်လောက်အောင် လက်မလည်တော့။

တာဝန်တွေ၊ အလုပ်တွေဘေးချပြီး မညည်းကြေး၊ မညူကြေး၊ လွတ်လပ်ပွင့်လင်းဟန်မဆောင်စတမ်း ရင်ဖွင့်ကြ၊ ပြောကြ၊ ဆိုကြ။

တကယ်တော့ ပြောကြဆိုကြဆိုတာကို လွယ်လွယ်ပြောတာမဟုတ်။ စကားတွေပြောကြသလို ဆိုကြသည်။ ဆိုကြတာမှ သီချင်းပေါင်းစုံ။ မြို့မငြိမ်း၊ ရွှေတိုင်ညွန့်၊ စိန်ဝေလျှံ၊ စန္ဒရားလှထွတ်၊ ကိုရွှေမောင်၊ နန်းတော်ရှေ့ဆရာတင်၊ တွံတေးသိန်းတန်၊ သောင်းတင်ဌေး၊ ကိုလေးညွန့်၊ စောင်းဦးဘသန်း၊ မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသား၊ ဆရာညှာ၊ ကိုအေးကျော်၊ အို... စုံလို့ စုံလို့။ ကျွန်တော်တို့သည် လွတ်လပ်ပေါ့ပါးခြင်း၏အရသာကို ခံစားနေကြရသည်။ ကွက်ကင်ရနံ့လေးက သင်းနေ၏။ မိုးထားသော ထန်းရွက်သင်းရနံ့လေးကလည်း သင်းနေ၏။ ပဲစင်းငုံရိုးပြတ်ရနံ့လေးကလည်း သင်းနေ၏။ ပြောဖြစ်သောစကား၊ ဆိုဖြစ်သောသီချင်းလေးတွေကလည်း သင်းနေ၏။ ဤသို့ဖြင့် အေးအေးလူလူ နားခိုကြရင်း မွန်းလွဲ ၂ နာရီကျော်မှ ကျွားမင်းကြီးက ထွက်ခွာခဲ့ကြသည်။ ကားပေါ်အတက်မှာပင် ကျွားမင်းကြီးက ဆိုင်ရှင်သည် ကားပေါ်သို့ မြေအိုးနီနီလေးသုံးလုံးနှင့် ကွက်ကင်ကြော်ရဲရဲငါးကောင်ကို လက်ဆောင်အဖြစ် ဇွတ်ထည့် ပေးလိုက်သေးသည်။

ဓာတ်စက်အပ်သွားသဖြင့် မရပ်မနားနှင့်အရှိန်မသတ်နိုင်တော့။ ကားပေါ်မှာ စည်တော်ကြီး၊ ရန်ကုန်သူ၊ ကျေးရွာ ဝါဒသံက မြိုင်မြိုင်ကြီးပေါ်ထွက်နေသည်။ လှတောကို ကား ကလေး ဖြတ်သွားတော့ ကားပေါ်ကအသံတွေကြောင့် လှတောသားတွေ တအံ့တသြ လှမ်းကြည့်နေကြသည်။

ဤသို့ဖြင့် ရွှေဘိုမင်္ဂလာဆောင်ကို အချိန်ကောင်းမှ ရောက်သွားတော့သည်။ မင်္ဂလာဆောင်ခန်းမ၏ ဖဲကြိုး ရောင်စုံ၊ နှုတ်ဆက်အပြုံးများကြားတွင် ကျွန်တော်တို့၏လွတ်လပ်ပေါ့ပါးမှုလေး တစ်ခဏတာထိန်းသိမ်းထားလိုက် ကြရသည်။ နေမထိထိုင်မသာ။ ထိုအခါစားစရာရှိတာ မြန်မြန်စား၊ လက်ဖွဲ့စရာရှိတာ မြန်မြန်ဖွဲ့၊ နှုတ်ဆက်စရာရှိတာ မြန်မြန်နှုတ်ဆက်ပြီး မနက်စာထမင်းမစားရသေးလို့ဟူသောအကြောင်းပြချက်ဖြင့် ဝင်းလက်ခံ့ညားရောင်စုံအဝန်းအဝိုင်းမှ အလိုက်မသိစွာ ထွက်ခွာခဲ့ကြ၏။ ရွှေဘိုလမ်းမတော်ပေါ်ရောက်တော့ ကျွန်တော်တို့ စိတ်ကြိုက်ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်သည်။ "အေဒင် အာဟာရ ဥယျာဉ်သို့ ခြေလှမ်း(၁၀)တဲ့"

ဆိုင်းဘုတ်လမ်းညွှန်ရာနောက်လိုက်ကြတော့ အေဒင်ကို တွေ့ပါပြီ။ အေဒင်သည် မြို့ပြလမ်းမကြီးဘေးကဥယျာဉ်လေး ဖြစ်၏။ သီးခြားလွတ်လပ်မှုလေးဖန်တီးထား၏။ ပြီးတော့စီဒီအိုကေခန်းလည်းရှိသည်။ ထိုအခါ ကျွန်တော်တို့ ခုနစ်ယောက်သည်-

ကိုမင်းနောင်၊ ကိုမောင်မောင်ကြီး၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွတ်၊ ရာဇာဝင်းတင့်၊ လွှမ်းမိုး၊ အောင်ရင် အသီးသီးအသွင်ပြောင်းလဲသွားကြသည်မှာ ည ၇ နာရီတိုင်တော့သည်။ ထိုအချိန်ကျမှ မင်္ဂလာသတို့သား သတို့သမီးကို အိမ်တိုင်ရာရောက် သွားရောက်နှုတ်ဆက်ကာ အလုပ်တွေ၊ တာဝန်တွေ၊ ဝတ္တရားတွေ ဖိစီးဦးမည့်မန္တလေးက 'အိမ်' အသီးသီးဆီသို့ ဦးလှည့်ကာ ပြန်ခဲ့ကြတော့၏။

တကယ်တော့ "အနားယူမှု"ကို အဆင်မပြေစွာဇွတ်ဖန်တီးနေကြရသည်မှာ ကျွန်တော်တို့တွင် မဟုတ်၊ သူသူငါငါမှာလည်း ရှိကောင်းရှိနေပါလိမ့်မည်။ ကမ္ဘာကြီးမှာ သိဖို့ တတ်ဖို့ တိုးဝှေ့နေရသည်မဟုတ်လော။ လုပ်ဖို့ကိုင်ဖို့ တွန်းထိုးနေရသည်မဟုတ်လော။ ထိုအခါရသမျှအချိန်လေးမှာ အနားယူခြင်းကိစ္စကို ဖန်တီးနေကြရတော့ လုပ်နည်းကိုင်နည်းတွေက တယ်အဆင်မပြေလှ။ ထိုအခါ ငယ်ဘဝကိုလွမ်းဆွတ်ရပြန်တော့သည်။

ထိုနေ့က ဥပုသ်နေ့မို့ အစောကြီးကတည်းက နိုးနေသည်။ အမေကပင်"ဒီကောင်လေးကျောင်းမသွားရတဲ့နေ့ကျ အစောကြီး အိပ်ရာထတယ်"ဟု ဒေါသပြောလေးပြောနေသေး၏။ ကျွန်တော်က မျက်နှာသစ်၊ အဝတ်စားလဲကာ မြောက်ဘက်အိမ်ဆီ တစ်ကြည့်တည်းလှမ်းကြည့်နေမိသည်။ အရင်နေ့တွေက မြောက်ဘက်အိမ်၏အိမ်ရှေ့တဲကလေးထဲမှာ အခုအချိန်လောက်ဆိုရင် တူသံတတောက်တောက်ဖြင့် "ခြေနင်း"ချုပ်နေကြပြီ။ ဒီနေ့ဥပုသ်နေ့ဆိုတော့ အလုပ်နားကြတာပေါ့။ ထို့နောက် ခြေနင်းချုပ်သော အလုပ်ခုတင်ပေါ်မှာအိပ်နေသည့် ဦးလေးက အခုထိမထသေး။ သူ့ခြင်ထောင်ကို ထောင်လျက်မြင်နေရသည်။ ကျွန်တော်က ဖင်တကြွကြွဖြစ်နေသည်။ ဟုတ်သည်။ ဦးလေးကလွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ကျွန်တော့်ကို ပြောထား၏။ "ဥပုသ်နေ့ ရောက်ရင် မဲဇလီရွက်သွားခူးကြရအောင်" တဲ့။ ကျွန်တော်ကား မနေ့ညကတည်းက နက်ဖြန်မဲဇလီရွက်သွားခူးရမယ်ဟူသောအတွေးဖြင့် တစ်ညလုံးအိပ်မပျော်ဖြစ်နေတာ ဦးလေးလည်းသိမှာမဟုတ်။ မနက် ၆ နာရီထိုးတွင် နောက်ဘက်လမ်းကြားမှ ဦးမှန်ခေါက်ဆွဲလှည်း တဂျောင်းဂျောင်းတွန်းကာ ဈေးသို့သွားကတည်းက ကျွန်တော်အိပ်ရာကထသည်။ မျက်နှာသစ်အဝတ်စားလဲပြီးပြီ။

ဦးလေးက အခုထိမထသေး။ ဆွမ်းခံကိုယ်တော်တွေကြွလာချိန် မနက် ၆ နာရီခွဲလောက်မှ နိုးလာ၏။ ကျွန်တော်က ဦးလေးကို အစောကြီးမထရကောင်းလား အပြစ်တင်တော့ "ဥပုသ်နေ့ပဲကွာ ဘာအလုပ်မှမရှိဘူး၊ တစ်နေ့လုံးအားနေတာပဲ ဖြည်းဖြည်းပေါ့"တဲ့။ ဦးလေးကအိပ်ရာသိမ်း၊ မျက်နှာသစ်၊ အဝတ်စားလဲပြီး သူ့စက်ဘီးကိုထုတ်လာသည်။ စက်ဘီးကို ဖုန်သုတ်၊ လေစမ်း၊ လေထိုးပြီး အမေချေးဝယ်သော ပလတ်စတစ်ဆွဲခြင်းလေးကို စက်ဘီးလက်ကိုင်မှာချိတ်လိုက်၏။ ထို့နောက် အမေ့ကို လှမ်းပြီး "မမ-ကျွန်တော်တို့ မဲဇလီရွက်ခူးသွားမလို့"ဟု ပြောသည်။ အမေက"ဟဲ့--ထမင်းတွေ ကျက်နေပြီလေ၊ ထည့်ယူသွားပါလား"ဆို တော့ ဦးလေးက "ကောင်းသားပဲ"ဟု ပြောကာ နှစ်ဆင့်ချိုင့်လေးဖြင့် ထမင်း ပူပူနွေးနွေးရယ်၊ ငါးခြောက်ချက်ရယ်၊ ကုလားပဲဟင်းရယ်၊ ငရုပ်သီးကြော်တောင့်နှင့် သရက်ချဉ်သုတ်များကို ထည့်သည်။ ပြီးတော့ စက်ဘီးရှေ့ဆွဲခြင်းလေးထဲထမင်းချိုင့်လေး ထည့်ပြီး စက်ဘီးလေးတွန်းထွက်ကြသည်။ အမေက "မိုးမချုပ်စေနဲ့နော်"ဟု လှမ်းအော်ကျန်ရစ်ခဲ့သည်။

ဦးလေးသည် ဥပုသ်နေ့တိုင်း မပျက်မကွက်ထိုင်နေကျ ရုံတော်ကြီးက ထိုင်စိန်ကဖေးကိုဝင်သည်။ ထိုင်စိန်မှာလက်ဖက်ရည်သောက်ပြီးတော့ ဦးလေးကစက်ဘီးနင်း၊ စက်ဘီးနောက်ကကယ်ရီယာခုံပေါ်ကျွန်တော်က စွေ့ခနဲတက်ကာ မဲဇလီရွက်ခူးခရီးစဉ်စခဲ့ကြတော့၏။ မဲဇလီရွက်ညွန့်လေးတွေကိုခူး၊ ပြုတ်၊ မြှုပ်စား၊ သုပ်စားနိုင်သည်။ ခါးသက်သက် အရသာရှိသည်။ ငါးပိချက်နှင့်မြှုပ်စားလို့ အလွန်ကောင်း၏။ မြေပဲဆန်၊ ကြက်သွန်နီနိုင်းချင်းဖြင့်လည်း သုပ်စားကြသည်။ မန္တလေးမှာမဲဇလီပင်တွေပေါပါသည်။ အထူးသဖြင့် မန္တလေးအရှေ့ခြမ်းမှာ လမ်းတိုင်း၏ဘေး၌ မဲဇလီပင်တွေခပ်စိပ်စိပ်ရှိနေပါ၏။ ထို့ပြင်ရောဝတီမြစ်တာရိုးကြီးအတိုင်း ညောင်ကွဲအိုးဘိုဘက်ကိုသွားပြီး ရွှေတချောင်းမြောင်းပေါင်အတိုင်း မြောက်ဘက်တစ်လျှောက်မဲဇလီပင်တွေချည်းရှိခဲ့သည်။ အရင် တစ်ခေါက်တုန်းကတော့ ဦးလေးနှင့် ညောင်ကွဲအိုးဘိုဘက်မဲဇလီရွက်ခူး သွားဖူးသည်။ ညောင်ကွဲရေလွှဲတံခါးကြီးကျော်ပြီး အိုးဘိုဘူတာလေးအတိုင်း သံလမ်းတစ်လျှောက်မှာလည်း မဲဇလီပင်တွေရှိသည်။ စက်ဘီးလေးကို သစ်ပင်ရိပ်တစ်ရိပ်မှာထောင်၊ အစီအရီပေါက်နေသော မဲဇလီပင်လေးတွေမှာ အညွန့်လေးတွေနုဖတ်နေ၏။ အောက်ကနေလှမ်း၍ ခူးနိုင်သည့် အပင်လေးများရှိသလို၊ အပင်ပေါ်တက်၍ခွဆုံ ကနေလည်းလှမ်းခူးနိုင်သည်။ လက်လှမ်းမီသလောက်ခပ်ဖြည်းဖြည်း ခူးရင်း အရိပ်ကောင်းသောတစ်နေရာရောက်တော့ပါလာသည့် မုန့်ပဲသရေစာထုတ်စား။ တစ်ခါတစ်ရံပါလာသည့် ပလတ်စတစ် အခင်းတွေ၊ ပုဆိုးကွင်းဟောင်းတွေသစ်ပင်ရိပ်မှာ ဖြန့်ခင်းပြီး တစ်ရေးတစ်မောလည်း အိပ်စက်ဖြစ်ပါသေးသည်။

***စာမျက်နှာ (၁၇)သို့***

**တကယ်တော့ "အနားယူမှု" ကို အဆင်မပြေစွာ ဇွတ်ဖန်တီးနေကြရသည်မှာ ကျွန်တော်တို့တွင် မဟုတ်၊ သူသူငါငါမှာလည်း ရှိကောင်းရှိနေပါလိမ့်မည်။ ကမ္ဘာကြီးမှာ သိဖို့တတ်ဖို့ တိုးဝှေ့နေရသည်မဟုတ်လော။ လုပ်ဖို့ကိုင်ဖို့ တွန်းထိုးနေရသည် မဟုတ်လော။ ထိုအခါ ရသမျှအချိန်လေးမှာ အနားယူခြင်းကိစ္စကို ဖန်တီးနေကြရတော့ လုပ်နည်းကိုင်နည်းတွေက တယ်အဆင်မပြေလှ။**



*စာမျက်နှာ ၁၆ မှ*

အဲဒီအခေါက် မဲဇလီရွက်ခူးသွားတုန်းက မြောက်ပြင်ကန္တေပျား စောင်စက်ဆိုတာလည်း မြင်ဖူးလိုက်သည်။ ဥပုသ်တော်ရပ်ဆိုတာလည်း ရောက်ဖူးလိုက်သည်။ ခေါင်းတိုင် မြင့်မြင့်နှင့် ဖြစ်စက်ကိုလည်း တအံ့တသြတွေ့ဖူးလိုက်၏။ ကြာကန်များ၊ ငါးကန်များ၊ လယ်ကွင်း၊ လယ်တဲ၊ ဘူတာရုံ လေး၊ ကဏန်းတွင်း၊ အုန်းမှုတ်ခွက်နှင့်ရေအိုး၊ အို…မတွေ့ မမြင်မကြုံဖူးသော မြင်ကွင်းစုံ အတွေ့အကြုံတွေ သိမြင်လိုက်ရသည်။ ပျော်လိုက်တာလေ၊ ထို့ကြောင့်ကျွန်တော်သည် ဦးလေးနှင့် မဲဇလီရွက်ခူးခရီးစဉ်ကိုသဘောကျ နှစ်ခြိုက်နေမိသည်။ ဦးလေးကလည်း စက်ဘီးနင်းရင်း သီချင်းလေး တအေးအေး၊ လေလေးတချွန်ချွန် ပျော်မြူးနေသည်။ သူအလုပ်နားသော ဥပုသ်နေ့တစ်နေ့လုံးအေးဆေးသက်သာလွတ်လပ် ပေါ့ပါးစွာနေထိုင်တော့၏။ စောစောကပြောသလိုပါလာသည့် အစားအသောက်တွေစားပြီး အရိပ်ကောင်းကောင်းမှာ ပုဆိုးကွင်းခင်းကာ စိတ်ချလက်ချတခေါခေါဟောက်ပြီးလည်း အိပ်တတ်သည်။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်အသစ်၊ မြင်ကွင်းအသစ်တွေမှာ အိပ်မပစ်ရက်၊ နစ်မြောနေမိ၏။

ဟော-အခုအခေါက်မှာတော့ ထိုင်စိန်ကနေ(၄၄)လမ်းအတိုင်း မြောက်ဘက်ကို စက်ဘီးဦးလှည့်တော့ အရင်အခေါက်လိုပဲ ညောင်ကွဲအိုးဘိုဘက်သွားမှာလား ဟု ဦးလေးကိုမေးတော့-

"မဟုတ်ဘူးကွ၊ ဒီတစ်ခေါက်ရုံးကြီးဘက်နဲ့ ဆတ်ကျောင်းဘက်သွားရအောင်။ အပြန်မှာစီဗီလိုင်းက ကိုဘရီတို့ အိမ်လည်းဝင်ရအောင်"ဟုပြောသည်။

ရုံးကြီးတဲ့၊ ဆတ်ကျောင်းတဲ့၊ ဝေါဟာရအသစ်ဖြစ်သည်။

ကျွန်တော်မရောက်ဖူးသေးတာ သေချာသည်။ ဘယ်နေရာလဲဟု ဦးလေးကိုမေးတော့-

"ဇထူးကွင်းအရှေ့ထဲကို သွားရသေးတယ်ကွ"ဟုဦးလေးကဖြေသည်။

ဇထူးကွင်းကိုတော့ကျွန်တော်သိသည်။

ဦးလေးနှင့်အတူကျွန်တော့်အစ်ကိုဝမ်းကွဲတွေ၊ ဘကြီး၊ ဘဒွေးတွေအားလုံး ဇထူးကွင်းကို စွဲမက်ကြသည်။ သူတို့အလုပ်ကနေ့လည် နှစ်ချက် သုံးနာရီဆိုပြီးပြီ။ အလုပ်သိမ်းကာ ဘီလမ်း ဘဏ်တိုက်ရှေ့"ရုပ်ရှင်"ခြေနင်းဆိုင်သို့ ပြီးသည့်အလုပ်များပို့ရင်း ဇထူးကွင်းသို့ဆက်ပြီးဘောလုံး ပွဲသွားကြည့်ကြတာ မကြာခဏဖြစ်ပါသည်။

ကျွန်တော်ကျောင်းပိတ်လျှင်သူတို့နှင့် ဇထူးကွင်းသို့လိုက်ဖူး၊ ရောက်ဖူးတာ အကြိမ်ကြိမ်၊ ထို့ကြောင့် ဇထူးကွင်းကိုတော့သိပါသည်။ ရုံးကြီးနှင့် ဆတ်ကျောင်းကိုတော့မသိ။

*(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)*

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**သီပေါ မေ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာန သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စီမံချက်အရ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဝင်များသည် မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး တစ်အိမ်တက်ဆင်း ကျန်းမာရေး ပညာရပ်များကို ဟောပြောကာ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



အဆိုပါ ကျန်းမာရေးပညာပေးအဖွဲ့သည် မေ ၇ ရက်က မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်အေးသန္တာထွန်း ဦးဆောင်သောအဖွဲ့သည် သီပေါမြို့တောင်ဘက်ခြမ်း တောင်မြို့အုတ်ကျင်း၊ ရွှေကျောင်းရပ်ကွက်များတွင် တစ်အိမ်တက်ဆင်းဝင်ရောက်ကာ ပညာပေးဟောပြောပြီး ရေတွင်း၊ ရေကန်များကို အဘိတ်ဆေးများခတ်ပေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများအရောင်းအဝယ်အေးနေ

**ရန်ကုန် မေ ၁၀**

သင်္ကြန်ပြီး၍ မေလပထမပတ်သို့ပင်ရောက်ရှိလာသည့်တိုင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများ အရောင်းအဝယ် အေးနေကြောင်း ကြည့်မြင် တိုင်မြို့နယ် သရက်တောရပ်ကွက်ရှိ အုတ်သဲကျောက်ရောင်းဝယ်ရေးဒိုင်မှ ဦးဝင်းဇော်က ဆိုသည်။

အစိုးရသစ်၏ ဆောက်လုပ်ရေးဆိုင်ရာ မူဝါဒစည်းမျဉ်းစည်းကမ်းအပေါ် စောင့်ကြည့်နေမှု သင်္ကြန်ရက်များအတွင်း လုပ်ငန်းများခေတ္တနားနေမှုတို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ ယာယီရပ်နားနေကြသည်ကို တွေ့ရသည်။

တစ်ပိုင်တစ်နိုင် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "အခု တိုက်ခန်းဈေးတွေက ကျလာတယ်။ အခန်းပေးအခန်းယူစနစ်ဖြစ်ပေမယ့် ဝယ်သူကဈေးမလိုက်လာဘူး။ နောက်ပြီး တန်ဖိုးနည်းအိမ်ရာ အရစ်ကျအိမ်ရာ တွေကို စောင့်ကြည့်နေကြတယ်" ဟု ဆိုသည်။

အချို့သော ကန်ထရိုက်များသည်ပင် ဆောက်လက်စလုပ်ငန်းများကို လက်စသပ်နေပြီး စည်ပင်သို့လျှောက်ထားကာ ပြန်ကျသည့်တိုင်လုပ်ငန်းမစသေးသည်ကို တွေ့ရှိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းများပေါ်မူတည်၍ အကြွေးစနစ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ရောင်းချပေးထားသည့် ဒိုင်ကြီးများပင်ရောင်းထားငွေပြန်လည်ရရှိရေးအတွက် ဆောင်ရွက်နေကြရသည်ဟု ဘိလပ်မြေကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

ဆောက်လုပ်ရေး လုပ်ငန်းအချို့ရပ်တန့်မှုရှိသော်လည်း လုပ်ငန်းသုံးပစ္စည်းတစ်မျိုးဖြစ်သည့် ကျောက်စရစ်မှာ အထက်ပိုင်းတွင် မိုးကြီးထားမှုကြောင့် ရန်ကုန်သို့ အဝင်နည်းလျက်ရှိနေပြီး ဈေးပင်ပြန်လည်မြင့်တက်နေသည်။ ဦးဝင်းဇော်က "အထက်ဘက်မှာ မိုးကြီးနေတဲ့အတွက် လုပ်ငန်းတွေရပ်ထားတယ်၊ အဝင်နည်းတယ်။ အခုကျောက် စရစ်တစ်ကျင်းကို ငွေကျပ် ၅၀၀၀၀ ကနေ ၅၅၀၀၀ အထိ ဖြစ်လာတယ်" ဟု ပြောသည်။

သဲဈေး၊ အုတ်ဈေး၊ ဘိလပ်မြေဈေး အနည်းငယ်ကျဆင်းလျက်ရှိပြီး ယခင်က သဲကြမ်းတစ်ကျင်းလျှင် ငွေကျပ် ၁၂၀၀၀ ရှိရာမှ ယခုငွေကျပ် ၁၀၀၀၀ ဖြစ်လာပြီး ယခင်သဲနု တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၈၀၀၀ အထိ ဈေးကျလာသည်။

အုတ်ဈေးမှာရှစ်ပေါက်အုတ်တစ်လုံးလျှင် ယခင်ကငွေကျပ် ၁၁၅ မှ ယခုငွေကျပ် ၁၀၀၊ ဆယ်ပေါက်အုတ်တစ်လုံးလျှင်ယခင်ကငွေကျပ် ၁၂၅ မှ ယခုငွေကျပ် ၁၂၀ ဝန်းကျင်၊ လက်အုတ်တစ်လုံး လျှင် ယခင်ငွေကျပ် ၈၅ မှ ယခုငွေကျပ် ၈၂ ဝန်းကျင်ဖြစ်နေကြောင်း၊ ယခုအချိန်သည် အုတ်ဖုတ်သည့်ရာသီဖြစ်သော်လည်း အော်ဒါအမှာကျဲကြောင်း လှော်ကား၌ အုတ်ဖုတ်သည့် အုတ်လုပ်ငန်း ရှင်တစ်ဦးက ပြောသည်။

ဆောက်လုပ်ရေးတွင် အဓိကဖြစ်သည့် ဘိလပ်မြေဈေးမှာလည်း လုပ်ငန်းများ ငြိမ်နေခြင်းအရှိန်ကြောင့် ဈေးများကျဆင်းနေသည်။ ယခင်က ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀ မှ ပျမ်းမျှငွေကျပ် ၅၀၀ ဝန်းကျင် လျှော့ရောင်းနေကြရသည်။

ဘိလပ်မြေကိုယ်စားလှယ် ယူ ရောင်းသည့် ဦးစိန်ဟုတ် (စိန်ရောင်းဝယ်ရေး)မှ "ဒီနှစ်ကတော့ အရောင်းအဝယ်အေးတာ စံချိန်တင်လောက်တယ်။ ကုမ္ပဏီက အချိန်တန်ငွေတောင်းခံလွှာရောက်လာတယ်။ အဲဒီကိုပေးဖို့အတွက် နိုင်သမျှ လျှော့ရောင်းရတယ်။ အချို့ဆိုက်တွေက တိုက်ခန်းအတွက်ငွေပေးဖို့အခက်အခဲတွေ အများကြီးရှိနေတယ်"ဟု ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ပျဉ်းမနားမြို့၌ နွေရာသီ
# အလေးမ အားကစားသင်တန်းဆင်း




**ပျဉ်းမနား မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၏ ၂၀၁၆ ခုနှစ် နွေရာသီ အလေးမ အားကစားသင်တန်းဆင်းပွဲကို မေ ၈ ရက်က ရွှေချို ၂ လမ်းရှိ အစိမ်းရောင်လွင်ပြင်စကိတ်ကွင်း၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင် တက်ရောက်၍ ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ၂၀၁၆ ခုနှစ် နွေရာသီအလေးမ အားကစားသင်တန်းကို သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ခဲ့ကြသည့် သင်တန်းသား ၁၀ ဦးမှ တစ်ဦးချင်းစီ အလေးမ သရုပ်ပြသခဲ့ကြသည်။

ထို့နောက် အလေးမ သရုပ်ပြသခဲ့ကြသည့် သင်တန်းသားများအား အကဲဖြတ်အဖွဲ့က သုံးသပ်အမှတ်ပေးကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်အဆင့်(၂) ဆရာကြီးဦးတိုက်စိုးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများကို တစ်ဦးချင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)၊ ဓာတ်ပုံ - ရဲရဲ(ပျဉ်းမနား)**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေလပထမပတ်က စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောဘုရားကြီးကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေး ဆောင်ရွက်ပေးနေစဉ်။
**စစ်ကြည်(စလင်း)**



# မြစိမ်းရောင် အရင်းနှင့်အတိုးရငွေများ ပြန်လည်ထုတ်ချေးပေး

**ခရမ်း မေ ၁၀**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေလပထမပတ်က ကျုံကူးကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းအရ မြစိမ်းရောင်အရင်းနှင့် အတိုးရငွေများကို တတိယအကြိမ်ပွင့်လင်းမြင်သာစွာ ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၁၇)

# စံထားအပ်သော ဥပဒေစာအုပ်များ



ဦးဟန်ညွန့်(ဥပဒေ)

## ကျမ်းမျိုးစုံဖတ်ရသည်

တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များသည် စာဖတ်ရမည်။ စာမျိုးစုံ ဖတ်ရမည်။ ကျမ်းမျိုးစုံဖတ်ရမည် ဟုပြီးခဲ့သည့်အပတ်က ကျွန်တော်ရေးခဲ့သည်။ဘာစာအုပ်တွေ၊ ဘယ်လိုကျမ်းတွေဖတ်ရမည်လဲ။ တရားဥပဒေရေးရာနှင့် အဓိကစပ်ဆိုင်သော စာအုပ်များကို ဖတ်ရပေမည်။ မဖတ်ချင်လည်းဖတ်၊ ဖတ်ချင်လည်းဖတ်၊ တာဝန်အရကိုပဲဖတ်ရပေမည်။

## တရားလွှတ်တော်ရုံးလက်စွဲ

The High Court Manual (တရားလွှတ်တော်ရုံးလက်စွဲ)ကို ၁၉၃၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၁၉၅၈ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် တည်းဖြတ်ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခဲ့သောတရားလွှတ်တော်ရုံးလက်စွဲကို တရားရုံးချုပ် ညွှန်ကြားရေးမှူး(ငြိမ်း)ဦးဘတင်က မြန်မာပြန်ဆိုသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး၏ အမှာစာဖြင့် ယခုအခါ ပြန်လည်ထုတ်ဝေသည်။ ရှားပါးစာအုပ်၊ လမ်းညွှန်စာအုပ်ဖြစ်ပေသည်။

## သတ်မှတ်စာအုပ်များစာရင်း

တရားလွှတ်တော်ရုံးလက်စွဲ စာမျက်နှာ- ၂၂၇၊ နောက်ဆက်တွဲ-၉ တွင်**“တရားဝန်ကြီးများ၏စဉ်းစားခန်းအတွက် သတ်မှတ်စာအုပ်များစာရင်း”**ကိုဖော်ပြထားသည်။ နှစ်ပေါင်းကြာပါပြီ။ သို့ရာတွင်ယနေ့တိုင် ရည်ညွှန်းကိုးကား၍အကျိုးများဖွယ်ဖြစ်သည်။ ကိုဒ်ဥပဒေများနှင့် အက်ဥပဒေ များ၊ လက်စွဲများဖော်ပြထားသည်။ မြန်မာနိုင်ငံကိုဒ်ဥပဒေများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပါအဝင် ဥပဒေများ ပြဋ္ဌာန်းခြင်းဆိုင်ရာအမိန့် ၁၉၄၈၊ ဦးမေအောင်၏ မြန်မာဗုဒ္ဓဘာသာဝင်များဥပဒေ၊ ရစ်ချတ်ဒ်ဆန်ရေးသည့် မနုကျယ်ဓမ္မသတ်၊ မူလာရေးသည့်တရားမကျင့်ထုံးဥပဒေ၊ ပူးလ်လော့က်နှင့် မူလာတို့ရေးသည့်ပဋိညာဉ်နှင့် သီးခြားသက်သာခွင့်အက်ဥပဒေများ၊ ရာဇဝတ်မှုခင်းများဥပဒေ (ရက်တင်လာရေးသည်)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ (ဆိုဟိုနီရေးသည်)၊ သက်သေခံအက်ဥပဒေ(ဝုဒ်ရုဖ်နှင့်အမ်းမားအလီရေး) အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ (မစ်တရာရေး)၊ လူမွဲစာခံယူရေးဥပဒေ(မူလာ)၊ ကာလစည်းကမ်းသတ်အက်ဥပဒေ(ရက်တန်ဂျီ)၊ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ(ဘတ်ရှရမ်းနှင့်အဒီဂါ)၊ အစုစပ်အက်ဥပဒေ(ပိုးလော့စ်နှင့်မူလာ)၊ ပစ္စည်းထိန်းဥပဒေ (ဝုဒ်ရုဖ်ရေး)၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ စမော်ကော် တရားရုံးများအက်ဥပဒေ၊ အမွေဆက်ခံခြင်းအက်ဥပဒေ၊ အမွေလွှဲပြောင်းခြင်းအက်ဥပဒေတို့ဖြစ်သည်။

## လက်စွဲများ

လက်နက်လက်စွဲ၊ မြန်မာနိုင်ငံတရားရုံးများလက်စွဲ၊ ကျွဲနွားတိရစ္ဆာန်များကျော်နင်းခြင်းအက်လက်စွဲ၊ ယစ်မျိုးလက်စွဲ၊ ငါးဖမ်းခြင်းလက်စွဲ၊ သစ်တောလက်စွဲ၊ တရားလွှတ်တော်ရုံးလက်စွဲ၊ တရားလွှတ်တော်နည်းဥပဒေများနှင့် အမိန့်များ၊ မြေခွန်တော်လက်စွဲ၊ အောက်မြန်မာပြည်၊ အောက်မြန်မာပြည်မြို့များနှင့် ကျေးရွာမြေများလက်စွဲ၊ စည်ပင်သာယာလက်စွဲ၊ ဘိန်းလက်စွဲ၊ ရန်ကုန်မြို့တော်တရားမရုံးလက်စွဲ၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလက်စွဲ၊ တံဆိပ်ခေါင်းလက်စွဲ၊ ကျေးရွာလက်စွဲ။

## တရားစီရင်ထုံးများနှင့်ပေါင်းချုပ်များ

အိန္ဒိယတရားစီရင်ထုံးများ(အလဟာဘတ်အတွဲများ၊ ဘုံဘေအတွဲများ၊ကာလကတ္တားအတွဲများ၊ မဒရပ်အတွဲများ၊ ရန်ကုန်အတွဲများ၊ ရန်ကုန်တရားစီရင်ထုံးများ၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်စီရင်ထုံးများ၊ မြန်မာနိုင်ငံတရားစီရင်ထုံးပေါင်းချုပ်(ဒန်ကလေရေး) (တန်ဘီရေး)၊ မြန်မာနိုင်ငံအစိုးရအက်ဥပဒေပေါင်းချုပ်(၁၉၃၇)။

## လက်အောက်ခံတရားမရုံးများနှင့် ရာဇဝတ်တရားရုံးများသို့ ပေးပို့မည့် အရေးကြီးသော မြန်မာနိုင်ငံအက်ဥပဒေများစာရင်း

စာရင်းတွင်ဖော်ပြထားသော အက်ဥပဒေများကိုတရားသူကြီးများအားလုံးနှင့် အရာရှိများအားလုံးထံသို့ ပေးပို့ရမည်ဖြစ်သည်။

“တရားဥပဒေ၏သင်္ကေတ”သည် “ချိန်ခွင်” ဖြစ်ပါသည်။ ချိန်ခွင်လျှာ မတိမ်းစေရ။ အမှန်တရားသည် အသက်ပမာ၊ ထိုအခါ ချိန်ခွင်ညီညာမျှတစွာဖြင့် တရားဥပဒေ၏စွမ်းအင်မြင့်မားသင့်သည်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားများသည် တရားသူကြီးများ၏ သစ္စာတရားနှင့် ရစ်ပတ်ဖွဲ့နှောင်နေလေသည်

## (၁၉၄၆၊ တရားရုံးများလက်စွဲအပိုဒ်-၁၀၀၉)

## မြန်မာနိုင်ငံအက်ဥပဒေများ

၁၉၄၅၊ ၁၉၄၆၊ ၁၉၄၇၊ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂၊ ၁၉၅၃၊ ၁၉၅၄ နှစ်အလိုက် မြန်မာနိုင်ငံအက်ဥပဒေများ စုစည်းထားသည်။ ၁၉၄၅ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၃၄ ခုရှိသည်။ ၁၉၄၆ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၅၀ ရှိသည်။ ၁၉၄၇ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၈၈ ခုရှိသည်။ ၁၉၄၈ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၇ ခုရှိသည်။ ၁၉၄၉ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၆၃ ခုရှိသည်။ ၁၉၅၀ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၅၃ ခုရှိသည်။ ၁၉၅၁ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၇၅ ခုရှိသည်။ ၁၉၅၂ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၄၂ ခုရှိသည်။ ၁၉၅၃ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၇၇ ခုရှိသည်။ ၁၉၅၄ ခုနှစ်အတွက် အက်ဥပဒေပေါင်း ၇၃ ခုရှိသည်။ (အက်ဥပဒေများသည် သူ့ခေတ်သူ့အချိန်အခါအတွက် သမိုင်းဖြစ်သည်။)

## ရှေ့နေချုပ်ရုံးတွင် စံအဖြစ်ထားရှိရမည့် ဥပဒေစာအုပ်များ

ဗဟိုဥပဒေရုံး၊ ရှေ့နေချုပ်ရုံး၊ (ယခု ပြည်ထောင်စုရှေ့နေချုပ်ရုံး)တွင် စံအဖြစ်ထားရှိရမည့် ဥပဒေစာအုပ်စာရင်း သတ်မှတ်ထားသည်။

(၁) ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေ
(၂) ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော်လွတ်လပ်ရေး အက်ဥပဒေ
(၃) ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ
(၄) The Adaptation Law Order,1948
(၅) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ
(၆) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄)

## ပြဋ္ဌာန်းဥပဒေများ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ အတွဲ(၁)မှ (၁၃) (၁၉၅၄ အထိ ပြဋ္ဌာန်းအက်ဥပဒေများအပါအဝင်)
၂။ ၁၉၅၅ မှ ၁၉၆၂ အထိ အစိုးရက ပြဋ္ဌာန်းခဲ့သော အက်ဥပဒေများ
၃။ ၁၉၆၂ မှ ၁၉၇၄ အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများ
၄။ ၁၉၇၄ မှ စတင်၍ နှစ်အလိုက်ထုတ်ဝေခဲ့သော ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေများ

## စီရင်ထုံးများ

အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်စီရင်ထုံးများ၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ ရွေးချယ်စီစဉ်ထားသည့် စီရင်ထုံးများ၊ ပုံနှိပ်ပြီးစီရင်ထုံးများ။

## လက်စွဲများ

လက်စွဲများ စုစုပေါင်း ၅၆ အပါအဝင် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်များ၊ နိုင်ငံတော်ကောင်စီရုံး၏ ညွှန်ကြားချက်၊ အတွဲများ၊ ရည်ညွှန်းဥပဒေကောက်နုတ်ချက်များ၊ ရုံးလုပ်ထုံးလုပ်နည်းများ၊ ဓလေ့ထုံးတမ်း ဥပဒေ၊ သက်သေခံအက်ဥပဒေ၊ ရာဇသတ်ကြီး၊ကျင့်ထုံးများ

## ပြည်နယ်/တိုင်းဥပဒေရုံး

ပြည်နယ်/တိုင်းဥပဒေရုံး၊ ခရိုင်ဥပဒေရုံးများ၊ မြို့နယ်ဥပဒေရုံးများအတွက်လည်း စံအဖြစ်ထားရှိရမည့် ဥပဒေစာအုပ်များစာရင်းကို သတ်မှတ်ထားရှိပါသည်။ (ယခုအခါ ဥပဒေချုပ်ရုံးအဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းပြီးဖြစ်ပါ၍ ခေတ်စနစ်သစ်နှင့်အညီ ရည်ညွှန်းကိုးကားစာအုပ်များတိုးချဲ့ပြင်ဆင်ထားရှိကြောင်း သိရပါသည်။)

## တရားရုံးများလက်စွဲပါစာအုပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဦးဆောင်မှုဖြင့် တရားရုံးများလက်စွဲနှင့်အညီ တရားရုံးအဆင့်ဆင့်တွင် ဥပဒေစာအုပ်များ တိုးချဲ့ပြင်ဆင်ထောက်ပံ့ခြင်း၊ ခေတ်စနစ်နှင့်အညီ ဥပဒေစာအုပ်များဖြည့်တင်းခြင်း၊ တရားသူကြီးများအဆင့်ဆင့်အတွက် ရည်ညွှန်းကိုးကားအပ်သော ဥပဒေစာအုပ်များ (ပြည်တွင်း၊ ပြည်ပ)မှ ဝယ်ယူခြင်း၊ သုတေသနပြုခြင်းများ ဆောင်ရွက်ပါသည်။ အရည်အချင်း ပြည့်ဝသော၊ ဥပဒေပညာဆည်းပူးလေ့လာသော၊ ကျမ်းမျိုးစုံ ၍ ဉာဏ်ဟုန်ပြင်းသော တရားသူကြီးများ၏ တရားစီရင်ရေး အဆုံးအဖြတ်များ၊ စီရင်ချက်များသည် ထာဝစဉ်အားကိုးအားထားပြုနိုင်မည်ဖြစ်ပေသည်။ စံပြုထိုက်သော စီရင်ထုံး အကိုးအကားများအဖြစ်လည်း ထင်ရှားပေမည်။

## အပြစ်ရှိသူ(၉)ဦးလွတ်ချင်လွတ်ပါစေ

“အပြစ်ရှိသူ ကိုးဦးလွတ်ချင်လွတ်ပါစေ။ အပြစ်မရှိသူ (အပြစ်မဲ့သူ) တစ်ဦးအပြစ်ပေးမခံရမိစေပါနှင့်”ဟူသော ဆိုရိုးစကားသည် တရားရေးနယ်ပယ်တွင် ထင်ရှားလှပါသည်။ အပြစ်ရှိ၍ အပြစ်ဒဏ်ကျခံရခြင်းမှာ ဆန်းကြယ်လှသည် မဟုတ်ပါ။ အပြစ်မရှိသူအား မှားယွင်း၍အပြစ်ပေးမိပါက မည်သို့မှကုစား၍မရနိုင်။ အယူခံဝင်မှ အနိုင်ရသော်လည်း လတ်တလောပေးဆပ်ခဲ့ရသည့်ဘဝကို စာနာသင့်လှသည်။

## ချိန်ခွင်ညီညာမျှတစွာ

“တရားဥပဒေ၏သင်္ကေတ” သည် “ချိန်ခွင်”ဖြစ်ပါသည်။ ချိန်ခွင်လျှာ မတိမ်းစေရ။ အမှန်တရားသည် အသက်ပမာ၊ ထိုအခါ ချိန်ခွင်ညီညာမျှတစွာဖြင့် တရားဥပဒေ၏စွမ်းအင်မြင့်မားသင့်သည်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားများသည် တရားသူကြီးများ၏ သစ္စာတရားနှင့် ရစ်ပတ်ဖွဲ့နှောင်နေလေသည်။ “ကျမ်းမျိုးစုံ၍ ဉာဏ်ဟုန်ပြင်းသူ၊ နည်းမျိုးစုံ၍ ရန်ပုန်ခွင်းသူ” ဟု ပမာတင်စားခြင်းမှာ ပြဿနာ၏အဖြေ၊ မှုခင်း၏အဖြေ၊ တရားစီရင်ရေး၏အဖြေကို ခြေခြေမြစ်မြစ်၊ နှစ်နှစ်ကာကာ၊ ဘက်လိုက်ခြင်းကင်းစွာဖြင့် စီရင်ဆုံးဖြတ်သော တရားသူကြီးကို ဆိုလိုပါသည်။ ပြည်သူတို့က ထိုထိုသော တရားသူကြီးများကို ကြိုဆိုနေပါသည်။

## စံထားအပ်သော ဥပဒေစာအုပ်များမှတစ်ဆင့်

စံထားအပ်သော ဥပဒေစာအုပ်များကား များပြားလှပါ၏။ဥပဒေစာအုပ်များကို ဖတ်၍ ဥပဒေနှင့်အညီ တရားစီရင်ကြသော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တာဝန်ရှိသူများကိုယ်တိုင်ကလည်း ပြည်သူတို့၏ စံထားအပ်သူများဖြစ်ကြပါစေကြောင်း...။

---

# သောက်သုံးရေရှားပါးသောရွာများသို့ သောက်သုံးရေများဖြန့်ဝေ



**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံရွှေထွန်းဦးဆောင်လျက် မေ ၈ ရက်က သောက်သုံးရေရှားပါး လျက်ရှိသော စစ်တွေမြို့နယ် ကျေးတောကျေးရွာအုပ်စု ပိုက်ဆိပ် ကျေးရွာသို့ မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပိုက်ဆိပ်ကျေးရွာတွင်အိမ်ခြေ ၃၄၀၊ ကျေးရွာသုံးရွာခန့်ရှိပြီး အိမ်ထောင်စု ၃၈၀ လူဦးရေ ၂၀၀၀ ကျော်ရှိကြောင်း သိရပြီး အဆိုပါကျေးရွာတွင် မြေသားသောက်ရေကန်သုံးကန်ရှိပြီး ရေများခန်းခြောက် သွားပြီဖြစ်ကာ ကျေးရွာသားများအနေဖြင့် တစ်မိုင်ခန့်ဝေး သောနေရာသို့ သွားရောက်ရေခပ်ကြရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း လာ ရောက် သောက် သုံးရေဖြန့်ဝေမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ပြင်ပအဖွဲ့အစည်းတစ်ခုမှ ရေသန့်နှင့် ယာယီရေသိုလှောင်ကန်ပြုလုပ်ပေးရန် ကမ်းလှမ်းထားကြောင်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

မီးသတ်ဦးစီးဌာနမှ ရခိုင်ပြည်နယ်တွင် သောက်သုံးရေရှားပါးမှုအား နှစ်စဉ်ပုံမှန်ရေရှားပါးလေ့ရှိသော ဒေသများတွင် သောက်သုံးရေများအလုံအလောက် ထောက်ပံ့ပေးလျက်ရှိကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြတ်ဝေ**



## လာလီဂါဖလား မျှော်လင့်ချက်ရှိနေသေးတယ်ဆိုတဲ့ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အသင်းဟာ ဘာစီလိုနာကိုကျော်ပြီး စပိန်လာလီဂါဖလားရယူဖို့ မျှော်လင့်ချက်ရှိနေသေးတယ်လို့ နည်းပြ ဇီဒန်းက ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်က ဗလင်စီယာကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီးနောက် ရီးရဲမက်ဒရစ်က နည်းပြက ပြောဆိုလိုက်တာပါ။ ဘာစီလိုနာအသင်းဟာ နောက်ဆုံးပြိုင်ပွဲမှာ တစ်မှတ်အသာနဲ့ စပိန်လာလီဂါကို ဦးဆောင်ကစားမှာဖြစ်ပါတယ်။ စပိန်လာလီဂါရဲ့ နောက်ဆုံးပွဲအဖြစ် ရီးရဲမက်ဒရစ်က ဒီပိုတီဗိုနဲ့ကစားရမှာဖြစ်သလို လူးဝစ်အန်းနရစ်ရဲ့ ဘာစီလိုနာက ဂရန်နာဒါအသင်းနဲ့ကစားရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ် ရာသီမှာ စပိန်လာလီဂါဖလားကိုသာမက ချန်ပီယံလိဂ်ဖလားကိုပါ မျှော်လင့်နိုင်တဲ့အသင်းအနေနဲ့ ဖလားရရှိရေး မျှော်မှန်းချက်ကို လက်လျှော့ပေးမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ဘာစီလိုနာက နောက်ဆုံးပြိုင်ပွဲမှာ ဂရန်နာဒါအသင်းကိုနိုင်ပြီး ဖလားရရှိသွားနိုင်ပါတယ်။



## ချယ်လ်ဆီးမှာ ဆက်ရှိနိုင်သေးတဲ့ ဂျွန်တယ်ရီ

ဂျွန်တယ်ရီကို ဆန်းဒါးလန်းနဲ့ပွဲမှာ အနီကတ်နဲ့ ထုတ်ပယ်ခဲ့တဲ့အတွက် နှစ်ပွဲပိတ်ပင်ခံရပြီး လီဗာပူးနဲ့ လက်စတာတို့နဲ့ကစားမယ့်ပွဲတွေမှာ လွဲချော်မှာဖြစ်ပါတယ်။ ဂျွန်တယ်ရီဟာ ဒီနှစ်ရာသီအတွက် ဆန်းဒါးလန်းနဲ့ပွဲမှာ မထင်မှတ်ဘဲ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့ပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီဟာ ဒီနှစ်နွေရာသီမှာ ချယ်လ်ဆီးနဲ့စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ သို့ပေမယ့် အတွေ့အကြုံများတဲ့ ဂျွန်တယ်ရီကို ချယ်လ်ဆီးအသင်းနေနဲ့ ထွက်ခွာခွင့်မပြုသင့်ကြောင်း အာဆင်နယ်ကစားသမားဟောင်း အွန်နနရီက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လာမယ့်ရာသီမှာ ဂျွန်တယ်ရီရဲ့အတွေ့အကြုံတွေကို ဆက်လက်သင်ယူနိုင်ဖို့ အသင်းမှာ ဆက်လက်ရှိနေသင့်တယ်လို့ အွန်နရီက ဆိုပါတယ်။ ဂျွန်တယ်ရီဟာ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်ပေမယ့် ကစားနိုင်တဲ့စွမ်းရည်ရှိနေတာကြောင့် လာမယ့်ရာသီမှာ ဆက်လက်ရှိနေသင့်တယ်လို့ အွန်နရီက ပြောဆိုလိုက်တာပါ။ ဂျွန်တယ်ရီဟာ ဇန်နဝါရီလအတွင်းက အသင်းမှာ ၁၈ နှစ်ကြာကစားခဲ့ပြီးနောက် ထွက်ခွာမယ်လို့ပြောကြားထားသူဖြစ်ပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

# စပိန်နှင့် အီတလီလူငယ်တွေ ထိပ်တိုက်တွေ့ဆုံမယ့် ယူ-၁၇ ဥရောပ ချန်ပီယံရှစ်အုပ်စုပွဲ

မိုးမြင့်လင်းလက်

အဇာဘိုင်ဂျန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ ယူ-၁၇ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေကို မေ ၅ ရက်က စတင်ကစားနေတာဟာ မေ ၁၂ရက်မှာလည်း ဆက်လက်ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ အသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲပြီး ကျင်းပနေတာမို့ အခုဆိုရင် ဥရောပလူငယ်မျိုးဆက်သစ် ဘောလုံးကစားသမားတွေရဲ့ စွမ်းရည်တွေကို အကဲခတ်ခွင့်ရရှိနေပြီဖြစ်ပါတယ်။ လူငယ်တွေပီပီ အားထုတ်မှုကောင်းကောင်းနဲ့ ဆင်နွှဲနေတဲ့ ဒီပွဲစဉ်တွေဟာ ပရိသတ်အကြိုက်ပွဲတွေအဖြစ် အားပေးခွင့်ရရှိကြဦးမှာဖြစ်ပါတယ်။



### စပိန်နှင့် အီတလီ

အုပ်စု (D)မှာတော့ စပိန်တို့က တစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်ပြီး သုံးမှတ်ရရှိထားပြီဖြစ်ပါတယ်။ အီတလီတို့ကလည်း အုပ်စုအဖွင့်ပွဲစဉ်မှာ ဆားဘီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး သုံးမှတ်ရယူထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ စပိန်လူငယ်တွေဟာ တိုက်စစ်ရော ခံစစ်ပါကောင်းမွန်တဲ့အသင်းဖြစ်ပြီး အထူးသဖြင့် စပိန်လူငယ်တိုက်စစ်မှူးတွေဖြစ်တဲ့ အမ်ဘူလာနဲ့ ရုဇ်တို့က ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ နည်းပြ ကန်တိုရဲ့ အီတလီအသင်းကတော့ ပထမပွဲမှာ ဆားဘီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားထားနိုင်ခဲ့ပေမယ့် ကစားပုံအားရစရာမရှိပါဘူး။ အထူးသဖြင့် တိုက်စစ်မှာ မိုဆီကိန်း၊ စကာမာကာတို့က ဂိုးသွင်းခြေစွမ်းထက်သူတွေဖြစ်ပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို ရဲရဲဝံ့ဝံ့ ထိုးဖောက်နိုင်သူတွေဖြစ်ပါတယ်။ စပိန်နဲ့ အီတလီနှစ်သင်းစလုံးဟာ တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ စွမ်းဆောင်ရည်တူညီနေတဲ့အတွက် ဒီပွဲဟာ တစ်မှတ်စီ ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

### ဆားဘီးယားနှင့် နယ်သာလန်

အုပ်စု (D)မှာ ဆားဘီးယားတို့ တစ်ပွဲကစား၊ တစ်ပွဲရှုံးထားပါတယ်။ ပထမအဖွင့်ပွဲစဉ်မှာ အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ပွဲစဉ်မှာ ခြေရည်တူကစားပြီး မမျှော်လင့်ဘဲ ရှုံးခဲ့တဲ့ ဆားဘီးယားတို့က ဒီပွဲကို အနိုင်ရအောင်ကြိုးစားလာပါလိမ့်မယ်။ ဆားဘီးယားအသင်းမှာ တိုက်စစ်မှူး မက်ဆီကိုဗစ်က ဂိုးသွင်းသေချာသူဖြစ်ပြီး အားထားရသူဖြစ်ပါတယ်။ နယ်သာလန်လူငယ်တွေကတော့ ပထမပွဲစဉ်မှာ စပိန်ကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာမို့ ဒီပွဲမှာလည်း သိပ်တော့မလွယ်ပါဘူး။ အသင်းလိုက်ကစားအားကောင်းမွန်ခြင်းမရှိသေးတဲ့ နယ်သာလန် လူငယ်တွေဟာ ဒီပွဲမှာ ခံစစ်ပိုင်းမပြုပြင်ရင်တော့ ရှုံးပွဲထပ်ကြုံရဖို့ရှိနေပါတယ်။

### ဆွီဒင်နှင့် ပြင်သစ်

အုပ်စု (C)မှာ ပထမပွဲစဉ်အဖြစ် အင်္ဂလန်လူငယ်တွေနဲ့ ကစားခဲ့တဲ့ပွဲမှာ ဆွီဒင်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဆွီဒင်နည်းပြ ဝုစ်မင်းက နောက်ဆုံးဗိုလ်လုပွဲအထိ မျှော်မှန်းထားတာမို့ အခုပွဲမှာ တိုက်စစ်မှူးတွေဖြစ်တဲ့ ဟိုဂါဆင်၊ အဆိုရိုတို့အားကိုးနဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။ ဆန်းဒါးလန်းလူငယ်အသင်းမှာကစားနေတဲ့ တိုက်စစ်မှူး အဆိုရိုဟာ ဂိုးသွင်းကောင်းသူဖြစ်ပြီး အင်္ဂလန်နဲ့ပွဲမှာ တစ်ဦးတည်း နှစ်ဂိုးသွင်းယူထားသူဖြစ်ပါတယ်။ ပြင်သစ်တို့ကတော့ ပထမပွဲစဉ်မှာ ဒိန်းမတ်နဲ့ ဂိုးမရှိသရေပွဲဖြစ်ထားပါတယ်။ ပြင်သစ်လူငယ်အသင်းနည်းပြ ဘားနက်ဒိုင်ဟိုမီဒီက ကွင်းလယ်ကစားအား၊ ခံစစ်အခြေပြုဗျူဟာနဲ့ခင်းကျင်းတတ်သူမို့ လျင်မြန်ပြီး ဂိုးသွင်းသေချာတဲ့ ဆွီဒင်တိုက်စစ် မှူးတွေကို ဟန့်တားဖို့ခက်ခဲပါလိမ့်မယ်။ ပြင်သစ်တိုက်စစ်မှာ မိုကီဒမ်၊ ဖော်ကျွန်းနဲ့ တာဟာတို့က ပြိုင်ဘက်ခံစစ်မှူးတွေကို ကျော်ဖြတ်နိုင်ကြသူတွေဖြစ်နေပေမယ့် ဂိုးသွင်း မသေချာပါဘူး။ ဒီပွဲမှာ ဆွီဒင်လူငယ်တွေအောင်ပွဲခံသွားနိုင်ပါတယ်။

### ဒိန်းမတ်နှင့် အင်္ဂလန်

အုပ်စု (C)မှာ ပထမအဖွင့်ပွဲစဉ်က ပြင်သစ်နဲ့ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့ ဒိန်းမတ်တို့ အခုပွဲမှာ အင်္ဂလန်လူငယ်တွေကိုအနိုင်ယူဖို့ အပြင်းအထန်ကြိုးစားလာမှာဖြစ်ပါတယ်။ အင်္ဂလန်တို့ကလည်း ဆွီဒင်ကို ရှုံးထားတာမို့ အမှတ်မရသေးတဲ့အဖြစ်ကို ပြောင်းလဲဖို့ ပြင်ဆင်လာမှာဖြစ်တာကြောင့် ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ နည်းပြ စတိဗ်ကိုပါးရဲ့ အင်္ဂလန်လူငယ်အသင်းဟာ တိုက်စစ်မှာတော့ အစ်ဆွစ်အသင်းမှာကစားနေတဲ့ ဗင်မောရစ်၊ အာဆင်နယ်မှာကစားနေတဲ့ နယ်ဆင်တို့ကိုအားပြုပြီး ဂိုးရရှိရေးကြိုးစားပါလိမ့်မယ်။ နည်းပြ မီချယ်ဆန်ရဲ့ ဒိန်းမတ်မှာတော့ တိုက်စစ်မှာ ဂျိုနက်ဝင်၊ ဂျန်နက်နဲ့ အော့ဂတ်တို့ ရှိနေတာမို့ အင်္ဂလန်တို့လည်း ပွဲမချောင်ပါဘူး။ ဒီပွဲမှာ အင်္ဂလန်လူငယ်တွေ နိုင်ပွဲရသွားနိုင်ပေမယ့် ခက်ခက်ခဲခဲကြိုးစားမှ ရပါလိမ့်မယ်။ ။

## ယူရို ၂၀၁၆ လွဲချော်နိုင်တဲ့ ကွန်ပါနီ



မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပါနီဟာ ပေါင်ခြံဒဏ်ရာပြင်းထန်စွာရရှိသွားတဲ့အတွက် လေးလကြာအနားယူသွားရလိမ့်မယ်လို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။ ရီးရဲမက်ဒရစ်နဲ့ကစားခဲ့တဲ့ ချန်ပီယံလိဂ်မှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ကွန်ပါနီဟာ မန်စီးတီးနည်းပြသစ်ဖြစ်လာမယ့် ဂွာဒီယိုလာရဲ့ ရာသီအစပွဲတွေအထိ လွဲချော်နိုင်မယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကွန်ပါနီဟာ ဘယ်လ်ဂျီယံအသင်းရဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတွေနဲ့လည်း လွဲချော်မှာဖြစ်ပါတယ်။ ကွန်ပါနီဟာ သူ့ရဲ့မန်စီးတီးကစားသမားသက်တမ်းတစ်လျှောက် ၁၅ ကြိမ်မြောက် ဒဏ်ရာရခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းခေါင်းဆောင်း ကွန်ပါနီက သူ့အနေနဲ့ မန်စီးတီးကို ရာသီကုန်အထိ ကစားမပေးနိုင်ခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရတယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်နည်းနေတဲ့အသင်းဖြစ်ပါတယ်။ ယူရိုပါလိဂ်မှာ လီဗာပူးက ဆီဗီလာကိုနိုင်ပြီး ဖလားရယူမယ်ဆိုရင် မန်စီးတီးတို့ ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

# လျှပ်စစ်မီးမရရှိသေးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆိုလာမီးအိမ် ၇၉ စုံကို ပေးအပ်လှူဒါန်း

**ဘားအံ မေ ၁၀**
ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ MPT JO မှ ဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းပွဲကို ဘားအံမြို့ တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်း၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

ကရင်ပြည်နယ်အတွင်းမှ ဆင်းရဲနွမ်းပါးချို့တဲ့ပြီး ကျောင်းနေရန်ခက်ခဲသည့် ကလေးငယ်များအပါအဝင် အခက်အခဲအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့်ကလေးငယ်များအား ပညာသင်ကြားပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၃၆ ကျောင်းရှိသည့်အနက် လျှပ်စစ်မီးမရသေးသည့် ကျောင်းများအတွက် Panasonic အမှတ်တံဆိပ် ဆိုလာမီးအိမ် ၇၉ စုံကို MPT JO က ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းပွဲတွင် ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်သာသနာရေးဒုတိယညွှန်ကြားရေးမှူး ဦးလေးအောင်၊ ပြည်နယ်ဆက်သွယ်ရေး မန်နေဂျာ ဦးမြင့်လွင်နှင့် ဝန်ထမ်းများက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မပါလထံသို့ ဆိုလာမီးအိမ်များကို ဆက် ကပ်လှူဒါန်းခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်း၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၃၆ ရှိသည့်အနက် ကော့ကရိတ်မြို့နယ်မှ ခုနစ်ကျောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ၁၄ ကျောင်း၊ သံတောင်မြို့နယ်မှ တစ်ကျောင်း၊ လှိုင်းဘွဲ့မြို့နယ်မှ တစ်ကျောင်းနှင့် ဖာပွန်မြို့နယ်မှ တစ်ကျောင်း စုစုပေါင်း ၂၄ ကျောင်းတွင် လျှပ်စစ်မီး မရရှိသေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**လှိုင်းဘွဲ့ မေ ၁၀**
၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် OSS ရုံးခန်းမ၌ မေ ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို ကြက်ခြေနီမောင်မယ်များက သစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားသို့ မြန်မာကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေထံမှ ပေးပို့သည့်သဝဏ်လွှာကို လှိုင်းဘွဲ့မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းထွန်းက ဖတ်ကြားသည်။ ဆက်လက်၍ ကြက်ခြေနီသင်တန်းဆင်းပြီးသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲနှင့် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲများကို ကျင်းပ၍ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ကရုဏာရှင်သီချင်းဖြင့် သီဆိုဂုဏ်ပြုကာ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**တွံတေး မေ ၁၀**
မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စန္ဒကူးခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဌာနမှ မြေအသုံးချဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမိုး၊ မျိုးစေ့ဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝင်း၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ခံလက်ထောက် ဒေါက်တာစန်းစန်းဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအမှုဆောင်အရာရှိ စိုက်ပျိုးရေးပညာရှင် ဦးအောင်ဆန်းနှင့်ရုံးအဖွဲ့မှူး စိုက်ပျိုးရေးပညာရှင် ဦးမြင့်လွင်တို့က တောင်သူလယ်သမားများအား ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသေးစိတ် အသိပညာပေးဆွေးနွေးခဲ့ကြပြီး တောင်သူလယ်သမားများက သိရှိလိုသည့်အချက်ကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ တွံတေး၊ ဒလ၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များမှ တောင်သူလယ်သမား ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။
**မျိုးလှိုင်(တွံတေး)**



# မြို့ကုန်းကျေးရွာသို့ သောက်သုံးရေ ဂါလန်တစ်သောင်းနီးပါး လှူဒါန်း

**ဖျာပုံ မေ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲအတွင်းမှ သောက်ရေပြတ်လပ်လျက်ရှိသည့် မြို့ကုန်းကျေးရွာနေပြည်သူများထံသို့ သောက်သုံးရေ ဂါလန် ၉၅၀၀ ကျော်ကို ဖျာပုံမြို့မရဲစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄/၁၅)လမ်းဆုံမှ ကားအကျိုးတော်ဆောင်များအဖွဲ့တို့ ပူးပေါင်း၍ မေ ၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာတွင် ရန်ကုန်မြို့မှ အလှူရှင်များနှင့်အတူ ဖျာပုံမြို့မရဲစခန်းမှ ရဲအုပ်နေမင်းသောင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ၂၀ လီတာဝင် သောက်ရေသန့်ဘူးကြီး ၁၂၀၀၊ တစ်လီတာဝင် သောက်ရေသန့်ဘူး ၂၀၀၀၊ ဂါလန် ၅၀ ပါ ပလတ်စတစ်ရေကန်ခြောက်ကန်တို့တွင် သောက်သုံးရေများကို သယ်ယူကာ ကုန်တင်ယာဉ် ၁၀ စင်းဖြင့် မြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၈၅၀ မှ အိမ်ထောင်စု ၈၉၅ စု၊ လူဦးရေ ၃၂၀၀ ကျော်အတွက် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**သူဇာနွယ်(ဖျာပုံ)**

## သတင်းတိုများ

### ငပုတောမြို့နယ် အုတ်ပုံကျေးရွာသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြို့နယ်အတွင်းမှ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ ရေဖြန့်ဝေနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ကြိုတင်ပြင်ဆင်ထားလျက်ရှိကြောင်း၊ ရေလိုအပ်နေသော ကျေးရွာများသို့ အရေးပေါ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**မျိုးကျော်သူ(ပြန်/ဆက်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

စစ်ကိုင်းမြို့ အထက(၃)ကျောင်း ပါရဂူခန်းမ၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ မေ ၇ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးစောလူအောင်နှင့် အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့သည်။ **(၀၇၇)**

# တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ကော့ကရိတ် မေ ၁၀**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၉ ရက်တွင် ကော့ကရိတ်မြို့နယ် မြပတိုင်ကျေးရွာသို့ ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာသို့ မြပတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၃၈ ဦး လာရောက်၍ ဆေးကုသခံခဲ့ကြောင်း၊ ယခုကဲ့သို့ ကွင်းဆင်းဆေးကုသပေးခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် အဆင်ပြေစေသည့်အပြင် ဆက်လက်၍လည်း ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တစ်လလျှင် ကျေးရွာတစ်ရွာစီသို့ လစဉ်သွားရောက်၍ ကွင်းဆင်းဆေးကုသပေးမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်၏ ပြောကြားချက်အရ သိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**



# တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတကာအယူအဆများ

**ဇော်ဝင်း**

နိုင်ငံတော်အစိုးရသည် ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်စေရေး တို့အတွက် မူဝါဒများချမှတ်၍ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စနစ်တကျ စီမံ ဖော်ဆောင်လျက်ရှိပါသည်။

### အပြန်အလှန်အမှီသဟဲပြု

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့သည် အပြန်အလှန်အမှီသဟဲပြုနေသည့်အတွက် တရားဥပဒေစိုးမိုးရေး သည် နိုင်ငံနှင့် ပြည်သူတို့အတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပေသည်။

ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံတို့အတွက် မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားခြင်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်သဖြင့် ထိုအခြေအနေမျိုးသို့ မရောက်ရှိစေ ရေး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို မူဝါဒများချမှတ်၍ ကြိုတင် ကာကွယ်ရန် အရေးကြီးလိုအပ်ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်မှုများအပါအဝင် အမျိုးစုံသောမှုခင်းများကြောင့် ကြေကွဲဖွယ်ရာ အသက်ဆုံးရှုံးမှုများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များကို ဖြစ်စေသည်သာမက နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း ထိခိုက်ပျက်စီး စေကာ တည်ငြိမ်သောဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ကြီးမားသော အခက်အခဲ များကို ဖြစ်ပေါ်စေတတ်သည်။

### ပြစ်မှု၏သားကောင်များ

တစ်ချိန်တည်းမှာပင် ပြစ်မှု၏သားကောင်များ ဖြစ်ရရှာသော ပြည်သူအချို့အဖို့ မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှစွာ ရယူ နိုင်ခြင်းမှ ဆုံးရှုံးစေသည့်အပြင် လွတ်လပ်စွာရှင်သန်မှုနှင့် အခွင့်အရေးများကိုလည်း လက်လွှတ်လိုက်ရပေတော့သည်။

ကမ္ဘာ့နိုင်ငံများ၏ မတူကွဲပြားသော မှုခင်းဖြစ်စဉ်များကိုဖြေရှင်းရာ၌ ပြောင်းလဲ လာသည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများအပေါ် အခြေခံ၍ ထိုနိုင်ငံ အစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိုနိုင်ငံသားများ အားလုံးတို့ ပူးပေါင်းဆောင်ရွက်ကြသည့် အခြေအနေသို့ ပြောင်းလဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

အကျုံးဝင်သော အချက်အလက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းသုံးသပ်လျက် စီစဉ်ရေးဆွဲထားသော မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည် မှုခင်းနှင့် မှုခင်း၏ သားကောင်ဖြစ်ရခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရုံသာမက ပြည်သူတို့၏ ဘေးကင်း လုံခြုံမှုကို မြင့်မားစေလျက် စဉ်ဆက်မပြတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အကူပေးနိုင်ပေသည်။ ထိရောက်ပြီး တာဝန်ယူမှုရှိသော မှုခင်းကာကွယ် တားဆီးမှုသည် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေ ရန် ဖြည့်ဆည်းပေးနိုင်သည်။

### အဓိကပြောင်းလဲမှုတစ်ခု

မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း အဓိကပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ယင်းမှာ မှုခင်း ကြိုတင်ကာကွယ်ရေးသည် ထိုနိုင်ငံ၏ ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဟူသော ရှေးရိုးစွဲ လက်ခံယုံကြည်မှုမှ ကဏ္ဍပေါင်းစုံဖြင့် စုပေါင်းလုပ်ဆောင်ရန် တာဝန်ရှိသည်ဟူသော အမြင်သဘောသို့ ပြောင်းလဲလာခြင်း ဖြစ်သည်။

အကြမ်းဖက်မှုအပါအဝင် မှုခင်းများဖြစ်ပေါ်မှုကို တိုးမြှင့်စေခြင်းနှင့် လျော့ကျ စေခြင်း၏ အဓိကအကြောင်းအချက်များသည် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများနှင့် နီးကပ်စွာ အစဉ်သဖြင့် ဆက်နွှယ်နေလျက်ရှိပေသည်။

နိုင်ငံအစိုးရနှင့် အာဏာပိုင်အဆင့်ဆင့်တို့သည် မိမိပြည်သူများ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ် တစ်ခုတည်းပေါ်တွင်သာ မှီခို အားကိုးနေရန် မဖြစ်သင့်တော့ကြောင်း တွေ့ရှိလာရသည်။

### ဘဝရှေ့ရေးမျှော်လင့်ချက်များ မှေးမှိန်

မှုခင်းများနှင့် မှုခင်း၏သားကောင်ဖြစ်ရခြင်းတို့အတွက်ဖြစ်သည့်အချိန်တွင်မှ တုံ့ပြန်ဆောင်ရွက်ရခြင်းထက် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် အိုးအိမ် နေရာ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဝန်ဆောင်မှုများ စသည့်ကိစ္စရပ်များတွင် တာဝန်ရှိသည့် အစိုးရဌာနများက ကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်၍ မှုခင်းဆိုင်ရာကြိုတင်ကာကွယ်မှုကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ မူလသဘာဝသည် ပြစ်မှုကျူးလွန်ပြီးမှ အရေးယူဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး မှုခင်းကာကွယ်ရေးမှာမူ မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုပင်ဖြစ်သည်။ ကြိုတင်ကာကွယ် ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်ရမှုများ၏ ကုန်ကျစရိတ်များ လျော့ကျစေကြောင်းကို လေ့လာတွေ့ရှိချက်များအရ ခိုင်မာစွာ သိရှိရသည်။

မှုခင်းဖြစ်ပွားခြင်းကြောင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက် သုံးစွဲရသည့် ကုန်ကျစရိတ်များရှိလာခြင်းနှင့် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုစွမ်းအား ဆုံးရှုံးခြင်း အပြင် ပြစ်မှုကျူးလွန်သူများနှင့် ယင်းတို့၏မိသားစုဝင်များတွင်လည်း ဘဝရှေ့ရေး မျှော်လင့်ချက်များ မှေးမှိန်စေမည်ဖြစ်သည်။

### ဝန်ထုပ်ဝန်ပိုးတစ်ရပ်

ထို့ပြင် ရေရှည်လူမှုစီးပွားကုန်ကျစရိတ်များကို ရပ်တည်ဖြေရှင်းနိုင်ရန်လည်း ဝန်ထုပ်ဝန်ပိုးတစ်ရပ်ရှိလာမည်ဖြစ်ပေသည်။ ခန့်မှန်းတွက်ချက်မှုများအရ ယင်းကုန်ကျ စရိတ်များသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေး ကုန်ကျစရိတ်များထက်ပင် ပိုမိုနိုင် ကြောင်း သိရှိရသည်။ လူမှုရေးရာဆောင်ရွက်ချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်း များကို တိုးတက်စေခြင်း၊ လူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ခြင်း စသည် တို့ကဲ့သို့သော အချိန်မီ ကြိုတင်ကာကွယ်မှုများကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူး သည် မြို့ပြတစ်ခု သို့မဟုတ် နိုင်ငံတစ်ခု၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုံးစွဲမှုကုန်ကျ စရိတ်များကို လျှော့ချပေးနိုင်ခြင်းပင်ဖြစ်သည်။

### အကျိုးကျေးဇူးများ

လွန်ခဲ့သော ဆယ်စုနှစ်ကာလတစ်လျှောက်လုံး ပြုလုပ်ခဲ့သော မှုခင်းကြိုတင် ကာကွယ်ရေး အစီအစဉ်များ၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးဆိုင်ရာ လေ့လာချက် များအရ ကြိုတင်ကာကွယ်မှု အစီအစဉ်များသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေး

> **ပြည်သူများအတွက် တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာပြီး အကြောက်တရားကင်းသော အနာဂတ်ဆီသို့ ဦးတည်နိုင်ရေး ဆောင်ရွက်ကြရာတွင် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလနှင့်လျော်ညီသည့် အကြမ်းဖက်မှုများနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေးစီမံချက် ချမှတ်ဖော်ဆောင်ခြင်းသည် မရှိမဖြစ်လိုအပ်**

ကုန်ကျစရိတ်များကို လျော့ကျစေသည့်အပြင် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကုန်ကျ စရိတ်များကိုလည်း ပိုမိုလျော့ကျစေသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေသည်။

မှုခင်းကြိုတင်ကာကွယ်ရေး၏ သဘောတရားသည် အမျိုးမျိုးသော အကြောင်း ရင်းခံများ၏ တွန်းပို့မှုကြောင့် မှုခင်းနှင့် မှုခင်း၏ သားကောင်ဖြစ်ရသည်ဟူသော အယူအဆကို အခြေခံထားသည်။ အဆိုပါ မှုခင်းဖြစ်စေနိုင်သည့် အခြေခံဆိုးကျိုး သက်ရောက်မှုများမှာ ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံအဆင့်၊ လူတစ်ဦးချင်းအဆင့်ဟူ၍ ခွဲခြားလျက် တည်ရှိနေသည်။

### ဆိုးရွားသောအကျိုးဆက်

လူအုပ်စုလိုက် ရွှေ့ပြောင်းမှုများ၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာစေသည့် မြို့ပြတည်ဆောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဆိုးများ၊ သဘာဝ ဘေးအန္တရာယ်ကပ်ဆိုးများ၊ ကုန်သွယ်မှုနှင့် ဆက်သွယ်ရေးပုံစံပြောင်းလဲမှုများ စသည် တို့ကြောင့် နိုင်ငံနှင့် ဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာ ဆိုးရွားသော အကျိုးဆက် များ ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ အဆိုပါကိစ္စရပ်များကြောင့် နိုင်ငံတစ်ခု သို့မဟုတ် ဒေသတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် အုပ်ချုပ်ရေး စွမ်းဆောင်ရည်ကိုပါ အကျိုးသက်ရောက်စေနိုင်သည်။

နိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆင်းရဲချမ်းသာကွာဟမှု၊ မိသားစုဝင်ငွေ ကွာဟမှု၊ အမျိုးမျိုးသော အကျင့်ပျက်ခြစားမှု၊ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံနှင့် အဖွဲ့အစည်းတို့၏ အရည်အသွေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ပုံစံများကွဲပြားမှု စသည်တို့သည် နိုင်ငံအဆင့်တွင် မှုခင်းနှင့် မှုခင်း၏သားကောင် ဖြစ်ပွားမှုတိုးပွားစေသော အခြေအနေများကို ဖန်တီးနိုင်သည်။

### မှုခင်းဖြစ်ပွားမှု တိုးပွားစေနိုင်

ပြည့်စုံလုံလောက်မှုမရှိသော လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံ ဘဏ္ဍာငွေကြေးနှင့် အုပ်ချုပ်မှုအာဏာ၊ ဆင်းရဲနွမ်းပါးသော အိုးအိမ်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ချို့တဲ့မှု သို့မဟုတ် ကင်းမဲ့မှု၊ အလုပ်လက်မဲ့နှုန်းမြင့်မားမှုနှင့် မူးယစ်ဆေးဝါးနှင့် လက်နက် များ အလွယ်တကူရရှိနိုင်မှု စသည်တို့သည် ဒေသတွင်းဆိုင်ရာအဆင့်တွင် မှုခင်း ဖြစ်ပွားမှုများကို တိုးပွားစေနိုင်သည်။

ရန်မူလိုသည့် အမူအကျင့်များကိုဖြစ်စေသော ငယ်စဉ်ကတွေ့ကြုံခဲ့ရသည့် အကြောင်းအရာများ၊ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခြင်းကဲ့သို့သော မျိုးရိုးနှင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ အကြောင်းတရားများသည် လူတစ်ဦးချင်းအဆင့်တွင် ပြစ်မှုကျူးလွန်ခြင်း နှင့် ပြစ်မှု၏သားကောင်ဖြစ်ရခြင်းတို့ ဖြစ်စေနိုင်သော အကြောင်းရင်းခံများဖြစ်သည် ကို တွေ့ရှိရသည်။

မိဘတို့၏ ကြမ်းတမ်းသော သို့မဟုတ် လွဲမှားသော အုပ်ထိန်းမှုများကြောင့် ဖြစ်ရသော မိသားစုလက္ခဏာများ၊ မိသားစုပဋိပက္ခနှင့် အကြမ်းဖက်မှုများ၊ ဆင်းရဲ နွမ်းပါးမှုနှင့် အထီးကျန်ဆန်မှုကဲ့သို့သော မိသားစုအခြေအနေများ၊ ဥပဒေကို ချိုးဖောက်ပြီး ပြစ်မှုကျူးလွန်တတ်သော အပေါင်းအသင်းများနှင့် ဆက်ဆံမှုများ စသည်တို့သည် လူမှုပေါင်းသင်းဆက်ဆံရေးကြောင့် မှုခင်းဖြစ်ပွားစေနိုင်သော အကြောင်းရင်းခံများဖြစ်သည်။

လူတစ်ဦးချင်းအဆင့်မှသည် ကမ္ဘာလုံးအဆင့်အထိ မှုခင်းအန္တရာယ် ဖြစ်နိုင်ခြေ ရှိသော အကြောင်းရင်းခံများကို သိရှိခြင်းအားဖြင့် နိုင်ငံအဆင့် မှုခင်းကြိုတင်ကာကွယ် ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဦးစားပေးလုပ်ဆောင်ရမည့်နည်းလမ်းများ ရှာဖွေ ရာတွင် ထိရောက်အောင်မြင်စေမည်ဖြစ်သည်။

### မူဝါဒသဘောတရား (၈)ရပ်

မှုခင်းအန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကိုအခြေခံ၍ နိုင်ငံတော် အဆင့် မှုခင်းကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဖော်ဆောင်ရန်အတွက် ကုလသမဂ္ဂ အဖွဲ့ကြီးက မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အောက်ပါမူဝါဒသဘောတရား ရှစ်ရပ် ကို ချမှတ်ထားရှိသည်-

(က) **နိုင်ငံအစိုးရ၏ ခေါင်းဆောင်မှု။** ထိရောက်၍ လူသားချင်း စာနာ ထောက်ထားမှုရှိသော မှုခင်းကြိုတင်ကာကွယ်ရေး မူဝါဒများရေးဆွဲ၍ အကောင် အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် အားလုံးသော အာဏာပိုင် အဆင့်ဆင့်တို့က ဦးဆောင်ပါဝင်သင့်သည်။

(ခ) **လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ပါဝင်မှု။** မှုခင်းကြိုတင်ကာကွယ်ရေး မူဝါဒများကို သုံးသပ်ရာ၌ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် မြို့ပြစီမံရေး၊ ဆင်းရဲနွမ်းပါးမှု၊ လူမှုဘဝနှိမ့်ချခံရမှုနှင့် ဝိုင်းပယ်ခံရမှု စသည်တို့ကို ကိုင်တွယ်ဖြေရှင်း ခြင်းအပါအဝင် သက်ဆိုင်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အစီအစဉ် များအားလုံးကို ပါဝင်စေသင့်သည်။

(ဂ) **ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်မှုများ။** ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို ထိရောက်မှုရှိသော မှုခင်းကြိုတင် ကာကွယ်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစည်းပေးသင့်သည်။ ယင်းတွင် အစိုးရဌာနအချင်းချင်းနှင့် အာဏာပိုင်များအကြား၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးကဏ္ဍနှင့် ပြည်သူပြည်သား အားလုံး ပူးပေါင်း ပါဝင်သင့်သည်။

(ဃ) **စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မှုနှင့် တာဝန်ယူမှု။** မှုခင်းကြိုတင်ကာကွယ် ရေးအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရန် လုပ်ငန်းများနှင့် ဖွဲ့စည်းမှုများဆိုင်ရာ ရန်ပုံငွေရရှိရေးအပါအဝင် ပြည့်စုံလုံလောက်သော အရင်းအမြစ်များ လိုအပ်သည်။ ထို့ပြင် ရန်ပုံငွေသုံးစွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အကဲဖြတ် ဆန်းစစ်ခြင်းတို့နှင့် ရည်မှန်းချက်များအောင်မြင်စေရန် ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ ရှိရမည်။

(င) **အသိအမြင်ဗဟုသုတကို အခြေခံခြင်း။** မှုခင်းကြိုတင်ကာကွယ်ရေး ဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် မှုခင်းပြဿနာများ၊ ယင်းတို့ကိုဖြစ်စေသော အကြောင်းရင်းများ၊ အောင်မြင်မှုရှိ ခဲ့သည့် အစဉ်အလာနှင့် အတွေ့အကြုံကောင်းများကို အခြေခံ၍ ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှ လေ့လာရေးဆွဲဆောင်ရွက်ရမည်။

*စာမျက်နှာ ၂၂ သို့*



စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၁)၏ မေ ၅ ရက်တွင် ကျရောက်ခဲ့သော တပ်ဝင်နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ ခွဲစိတ်ခန်းသုံး ပစ္စည်းများအား ပိုးသတ်ပေါင်းတင်ရာတွင် အသုံးပြုသည့်စက်ကို အမှတ်စဉ်(၄၁) ကျောင်းဆင်းဗိုလ်လောင်းများက မေ ၉ ရက်တွင် ပြင်ဦးလွင် မြို့ရှိ အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင် ၇၀၀ သို့ ပေးအပ်လှူဒါန်းရာ တပ်မှူး ဗိုလ်မှူးချုပ် မျိုးသန့် လက်ခံယူစဉ်

(သတင်းစဉ်)

## ဉာဏ်သစ်လောင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် စကားပြောဆိုခြင်းနှင့် အစာမျိုချခြင်းဆိုင်ရာ ပြန်လည်သန်စွမ်းရေးကုထုံးများ (Speech and Swallowing Rehabilitation) အကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို မေ ၁၄ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက် နိုင်ကြောင်းနှင့် တက်ရောက်လိုပါက မေ ၁၄ ရက် နံနက် ၈ နာရီမှ စ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

**မောင်မောင်**

*စာမျက်နှာ ၂၁ မှ*

(စ) **လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် အလေ့အထကောင်းများ။** မူခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်အားလုံးသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ မူခင်းကြိုတင်ကာကွယ်ရေးတွင် ဥပဒေကို လေးစားလိုက်နာတတ်သော အလေ့အထထုံးတမ်းစဉ်လာများ သက်ဝင်ကျင့်သုံးလာအောင် မြှင့်တင်ပေးရန် လိုအပ်သည်။

(ဆ) **အပြန်အလှန်မှီခိုနိုင်ခြင်း။** အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ခြင်းနှင့် ဆန်းစစ်ချက်များတို့ ပြုလုပ်ရာတွင် ဒေသတွင်း မူခင်းများနှင့် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် မူခင်းများအကြား ဆက်နွယ်မှုများကိုလည်း ထည့်သွင်းသုံးသပ် ရေးဆွဲသင့်သည်။

(ဇ) **ခွဲခြားသိမြင်ခြင်း။** မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ရေးဆွဲရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွဲပြားသော လိုအပ်ချက်များ၊ လူ့အဖွဲ့အစည်းအတွင်း အားနည်းသူတို့၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

**မူခင်းကြိုတင်ကာကွယ်ရေးမူဝါဒ**

မူခင်းကြိုတင်ကာကွယ်ရေးမူဝါဒသည် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ မူဝါဒ၏ အဓိကအစိတ်အပိုင်းဖြစ်သကဲ့သို့ မူခင်းလျော့ကျရေး၊ မူခင်းတိုက်ဖျက်ရေး၊ မူခင်းကြောင့် ဆိုးကျိုးခံရသူများကို အကာအကွယ်နှင့် အကူအညီပေးရေးတို့အတွက် အဓိကအကြောင်းရင်းလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိမူခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုစနစ်တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရေးအဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များကသာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ် အားပြုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပြောင်းလဲလာသည့် မူခင်းကြိုတင်ကာကွယ်ရေး အယူအဆများအရ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည်ပေါင်းစည်းရေး၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီး၊ မီဒီယာစသည့် ကဏ္ဍများနှင့်၊ လုံခြုံရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေးတို့အတွက် အထောက်အကူဖြစ်စေသည့် မြို့ပြတည်ဆောက်မှုဒီဇိုင်းများကို ပုံဖော်နေသည့် မြို့စည်ပင်သာယာရေးအဖွဲ့နှင့် အိုးအိမ်မြေယာဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့အကြားတွင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မူခင်းဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ၏ မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်သဘောတရားရှစ်ချက်နှင့် ကိုက်ညီစေပြီး အခြေခံအဆင့်မှ ဗဟိုအဆင့်ထိ အဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာပိုင်များမှ ခေါင်းဆောင်မှုအပိုင်းတွင်ပါဝင်ပြီး သက်ဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ အားလုံးပါဝင်နိုင်သည့် အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒတစ်ရပ်ရေးဆွဲပြီး ၎င်းကိုအခြေခံ၍ အုပ်ချုပ်မှု အာဏာပိုင်အဆင့်ဆင့်တို့က စီမံချက်များအဆင့်လိုက် ရေးဆွဲဆောင်ရွက်ကြရမည် ဖြစ်သည်။

**အကြောက်တရားကင်းသော အနာဂတ်ဆီသို့**

ပြည်သူများအတွက် တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာပြီး အကြောက်တရားကင်းသော အနာဂတ်ဆီသို့ ဦးတည်နိုင်ရေး ဆောင်ရွက်ကြရာတွင် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလနှင့်လျော်ညီသည့် အကြမ်းဖက်မှုများနှင့် မူခင်းကြိုတင်တားဆီးကာကွယ်ရေးစီမံချက် ချမှတ်ဖော်ဆောင်ခြင်းသည် မရှိမဖြစ်လိုအပ်သည်။

ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းများဖြစ်လာအောင် ဖန်တီးရာ၌ နိုင်ငံတော်အစိုးရတစ်ရပ်တည်းကသာ တာဝန်ခံဆောင်ရွက်ရန်မှာ များစွာခက်ခဲမည်ဖြစ်သည်။ နိုင်ငံအသီးသီး၏ ကွဲပြားသော အနေအထားတို့အရ မူခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည်လည်း တူညီနိုင်မည်မဟုတ်ပေ။ မိမိနိုင်ငံ၏ မူခင်းကြိုတင်တားဆီးကာကွယ်ရေးစနစ်ကို ရေတို၊ ရေရှည်စီမံချက်များချမှတ်၍ ကမ္ဘာ့ခေတ်သစ် ပြောင်းလဲမှုများနှင့်အညီ စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများ သုံးရက်တစ်ကြိမ်ဖြန့်ဝေပေးနေ

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သောက်သုံးရေ ရှားပါးလျက်ရှိသော ကျေးရွာသုံးရွာသို့ သောက်ရေသန့်နှင့် သုံးရေများကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သုံးရက်တစ်ကြိမ် ရေသယ်ယာဉ်များဖြင့် အလှည့်ကျ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရေပြတ်လပ်နေသော ပန်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၃ အိမ်မှ လူဦးရေ ၆၀၀ နီးပါး၊ ငါးနက်ပြာကျေးရွာရှိ အိမ်ခြေ ၁၀၇ အိမ်မှ လူဦးရေ ၆၀၀ နီးပါးနှင့် ဆင်ကျုံးကျေးရွာအုပ်စု တောကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၃၅ အိမ်မှ လူဦးရေ ၆၀၀ နီးပါးအတွက် သောက်သုံးရေ အခက်အခဲမရှိစေရန် ရေများ အလှည့်ကျ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။ ရေဖြန့်ဝေပေးရာတွင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးလင်းထွဋ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအာကာမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အလှူရှင်များ ပူးပေါင်းလှူဒါန်းသော သောက်သုံးရေများကို ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။



မေ ၈ ရက်က သောက်သုံးရေများ ဒုတိယအကြိမ် ဖြန့်ဝေပေးရာတွင် လီတာ ၃၀၀၀ ဆံ့ ရေသန့်ကားတစ်စီး၊ ဂါလန် ၈၀၀ ဆံ့ သုံးရေတင်မီးသတ်ယာဉ်တစ်စီးနှင့် ဂါလန် ၁၆၀၀ ဆံ့ သုံးရေတင်မီးသတ်ယာဉ်တစ်စီးတို့ဖြင့် စုစုပေါင်း ရေဂါလန် ၂၄၀၀ ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း၊ အဆိုပါ ကျေးရွာများသို့ သုံးရက်တစ်ကြိမ်သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေပေးနေသကဲ့သို့ ရေရှားပါးသည့် အခြားကျေးရွာများသို့လည်း ရေများ သွားရောက်ဖြန့်ဝေပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြိုင်ကြီးငူအထူးဒေသ ရော်ဘာစိုက်ခင်းများသို့ အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကွင်းဆင်းပညာပေး



**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် လှိုင်ဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ထူထောင်စိုက်ပျိုးပေးခဲ့သည့် ရော်ဘာစိုက်ခင်းများတွင် အယ်နီညိုရာသီဥတုအခြေအနေကြောင့် စိုက်ခင်းများ မီးလောင်ဆုံးရှုံးမှုမရှိစေရေးနှင့် ရော်ဘာပင်ပြုစုထိန်းသိမ်းနည်းစနစ်များ ပညာပေးခြင်းတို့ကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မေ ၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးဝင်းဇော်၊ ဦးစန်းအောင်နှင့် ဦးမြင့်စိုးတို့က ရော်ဘာခြံများသို့ ကွင်းဆင်းသွားရောက်၍ အယ်နီညိုရာသီဥတုအကြောင်း ပညာပေးခြင်းနှင့် မီးဘေးကာကွယ်ရေး၊ ရော်ဘာပင်ပြုစုထိန်းသိမ်းနည်းစနစ်များ ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကာ ရော်ဘာခြံများကို မြေဩဇာကျွေးရာတွင် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် မြေဆီလွှာခတ်ခွဲစမ်းသပ်ပေးရန် မြေနမူနာများလည်း ရယူခဲ့ကြကြောင်း သိရသည်။

မြိုင်ကြီးငူအထူးဒေသတွင် ရော်ဘာစိုက်ခင်းများ စတင်စိုက်ပျိုးချိန်က ဧက ၂၅၀၀ ကို အောင်မြင်စွာ စိုက်ပျိုးပေးနိုင်ခဲ့ပြီး ယနေ့အချိန်အထိ ရာသီဥတုဒဏ်ကြောင့် မီးလောင်ဆုံးရှုံးမှုမရှိသကဲ့သို့ ပေါ့ဆမီး၊ တောမီးများကြောင့်လည်း စိုက်ခင်းများ မီးလောင်ဆုံးရှုံးမှုမရှိသဖြင့် ရော်ဘာစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေတိုက်စားမှုကာကွယ်ရန် ကျောက်စီရေထိန်းနံရံ တည်ဆောက်

**အင်းတော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာ၌ မြစ်ရေတိုက်စားမှုကို ကာကွယ်ရန်အတွက် ကျောက်စီရေထိန်းနံရံကို မေ ၆ ရက်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားခဲ့သော အသောကစေတီတော်သည် ၂၀၁၅ ခုနှစ်က မိုးရေကြီးပြီး ရေတိုက်စားခံခဲ့ရခြင်းကြောင့် စေတီနှင့် ၁၀ ပေအကွာ ပရိဝုဏ်တွင် နတ်မဟုတ်ကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာနေပြည်သူများ စုပေါင်း၍ ကျောက်စီရေထိန်းနံရံကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျောက်စီရေထိန်းနံရံသည် အလျား ပေ ၈၀၊ အမြင့် ၃၅ ပေ ရှိကာ ကျေးရွာ နေ ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်လျက်ရှိသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရေခက်ခဲသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ကျောက်ပန်းတောင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ရေခက်ခဲပြတ်လပ်နေသော လက်ပံပင်ကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးဌာနက မေ ၈ ရက်တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ထန်းတောကြီးကျေးရွာရှိ အိမ်ခြေ ၁၇၁ အိမ်မှ လူဦးရေ ၁၀၀၀ ကျော်အတွက် သောက်သုံးရေများကို ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သုံးခေါက်သယ်ယူ၍ စုစုပေါင်း ရေဂါလန် ၄၈၀၀ ကို ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရေရှားပါးသော ကျေးရွာများသို့ မြို့ပေါ်ရှိ ပရဟိတအဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂလိကအလှူရှင်များ၊ မြို့နယ်စည်ပင်သာယာ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာန စသည့် ဌာနဆိုင်ရာများကလည်း သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

**နေအောင်(ပြန်/ဆက်)**



**ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးသော ဝယ်တောင်(မ) ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၆၀၀ ကို ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးတင်မောင်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ မေ ၈ ရက်က သွားရောက်လှူဒါန်းစဉ်။**

(ရေလှူဒါန်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။)

**အောင်ကျော်မြင့်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်းကွက်များကို အင်းလေလံစနစ်ဖြင့် ရောင်းချမည်

**မုံရွာ မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်းကွက်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အင်းလေလံစနစ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

အင်းလေလံစနစ်အဖြစ် တိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ အင်း ၁၃ ခုကို မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၅ ရက်ကလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ အင်း ၁၅ ခုကို ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၆ ရက်ကလည်းကောင်း၊ ကသာခရိုင်အတွင်းရှိ အင်း ၉၂ ခုကို မေ ၉ ရက်ကလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ အင်း ၁၃ ခုကို ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၀ ရက်ကလည်းကောင်း လေလံစနစ်ဖြင့် ရောင်းချခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်အတွင်းရှိ အင်း ၆၂ ခုကို စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၂ ရက်တွင်လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ အင်း ကိုးခုကို ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၆ ရက်တွင်လည်းကောင်း၊ တမူးခရိုင်အတွင်းရှိ အင်း ၁၂ ခုကို တမူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၇ ရက်တွင်လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ အင်း သုံးခုကို မော်လိုက်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၈ ရက်တွင်လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ အင်း ကိုးခုကို ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၂၀ ရက်တွင်လည်းကောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လုပ်ငန်းရာသီအတွက် လေလံစနစ်ဖြင့် အသီးသီး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ဖိုးချမ်း(မုံရွာ)**

# အပတ်စဉ်သင်ကြားပို့ချမည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကျင်းပ

**မြိုင် မေ ၁၀**
မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၃)ရပ်ကွက် ခန်တောကျောင်းတိုက်၌ ခန်တော ဓမ္မစကူးလ် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းကို တောင်ကြီးမြို့ မင်းကျောင်းတိုက် ပဓာန နာယကဆရာတော်အား အမှူးပြု၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆရာတော်များက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်း ဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် သာသနာပြန့်ပွားရေး လုပ်ငန်းများကို ကလေးများအား ငယ်စဉ်ကတည်းက သင်ကြားပေးခြင်းဖြင့် ယဉ်ကျေးလိမ္မာသူများဖြစ်အောင် သင်ကြားပို့ချသွားမှာဖြစ်ကြောင်း ဩဝါဒချီးမြှင့်သည်။ ထို့နောက် ဓမ္မစကူးလ် သင်တန်းဆရာ ဦးဇော်မိုးက ကျေးဇူးတင်စကားပြောကြားပြီး ဆရာတော် သံဃာတော်များအား ခန်တောကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ညွန့်က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ သင်တန်းတွင် တက်ရောက်သင်ယူကြသည့် သင်တန်းသား သင်တန်းသူ ၂၄၈ ဦးရှိပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၁၂ ဦးတို့က အပတ်စဉ် (တနင်္ဂနွေ)နေ့တိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းမှ သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**





# ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေပေး

**ညောင်ဦး မေ ၁၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ ရေရှားပါးမှုကြုံတွေ့နေရသည့် ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို ညောင်ဦးမြို့မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းမှ ဥက္ကဋ္ဌ ဦးသန်းဌေး ဦးစီးခေါင်းဆောင်သော ကဲကဲလေးမိသားစု ရေအလှူရှင်အသင်းက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ရေပြတ်လပ်မှု ကြုံတွေ့နေရသော ညောင်ပင်ကန် ရွာသာအေးကျေးရွာ၊ ယမ်းစမ်း ရွာသာအေးကျေးရွာ၊ အောင်သာကျေးရွာ၊ ဝက်လူးကျေးရွာ၊ လက်ပန်တဲ(တောင်)၊ လက်ပန်တဲ(မြောက်)၊ ခက်လန်းလန်းကန်၊ ကျားကုတ်တဲတန်း၊ တာလန်းကန်တဲတန်း၊ ကန်နီကြီးတဲတန်း၊ ညောင်လှကျေးရွာ၊ ခွေးပြုပ်ကျေးရွာ၊ ကြက်ရည်ဖုန်းတဲတန်း၊ ဒဟက်စီးကျေးရွာ၊ တဲမကျေးရွာနှင့် ရေတွင်းညောင်ပင်ကျေးရွာများသို့ တစ်ရွာလျှင် ဂါလန် ၁၂၀၀ ဆံ့ရေသယ်ကား နှစ်ခေါက်စီဖြင့် ရေဂါလန် ၂၄၀၀ စီကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း သောက်သုံးရေရှားပါးသည့်ကျေးရွာသို့ရေများ နေ့စဉ် ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ရေရှားသောဒေသများမှ ရေအလှူခံလျှင်လည်း လာရောက်လှူဒါန်းပေးမည်ဖြစ်ကာ အလှူခံလိုသူများအနေဖြင့် ရေအလှူရှင်အဖွဲ့ ခေါင်းဆောင် ဦးသန်းဌေး ဖုန်း- ၀၉-၂၀၄၂၃၀၃ သို့ ဆက်သွယ်၍ အလှူခံနိုင်ကြောင်း သိရသည်။
**ကျော်ဌေး(ညောင်ဦး)**

# တာမွေ(ယာယီ)ဈေး အသစ်ဆောက်လုပ်မည့် စီမံကိန်းကို ရက် ၁၀၀ စီမံကိန်းအတွင်း ဆောင်ရွက်ပေးရန် ဈေးသားများဆန္ဒရှိနေ

**ရန်ကုန် မေ ၁၀**
အစိုးရသစ်၏ရက် ၁၀၀ စီမံကိန်းဖြင့် ဆောင်ရွက်မှုကာလအတွင်း တာမွေ(ယာယီ)ဈေးကို ဈေးသစ်ဆောက်လုပ်မှု စီမံကိန်းတစ်ခုအနေဖြင့် ပါဝင်စေချင်ကြောင်း တာမွေ(ယာယီ)ဈေးရှိ ဈေးသူဈေးသားများထံမှ သိရသည်။

တာမွေ(ယာယီ)ဈေးသည် လူစည်ကားသောဈေးတစ်ခုဖြစ်ပြီး မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၆၄၀ ခန့်ရှိကာ ဈေးဝင်းအတွင်း တစ်ရက်လျှင် ကျပ် ၅၀ ဖြတ်ပိုင်းပေးဆောင်ရောင်းချနေကြသော ပုံကျဈေးသည်များလည်းရှိသည်။ တာမွေ(ယာယီ)ဈေးသစ် ဆောက်လုပ်ပြီးစီးပါက မှတ်ပုံတင်ဆိုင်ခန်းများမှ ဈေးသူ ဈေးသားများကို မြေညီထပ်တွင် ပြန်လည်နေရာချသွားပေးမည်ဖြစ်ပြီး ဖြတ်ပိုင်းပေးဆောင်ဈေးရောင်းချနေကြသည့် ကတ်ပြားရှိ ပုံကျဈေးသည်များအတွက် ဆိုင်ခန်းပေါင်း ၇၀၀ ကျော်ကို ဈေးများဌာနက ပထမထပ်တွင်စီစဉ်ပေးမည်ဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

"ကျွန်တော်တို့ တာမွေ(ယာယီ)ဈေးကို ဈေးသစ်ဆောက်လုပ်ပေးရင် နိုင်ငံတကာအဆင့်မီဈေး မဟုတ်တောင်မှ သန့်ရှင်းသပ်ရပ်လှပတဲ့ ဈေးအသစ် ဖြစ်စေချင်ပါပြီ။ ရာသီဥတုက အရမ်းပူပြင်းလာတဲ့အပေါ်မှာ အခုဆိုရင် ဈေးသူ ဈေးသားအများစုဟာ ဈေးမီးလောင်မှုဖြစ်ပွားမှာကို စိုးရိမ်နေကြပြီး ကိုယ်ထူကိုယ်ထစနစ်နဲ့ လုံခြုံရေးအင်အား ဖြည့်တင်းပြီး ဈေးကိုစောင့်ရှောက်နေကြရပါတယ်။ ဈေးသစ်ဆောက်လုပ်ပြီးရင်လည်း ပုံကျဈေးသူဈေးသားတွေအပါအဝင် ဆိုင်ခန်းသမားများဟာ မြေညီတစ်ပြင်လုံးမှာပဲ ဈေးရောင်းချချင်ကြပြီး ဈေးသစ်ဆောက်လုပ်ဆောင်ရွက်ပေးနိုင်မယ့် ကုမ္ပဏီနဲ့ သာ ဆွေးနွေးလိုပါတယ်"ဟု တာမွေ(ယာယီ)ဈေးရှိ ဈေးရောင်းသူတစ်ဦးက ဆိုသည်။

တာမွေ(ယာယီ)ဈေး၏ မြေနေရာအနေအထားမှာ တြိဂံနှင့် စတုဂံပုံမကျတကျဖြစ်နေပြီး ဈေး၏အကျယ်အဝန်းဧရိယာမှာ စတုရန်း တစ်ဧကခွဲကျော်ရှိကာ ကျိုက္ကဆံလမ်းမပေါ်တွင် တည်ရှိသည်။ လက်ရှိအနေအထားအရ တာမွေ(ယာယီ)ဈေးသစ် အမြန်ဆုံးဆောက်လုပ်ရေးအတွက် ဈေးသာယာရေးအဖွဲ့နှင့် ရုံကိုယ်စားလှယ်များ၊ ဈေးသူဈေးသားများက သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

တာမွေ(ယာယီ)ဈေးကို ၁၉၉၄ ခုနှစ် စက်တင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အနီးအနားရှိ တာမွေပလာဇာမှာ လူစည်ကားမှုနည်းပါးခဲ့သည့်အတွက် ဈေးသူ ဈေးသားများက အဆိုပါ တာမွေ(ယာယီ)ဈေးသို့ ပြောင်းရွှေ့ရောင်းချခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်း အခွန်လွတ်ဈေးများအပါအဝင် စုစုပေါင်း ၁၇၆ ဈေးရှိပြီး တောင်ပိုင်းခရိုင်တစ်ခုတည်းတွင် အခွန်လွတ်ဈေးများအပါအဝင် စုစုပေါင်း ၄၂ ဈေးရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။
**စိုးဝင်း(SP)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းပညာပေးမှုများ ဆောင်ရွက်လျက်ရှိ

**ချောက် မေ ၁၀**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများကို ချောက်မြို့နယ်ရဲတပ်ဖွဲ့က ဦးစီး၍ မေ ၄ ရက်မှ စတင်ကာ မြို့တွင်း လူစည်ကားရာနေရာများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ချောက်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ ပူးပေါင်းကာ လူစည်ကားရာနေရာဖြစ်သော အမှတ်(၉)နှင့် (၁၀)နယ်မြေလမ်းဆုံရှိ ချောက်မြို့မ ရဲစခန်းထိပ်မီးပွိုင့်၌ အခြေပြုကာ ယာဉ်မောင်းသူများအနေဖြင့် မူးယစ်သောက်စားပြီး မမောင်းရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရန်၊ ယာဉ်နံပါတ်ပြားအတုများ တပ်ဆင်ခြင်းနှင့် နံပါတ်ပြားဖြုတ်မောင်းခြင်းများမပြုရန် စသည့်အချက်များကို စစ်ဆေးကာ အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို မေ ၃၁ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပညာပေးအစီအစဉ် စတင်ပြုလုပ်ခဲ့သော မေ ၄ ရက်မှ မေ ၉ ရက်အထိအတွင်း ယာဉ်စီးရေ ၆၄၄ စီးကို အသိပညာပေးမှုများ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

# လူစုလူဝေး စနစ်တကျထိန်းသိမ်းခြင်းသင်တန်းဖွင့်

**ညောင်လေးပင် မေ ၁၀**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းမှ ရေရှားပါးမှုကြုံတွေ့နေရသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှပြုလုပ်သော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (Crowd Management) ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုကြီးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းသားများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ မဒေါက်၊ ပိန်းဇလုပ်မြို့များမှ ရဲတပ်ဖွဲ့ဝင် အရာရှိ လေးဦး၊ အခြားအဆင့် ၂၇ ဦး စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို မေ ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ကာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**

# ရန်ကုန်မြို့မှ သက်တမ်း ၁၆၄ နှစ်တိုင်ခဲ့ပြီဖြစ်သော နော်မံဘုန်းကြီးကျောင်းတိုက်

ဆောင်းပါး - မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - မွန်းဦးနဒီ

ရန်ကုန်မြို့၌ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ဒုတိယအကြိမ် သိမ်းပိုက်ခဲ့စဉ်ကာလမှစ၍ တည်ဆောက်ခဲ့သော ကိုလိုနီခေတ်၏လက်ရာ အဆောက်အအုံပေါင်းများစွာရှိသည်။ အဆိုပါ အဆောက်အအုံတို့၏သက်တမ်းမှာ ရာစုနှစ်များ ရှည်ကြာလာသည်နှင့်အမျှ ရှေးဟောင်းဂန္ထဝင်လက်ရာတို့ဖြင့်ထုံမွှန်းသော သမိုင်းဝင်အဆောက်အအုံများအဖြစ် ရောက်ရှိလာကြသည်။

ယင်းသမိုင်းဝင်အဆောက်အအုံများတွင် သက်တမ်း ၁၆၄ နှစ်တိုင်ခဲ့ပြီဖြစ်သည့် နော်မံဘုန်းကြီးကျောင်းတိုက်သည်လည်း တစ်ခုအပါအဝင်ပင် ဖြစ်သည်။ နော်မံကျောင်းတိုက်သည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် စက်ရုံလမ်းပေါ်တွင် တည်ရှိသည်။ ယခင်က ဘုန်းကြီးကျောင်းအဖြစ် ရှိခဲ့သည်မဟုတ်ပေ။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က ဒုတိယအကြိမ် ကျူးကျော်စစ်ပြုခဲ့သော အချိန်ကာလဖြစ်သည့် ၁၈၅၂ ခုနှစ် ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ သိမ်းယူပြီးခါစအချိန်တွင် နော်မင်စကူးလ်(ယခု နော်မံကျောင်းတိုက်)ဟုခေါ်သည့် အင်္ဂလိပ်စာသင်ကျောင်းကြီးကို အင်္ဂလိပ်အစိုးရက အင်္ဂလိပ်ဗိသုကာအင်ဂျင်နီယာတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



နော်မံကျောင်းကြီးတိုက်၏ လက်ရှိတိုက်အုပ်ဆရာတော်ဖြစ်သည့် ဆရာတော် ဦးတေဇိတက "ဒီကျောင်းတိုက်ကိုရောက်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ရှိပြီ။ ရောက်ခါစကတော့ ပြုပြင်စရာနည်းသေးတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးထိတဲ့အထဲပါသွားတဲ့ နေရောင်ကာတို့ ဘာတို့တော့ နည်းနည်းပြင်ရတယ်။ အမဲဈေးမှာဗုံးကျလို့ ပါသွားတာလို့ ဆိုကြတယ်၊ ဦးဇင်းတို့ရောက်ခါစက ဒီကျောင်းကြီးမှာ လှေကားခြောက်စင်းရှိတယ်။ အခုတော့ သုံးစင်းပဲကျန်တော့တယ်။ အချို့ကို အလွန်အမင်း ဟောင်းနွမ်းဆွေးမြည့်လာလို့ ဖြုတ်လိုက်ရတယ်"ဟု မိန့်ကြားသည်။

အကျယ်အဝန်းအားဖြင့် နှစ်ဧကနီးပါးရှိသည့် အဆိုပါကျောင်းကို စတင်တည်ဆောက်ခဲ့စဉ်ကာလက တည်ဆောက်ထားသည့်ပုံစံမှာ အောက်ခံအုတ်ခုံအမြင့် ငါးပေမြှင့်တင်ထားသည့်အပေါ်တွင် အလျား ပေတစ်ရာ၊ အနက် ပေငါးဆယ်၊ ဆင်ဝင်ဆောင်လေးဘက်ပါရှိသည့် အဆောင်ကြီးဖြစ်သည်။ ကျောင်းမကြီးသည် လေးဆယ် လေးပင်ဖြစ်၍ တိုင်လေးဆယ်ပါရှိသည်။ ဆင်ဝင်ဆောင်လေးဆောင်မှာ တိုင်အားလုံးပေါင်း ငါးဆယ့်ရှစ်တိုင်ရှိသည်။ တိုင်အားလုံးတွင် သံဖိနပ်ကြီးများခံထားသည့် နှစ်ထပ်ကျောင်းဖြစ်သည်။ အပေါ်ထပ်ကို လျှာထိုးပျဉ်ခင်း၍ အောက်ခံ သမံတလင်းခင်းထားကြောင်း၊ အမိုးမှာ ပျဉ်အုတ်ကြွပ်ဖြစ်ပြီး ပျဉ်ကာထားကာ လှေကားပေါင်းခြောက်စင်းရှိကြောင်း သိရသည်။ ကျောင်း၏အရှေ့ဘက်မျက်နှာစာ ဆင်ဝင်ဆောင်မှာ မှန်ပြတင်းပေါက်ခြောက်ပေါက်တပ်ထား၍ ဘေးပတ်လည်တွင် သစ်သားတရုတ်ကပ်များ တပ်ဆင်ထားကြောင်း သိရသည်။ ကျောင်း၏ အနောက်ဘက်ဆင်ဝင်ဆောင်သည် လှေကားဆောင်ဖြစ်ကာ ကျောင်း ၏ တောင်ဘက်နှင့် မြောက်ဘက်ရှိ ဆင်ဝင်ဆောင်ငယ်နှစ်ခုမှာ ရေချိုးရန်ပြုလုပ်ထားသည်။ ယင်းဆင်ဝင်ဆောင်များတွင် စာသင်ကြားသည့် ဆရာများရေချိုးရန် ခဲသွပ် ပြားကြီးများ ခင်းထားကြောင်းသိရသည်။ အရှေ့မြောက်ထောင့်၌ ဆင်ဝင်ငယ်တစ်ခု ပါသည်။

ကျောင်းဆောင်ကြီး၏ အနောက်ဘက်၌ အမှုထမ်းများအတွက် ခြောက်ခန်းတွဲ တန်းလျားဆောင်တစ်ဆောင်၊ တစ်ဖက်ရပ်မိုး မီးဖိုဆောင်တစ်ဆောင်နှင့် ကျောင်းသားများအတွက် ရေချိုးတန်းလျားနှင့် အိမ်သာတန်းလျားများကို သမံတလင်းခင်း၍ သွပ်မိုးကာ ဆောက်လုပ်ထားကြောင်း သိရသည်။ ယခုအခါတွင် ၎င်းတို့ မရှိတော့ပေ။ နော်မံအင်္ဂလိပ်စာသင်ကျောင်းမှတစ်ဆင့် မြန်မာဘုန်းကြီးကျောင်းအဖြစ်သို့ မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ် (ခရစ် ၁၈၈၈ ခုနှစ်)တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုစဉ်အချိန်အခါက အင်္ဂလိပ်အစိုးရ စာသင်ကျောင်းကြီးအဖြစ် တည်ရှိသည့် နော်မံကျောင်းသည် ရန်ကုန်မြို့တွင်းနှင့် အလှမ်းကွာဝေးလှကာ သွားရေးလာရေး အဆင်မပြေခြင်း၊ အန္တရာယ်များပြားခြင်းများကြောင့် ကျောင်းအုပ်ဆရာကြီးက အထက်အစိုးရသို့ တင်ပြရာ ထိုကျောင်းကို သွားလာရေး အဆင်ပြေလွယ်ကူသည့်နေရာသို့ ရွှေ့ပြောင်းကာ သင်ကြားစေပြီး ကျောင်းကိုပိတ်ထားခဲ့သည်။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားသည့် ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်(မြန်မာသက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်းလဆုတ် ၈ ရက်)နေ့တွင် မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းသည် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပါတော်မူသွားခဲ့သည်။ ခရစ်နှစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှအစိုးရက မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူကြောင်းကြေညာခဲ့သည်။ သီပေါမင်း ပါတော်မူပြီးချိန်တွင် မြန်မာပြည်အထက်ပိုင်း၌ အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ခိုက်မှုနှင့် မငြိမ်သက်မှုများ ဖြစ်ပွားခဲ့သည်။

နောင်အခါ နော်မံကျောင်းကြီးတိုက်၏ ပထမဆုံး ကျောင်းထိုင်ဆရာတော်ဖြစ်လာမည့် ဆရာတော် ဦးပညာမဟာထေရ်သည် ပရိယတ္တိသာသနာတော် ချီးမြှောက်စောင့်ရှောက်ရေး မျှော်တွေး၍ မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကာ ကျောင်းတိုက်အတည်တကျမရှိဘဲ ကျောက်တိုင်ကျောင်းတွင် သီတင်းသုံးနေစဉ် ကျောင်းပေါ်မှာမနေဘဲ သစ်ပင်များအောက်၌ စာပေပို့ချခြင်း၊ တပည့်များနှင့် ဆွမ်းခံကာ သစ်ပင်အောက်၌ပင် ဆွမ်းစားခြင်း စသည့် နေထိုင်မှုများဖြင့် သီတင်းသုံးနေခဲ့သည်။ ဆရာတော်နှင့် စာသင်သားသံဃာအများ ကျောင်းကန်အတည်မရှိဘဲ ငြိုငြင်ဆင်းရဲစွာ နေကြရသည်ကို ပွဲစားကြီး ဦးဘိုးသာ(ဆာဘိုးသာ)ဦးဆောင်သည့် ပွဲစားကြီးများက မြင်တွေ့ခဲ့သည်။ ကျောင်းနေရာရှာကြသော် နော်မံစာသင်ကျောင်းကြီးကို အစိုးရကရောင်းချလိုကြောင်း ကြားသိရပြီး အစိုးရနော်မံကျောင်းကို(ဆာဘိုးသာ)က ငွေနှစ်သောင်းကျော်ပေး၍ ဝယ်ယူခဲ့ကာ ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဆရာတော်ကြီးထံသို့ ရေစက်သွန်းချလှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းစာသင်တိုက်သစ်ကျောင်းကြီးတိုက်၌ စာသင်သားသံဃာတော်များ အလွန်များပြားလာသည့်အတွက် အလှူရှင်များက ကျောင်းဆောင်ကြီးများအပါအဝင် သိမ်၊ တန်ဆောင်း၊ ဇရပ်၊ စကြံ၊ တံတိုင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

**ပထမဆုံး ကျောင်းထိုင်ဆရာတော်ဖြစ်လာမည့် ဆရာတော် ဦးပညာမဟာထေရ်သည် ရန်ကုန်မြို့သို့ရောက်ရှိကာ ကျောင်းတိုက်အတည်တကျမရှိဘဲ ကျောက်တိုင်ကျောင်းတွင် သီတင်းသုံးစဉ် ကျောင်းပေါ်မှာမနေဘဲ သစ်ပင်များအောက်၌ စာပေပို့ချခြင်း၊ တပည့်များနှင့် ဆွမ်းခံကာ သစ်ပင်အောက်၌ပင် ဆွမ်းစားခြင်း စသည့် နေထိုင်မှုများဖြင့် သီတင်းသုံးနေခဲ့သည်။ ဆရာတော်နှင့် စာသင်သားသံဃာအများ ကျောင်းကန်အတည်မရှိဘဲ ငြိုငြင်ဆင်းရဲစွာ နေကြရသည်ကို ပွဲစားကြီးဦးဘိုးသာ(ဆာဘိုးသာ)ဦးဆောင်သည့် ပွဲစားကြီးများက မြင်တွေ့ခဲ့သည်။ ကျောင်းနေရာရှာကြသော် နော်မံစာသင်ကျောင်းကြီးကို အစိုးရကရောင်းချလိုကြောင်း ကြားသိရပြီး အစိုးရ နော်မံကျောင်းကို(ဆာဘိုးသာ)က ငွေနှစ်သောင်းကျော်ပေး၍ ဝယ်ယူခဲ့ . . .**

ခရစ် ၁၉၁၄ ခုနှစ် ဒီဇင်ဘာတွင် အင်္ဂလိပ်တို့အား ဂျပန်တို့က စစ်ကြေညာပြီးနောက် ရန်ကုန်မြို့သို့ ဗုံးလာချလာသည်။ ရန်ကုန်မြို့ကို လေးကြိမ်မြောက်ဗုံးချပြီး မကြာမီ မြို့နေလူအားလုံးကို ၄၈ နာရီအတွင်း ထွက်ခွာသွားရန် ကြေညာသည်။ ထို့နောက် အင်္ဂလိပ်စစ်သားများသည် မြေလှန်စနစ်ဖြင့် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးကြသည်။ ကျောင်းရှေ့မှ အမဲဈေးကိုမီးရှို့ချိန်တွင် လွင့်လာသောမီးပွားတို့သည် နေ့ညမစဲ ကျောင်းခေါင်မိုးပေါ်ကျခဲ့ရာ ပြာသာဒ်ဆောင်ကို လှေကားထောင်ထားပြီး ရေများတင်ထားကာ ဆရာတော်များနှင့် ကျောင်းသားများက စောင့်ရှောက်၍ မီးငြိမ်းခဲ့သဖြင့် မီးဘေးမှလွတ်ကင်းခဲ့ရကြောင်း သိရသည်။ ခရစ်နှစ် ၁၉၈၈ ခုနှစ်တွင် နော်မံဘုန်းကြီးကျောင်းတိုက်အဖြစ် တည်ထောင်ခြင်း နှစ်ပေါင်း ၁၀၀ ပြည့် အခမ်းအနားကို ကျင်းပခဲ့ကြသည်။ ထိုစဉ်က တိုင်းပြည်၌ လူထုလှုပ်ရှားမှုကြီးနှင့် ကြုံနေသောကြောင့် အလျင်စလိုသာ ကျင်းပခဲ့ရကြောင်း သိရသည်။

"၁၉၈၈ ခုနှစ်မှာ ရာပြည့်အခမ်းအနား ကျင်းပခဲ့တယ်။ အရေးအခင်း လှုပ်လှုပ်ရှားရှားအခြေအနေကြောင့် ကမန်းကတန်း လုပ်လိုက်ရတယ်။ ဒီကျောင်းက စတင်တည်ထောင်ခဲ့စဉ် အချိန်တုန်းက စောတယ်။ ဒါပေမယ့် လူသိတာနည်းတယ်။ ရေးသားသူကလည်းနည်းတယ်။ အစိုးရပိုင်းကတော့ လာကြတာ မရှိသေးပါဘူး။ ဗြိတိန်နိုင်ငံကလူတွေတော့ လာတာရှိတယ်။ လေ့လာပြီးမေးမြန်းကြတယ်၊ ကျောင်းမှာလည်း ရှေးဟောင်းပစ္စည်းတွေ တော်တော်များတယ်။ ရွှေပိန်းချဗီရိုတွေ၊ ကနုတ်ပန်းတွေနဲ့ ကြေးကုတင်တွေ၊ သစ်သားဆွမ်းစားဇလုံတွေ၊ ပက်လက်ကုလားထိုင်တွေ၊ ရှေးဟောင်းနာရီတွေ၊ ရှေးဟောင်းမီးအိမ်တွေ၊ မီးထွန်းတိုင်တွေနဲ့ ရှေးကတရားသူကြီးတွေ တရားစီရင်တဲ့အခါ ထိုင်တဲ့ခုံလည်းရှိတယ်"ဟု တိုက်အုပ်ဆရာတော်က မိန့်ကြားသည်။

"ဦးဇင်းရဲ့ဆန္ဒကတော့ အားလုံးဝိုင်းဝန်းပြီးတော့ ထိန်းသိမ်းစေချင်ပါတယ်။ အကြီးပိုင်းရောက်လာချိန်မှာ နှစ်တိုင်းလိုလို နည်းနည်းချင်းစီပြင်ဖြစ်ပါတယ်။ နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပြီး အပေါ်ထပ်မှာ ရှေးဟောင်းပစ္စည်းတွေထားပြီး ကျန်တဲ့အထပ်မှာတော့ စောင့်ရှောက်တဲ့သူတွေထားမယ်လို့ စိတ်ကူးတယ်"ဟု တိုက်အုပ်ဆရာတော်က ဆက်လက်မိန့်ကြားသည်။

နော်မံကျောင်းတိုက်ကြီး၌ လက်ရှိအချိန်တွင် သက်တော် ၈၉နှစ်ရှိ ကျောင်းထိုင်ဆရာတော်ကြီး ဦးဝိစိတ္တသာရ အပါအဝင် ကျောင်းထိုင်ဆရာတော်ကြီးပေါင်း ၁၀ ပါးမြောက်အထိ သီတင်းသုံးတော်မူခဲ့ကြကြောင်း သိရသည်။ သံဃာတော်များနှင့် ကျောင်းသားအရေအတွက် စုစုပေါင်း ၄၀ ခန့်ရှိသည်။

နော်မံကျောင်းတိုက်ကြီးသည် ရှေးဟောင်းကျောင်းတိုက်ဖြစ်သည့်အလျောက် တဖြည်းဖြည်း ယိုယွင်းလာရာ ပြုပြင်ထိန်းသိမ်းရန်၊ ပြင်ဆင်ရန် လိုအပ်မှုများရှိနေကြောင်း သိရသည်။ ကျောင်းဆောင်ရှိ သစ်သားတိုင်များကိုလဲလှယ်ခြင်း၊ အမိုးများအဆောင်များကို ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ။




MPT
Moving Myanmar Forward
လိုတရ
လွယ်ကူချောမွေ့ဘဝတွေ လိုတရနဲ့ အဆင်ပြေ
lotayamm.com
မိုးလေဝသ၊ ငွေလဲနှုန်းများ၊ ဝတ္ထု၊ ပဟေဠိ နှင့်
သတင်းအချက်အလက်မျိုးစုံတို့ကို
အခမဲ့ ကြည့်ရှုနိုင်ပါသည်
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျတ်ကို
ကူညီစီမံနိုင်ရန် ငွေကြေး ၃၈ မျိုးပါဝင်သော
နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို အခမဲ့ စီစဉ်ပေးနေပါပြီ
အသုံးပြုပုံ
1.
lotayamm.com ဟု
ရိုက်နှိပ်ပြီး လိုတရကို ရှာဖွေပါ။
2.
မိမိနှစ်သက်ရာ
အခန်းကဏ္ဍအလိုက် ရွေးချယ်လိုက်ပါ။
3.
မိမိနှစ်သက်ရာ
အခန်းကဏ္ဍကို ဖတ်ရှုနိုင်ပါပြီ။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စက်ရေတွင်း၊ရေကန်ဒါယကာကြီး

## ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)၊ OTS(၄၃)

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊သတ္တုတွင်းဦးစီးဌာန၊သတ္တုတွင်းဝန်ကြီးဌာန ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ဆားလင်းကြီးမြို့နယ်)**

**အသက်(၆၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နေ (ဦးစိုးညွန့်)-ဒေါ်ခင်ဆွေတို့၏သား၊ (ဦးထွန်းတင်-ဒေါ်ခင်မျိုးကြည်)တို့၏သားသမက်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ရာဇသင်္ဂဟအိမ်ရာ၊မြဝတီလမ်း၊အမှတ် ၃၃၀၁နေ ဒေါ်နွဲ့နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးညီညီလတ်-ဒေါ်မေသန္တာမြင့်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆက်မြင့်-ဒေါ်ဆုမြတ်ကျော်ဇော၊ ဦးလွင်ချမ်းဘိုရီ-ဒေါက်တာနှင်းဥမ္မာမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် နေပြည်တော် ကောင်းသစ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် နေပြည်တော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်လန်း

**၁၉၈၀ခုနှစ် ဘူမိဗေဒ (မန္တလေး)**

**အသက်(၅၉)နှစ်**

မန္တလေးမြို့၊ (၁၀)လမ်း၊ မြောက်ပြင်ရပ်နေ ဦးခင်မောင်လန်းသည် ၁၀-၅-၂၀၁၆ရက် နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်လန်း

**၁၉၈၀ခုနှစ် ဘူမိဗေဒ (မန္တလေး)**

**အသက်(၅၉)နှစ်**

မန္တလေးမြို့၊ (၁၀)လမ်း၊ မြောက်ပြင်ရပ်နေ ဦးခင်မောင်လန်းသည် ၁၀-၅-၂၀၁၆ရက် နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၀ခုနှစ် ဘူမိဗေဒ(မန္တလေး သူငယ်ချင်းများ)**

---

## ဗိုလ်မှူးကျော်ထင် အသက်(၄၇)နှစ်

**ရေ/၃၇၉၄ (OTS-91)**

**တပ်မတော်(ရေ)**

မန္တလေးမြို့နေ(ဦးကျော်ဝင်း)-ဒေါ်ခင်မေသန်းတို့၏သားကြီး၊ရန်ကုန်မြို့နေ ဗိုလ်မှူးသာန(ငြိမ်း)-(ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးညီညီလတ်-ဒေါ်ယမင်းလွင်၊ ကိုဇော်လင်းအောင်(Bright Electronic)-မရူပဝင်း၊ ကိုရန်အောင်ခိုင်မင်း(အောင်ခိုင်မင်းလျှပ်စစ်)-မကြေးမုံဝင်း၊ ကိုရဲထွန်းသန်း(မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာန)-မေသင်္ကြန်ဝင်း၊ ဒေါ်ခင်ဝင်းမော်(အမှတ်-၁၊ သတ္တုတွင်းလုပ်ငန်း)၊ ဒေါ်ရီရီသန်း (နယ်စပ်ရေးရာဝန်ကြီးဌာန)တို့၏အစ်ကို/မောင်၊ ဗိုလ်ကြီးဒေါ်ခင်ခင်နု(တပ်မတော် အသည်းဆေးရုံ)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထင်၏ဖခင်၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီးသည် ၁၀-၅-၂၀၁၆ရက် ညနေ ၃း၅၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားတော်နာယူပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် D၊ အခန်း ၇၊ တော်ဝင်အရာရှိရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်ဝေ

**B.E (Mechanical) 1973/74**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ် ၃၆၊ အခန်း ၂၊ ပျဉ်းမမြိုင်လမ်း၊ စုပေါင်းသုဝဏ္ဏနေ (ဦးသောင်းဝေ-ဒေါ်သန်းနွဲ့)တို့၏သား၊ (ဦးတင်မြ-ဒေါ်ခင်စန်း)တို့၏သားသမက်၊ ဒေါ်ခင်ဌေးမူ (ဌာနခွဲမှူး၊စက်မှုကြီးကြပ်၊ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၏ခင်ပွန်း၊ ဦးတင်ညို-(ဒေါ်ချိုချိုဝေ)တို့၏မောင်၊ (ဦးအေးမောင်ကြည်) - ဒေါ်ဆွေဆွေဝင်းတို့၏အစ်ကို၊ မသုမွန်ဝေ(ခေတ္တ-စင်ကာပူ)၊ မောင်ခွန်းချို (ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လန်း(မန္တလေးမြို့)

**ဘူမိဗေဒ(၁၉၈၀)**

**အသက်(၅၉)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်၊ အကွက် ၃၈၊ အမှတ်၈၆နေ ဒေါ်သီတာမြင့်၏ခင်ပွန်း၊ မောင်မြင့်သူဝင်း - မသီတာရည်နွေး၊ မသီတာငြိမ်းအေး၊ မောင်အောင်ဖြိုး-မသီတာစိမ်းလန်းတို့၏ဖခင်၊ မောင်ထူးမြတ်ဝင်း၊ မောင်သာလင်းထွဋ်တို့၏အဘိုးသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ပခုက္ကူအသင်း(ရန်ကုန်)(၅/၂၀၁၆)

## ဦးမြင့်ဝေ (ပခုက္ကူ)

**စိန်သိန်းသန်းဝေ(၁၂)ရေယာဉ်ပိုင်ရှင်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ၅၂လမ်းနေ အသင်းဝင်(ဦးသက်အောင်) - ဒေါ်လှိုင်လှိုင်ကျော်၊ ပခုက္ကူမြို့၊ လွတ်လပ်ရေးလမ်းနေ (ဦးအောင်တင့်ကျော်) - ဒေါ်သန်းတီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ်(၉၃-ပထပ်)နေ အသင်းဝင်(ဒေါ်မို့မို့ကျော်)၏ခင်ပွန်း၊ ဦးပြည့်ဖြိုးပိုင်(စိန်သိန်းသန်းဝေ-၁၂) ဒေါက်တာလွှမ်းမိုးပိုင်တို့၏ဖခင်၊ ဒေါက်တာအောင်ပြည့်စုံ၊ ဒေါက်တာသန်းခန့်အောင်တို့၏ဘကြီးသည် ၇-၅-၂၀၁၆ရက် (စနေနေ့)တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၇း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

## ဦးဗိုလ်ထူး(ခ)ဦးမျိုးမင်း

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ သီရိ ၃လမ်း၊တိုက် ၁၂(ဘီ)၊ ပထမထပ်နေ (ဦးသိန်းမြင့်၊ မြေတိုင်းဦးစီးဌာန-ဒေါ်စိန်လှ၊ စက်မှု/စားကုန်)တို့၏သား၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သိန်း(မြေတိုင်းဦးစီးဌာန)၊ ဦးဗိုလ်မောင် (ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေရုံး)-ဒေါ်စန္ဒာသီရိ (စစစဦးစီးဌာန၊ မုံရွာ)၊ (ဦးဗိုလ်အောင်)၊ ဦးကျော်ကျော်အောင်-ဒေါ်ညွန့်ညွန့်သိန်းတို့၏ညီ/မောင်၊မရည်မွန်သန့်၊ မဆုဝေအောင်၊ မောင်လင်းပြည့်တို့၏ဦးလေးသည် ၁၀-၅-၂၀၁၆ရက် နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍၁၂-၅-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြတင်

**(သီဝံသညာပုံနှိပ်တိုက်၊ ရေဦးမြို့)**

**အသက်(၉၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်၊ ကလေးဝလမ်းနေ (ဦးသီဝံ)၏ဇနီး၊ (ဦးဝင်းကို၊ အထပြ၊ ငြိမ်း)၊ ရေဦး NLD အမတ်ဟောင်း၊ ဒေါက်တာဝင်းနိုင်-ဒေါက်တာခင်ဝင်းနွယ်(U.K)၊ ဒေါက်တာကျော်သင်း-ဒေါ်ဌေးဌေး (South Africa)၊ ဦးဝင်းညွန့်-ဒေါ်ဝင်းဝင်းသီ (အာယုဆေးတိုက်၊ ရေဦး)၊ ဦးဝင်းမြင့်ထွန်း-ဒေါ်စန်းစန်းမြင့်(စန်းစန်းမြင့်စတိုး)၊ ဦးအောင်ခိုင်တင်-ဒေါ်အေးအေးသီ(သီဝံသညာပုံနှိပ်တိုက်)တို့၏မိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဦးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးဝင်းသိန်း(ရေ) (ငြိမ်း)

**B.Sc (D.S.A) အပတ်စဉ်(၉)၊ ရေ-၁၁၅၆**

**ရေကြောင်းပြမှူးကြီး(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ အပိုင်း(၂)၊ အခန်းအမှတ် T/B (302)နေ (ဦးလှမြင့်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးမောင်ရှင်-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒေါ်ဝင်းမေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဆန်းဦး(First Top Group Co.,Ltd)-ဒေါ်အေးသော်တာအောင်၊ ဦးမျိုးကိုကိုဦး(Gewin)-ဒေါ်သီတာနှင်း၊ဦးမျိုးလှိုင်(Swiber)-ဒေါ်သီတာဝင်းသိန်းတို့၏ဖခင်ကြီး၊ မောင်ရဲမာန်အောင်၊ မောင်နန္ဒဟိန်းလှိုင်၊ မဇွန်ပွင့်ကိုကို၊ မောင်ရဲရင့်ဝင်းလှိုင်၊ မောင်စိုင်းဝဏ္ဏအောင်တို့၏အဘိုးသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ခင်ကြည် (အုတ်ရှစ်ခုံရွာ၊ ဝန်းသို)

**အသက်(၇၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နေ (ဦးဘသင်-ဒေါ်ချိတ်မိ)တို့၏ချွေးမ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အုတ်ရှစ်ခုံရွာ၊ ဝန်းသိုမြို့နယ်နေ (ဦးစံမြ-ဒေါ်လှတင်)တို့၏သမီး၊ကောလင်းမြို့နယ်၊တောင်ကြီးရွာနေ(ဦးချစ်အောင်-ဒေါ်ဖွေး)တို့၏ညီမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁နေ ဦးဝင်းလွင်ထွေး-ဒေါ်နုနုခိုင်၊ (ဦးနေဝင်း-ဒေါ်မြမြသွယ်)၊ ဒေါ်နီနီဝင်း၊ ဦးကိုကို-ဒေါ်စုစုလှိုင်၊ ဦးဇော်လင်း-ဒေါ်ခင်လေးနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ (ဦးသိန်းကျော်) ကောလင်းတို့၏ချစ်လှစွာသောဇနီးသည် ၉-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရီ

**အလယ်ရွှေဂုံတိုင်ရပ်ကွက် မိခင်နှင့်ကလေးအသင်းခွဲ ဥက္ကဋ္ဌ**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အေးချမ်းသာယာလမ်း၊ အမှတ် ၇၄နေ (ဦးထွန်းလှိုင်)၏ဇနီး၊ (ဦးထွန်းမြင့်) - ဒေါ်အေးအေးမြင့်၊ ဦးသန်းမြင့် - ဒေါ်တင်လှ၊ ဦးဝင်းမင်းထွန်း-ဒေါ်မြမြသန်း၊ဦးဉာဏ်စိုး-ဒေါ်ခင်အေးဟန်၊ ဦးအောင်မိုး-ဒေါ်ကြည်ကြည်သိန်း(လယ်/ဆယ် ဝန်ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်သီတာ၊ ဒေါ်ရီရီမာ၊ ဦးမြင့်အောင်-ဒေါ်မိမိမော်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ ဦးအောင်သူ (ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အလယ်ရွှေ) - ဒေါ်စန်းစန်းနွယ်တို့၏မိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်လှိုင်

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ အမှတ် ၆၆၊ အခန်း (D-1)၊ ရေတာရှည်လမ်းဟောင်းနေ (ဦးတင်မောင် - ဒေါ်အုန်းသင်)တို့၏သား၊ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ဦးအောင်မြ-ဒေါ်ခင်မိမိ၊ ဦးဖေသိန်း-ဒေါ်ခင်မျိုးမြင့်၊ ဒေါ်တင်တင်လှ၊ ဦးထွန်းထွန်းအောင်-ဒေါ်လှလှဝေ၊ ဦးကျော်ဇေယျ-ဒေါ်ခင်ထားမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊မြစ်ငါးယောက်တို့၏အဘိုးသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမျိုးပိုင် (ဘိုကလေး)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း၊ ကံ့ကော်လမ်း၊ အမှတ် ၃၈၇နေ (ဦးမောင်လှိုင်-ဒေါ်ကျင်စိန်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးသိန်းလွင်-ဒေါ်မာမာဆွေ၊ ဦးဝင်းခိုင်(ခ)ဦးလောကနာထ(သန်လျင် သဘာဝတရားရိပ်သာ)၊ (ဒေါ်စန်းမြတ်)၊ဒေါ်ခင်ထွေးရီတို့၏အစ်ကို၊ မအေးအေးမြင့်၊ (ကိုမျိုးမောင်မောင်စိုး) - ဒေါ်စိုးစိုး၊ ကိုဇော်ဝင်းထွန်း - မမျိုးသက်သက်ဝေတို့၏ချစ်လှစွာသောဖခင်သည် ၉-၅-၂၀၁၆ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းတင်

**B.Sc (Physics), A.G.T.I (Civil-1979)**

**(လိုင်စင်ရအကြီးတန်းအင်ဂျင်နီယာ မြန်မာ့အလှ ဦးမြတ်မင်းဆောက်လုပ်ရေး)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၁)လမ်းနှင့်(၂)လမ်းကြား၊ ကျောက်မြောင်းလမ်း၊ အမှတ် ၇၈၊ ဝဲ-ငါးလွှာနေ ဒေါ်မူမူဝင်း၏ခင်ပွန်း၊ မခင်ကြယ်စင်ခိုင် (Final Year B.E, E.C)၏ဖခင်၊ ဦးထွန်းရီ-(ဒေါ်ညွန့်)တို့၏သား၊ (ဦးဝင်းနိုင်)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ဦးစိုးဝင်း(MOGE)-ဒေါ်မြင့်မြင့်စန်း၊ ဦးနေဝင်းညွန့်-ဒေါ်သီတာဆွေ၊ (ဦးဇော်ဇော်အောင်)-ဒေါ်ဥမ္မာမြင့်၊ ဦးစည်သူ-ဒေါ်ဥမ္မာတို့၏အစ်ကိုသည် ၁၀-၅-၂၀၁၆ရက် နံနက် ၈း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးတင်မြင့် (ပုလောမြို့)

**အသင်းဝင်အမှတ်-၄၅၄၀**

**အသက်(၈၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ (၂)ရပ်ကွက်၊ငရွှေဝါတိုးချဲ့(၂)လမ်းနေ ဦးတင်မြင့်သည် ၉-၅-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ရင်ရွှေ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၃၀၊ သုံးလွှာ-Aနေ (ဦးသန်းမောင်-ဒေါ်သန်းသန်းနိုင်-ဒေါ်သန်းမြ)တို့၏ သမီး၊ [ဦးထွန်းရှင် - ဒေါ်သောင်းညွန့် (မော်ကျွန်း)]တို့၏သမီးချွေးမ၊ (ဦးမြင့်အေး)-ဒေါ်မိမိခိုင်၊ ဦးအောင်ကြည်-ဒေါ်မြင့်မြင့်တို့၏ညီမ၊ ဒေါ်ဝင်းဝင်းကြည်၊ ဦးအေးသိန်း - ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကြီးအေးကျော် - ဒေါ်ချိုချိုမာ၊ ဦးလှထွန်း-ဒေါ်ဘေဘီသန်း၊ ဦးသန်းအေး-ဒေါ်ဒေစီသန်း၊ ဦးအောင်ကျော်၊ ဦးဖူး-ဒေါ်ဝင်းကြည် (မော်ကျွန်း)တို့၏အစ်မ၊ သာသနာ့ဝေပုလ္လ မိုးကုတ်ရိပ်သာတိုက်အုပ်ကျောင်း ဦးဇောရိန္ဒ၏ရဟန်းဒါယိကာမကြီး၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်၊ (ဒေါ်သင်းသင်း)၊ (ဦးမျိုးအောင်)၊ ဦးမင်းကျော်သူ၊ ဦးလှဌေး(မလေးရှား)၊ ဦးသန်းစိုး (REXA Co.,Ltd.)တို့၏မိခင်၊ မြေးလေးယောက်၊မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည်၁၀-၅-၂၀၁၆ရက် နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစိန်ထွန်း (ဦးမောင်ကြီး)

**ပုသိမ်မြို့**

**အသက်(၅၁)နှစ်**

ပုသိမ်မြို့၊တဂေါင်းလမ်း၊ အမှတ် ၆ နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ယုဇနလမ်း၊ ဠ ၃၄(ခ)နေ ဦးဟုတ်တီ - (ဒေါ်ရိုး)တို့၏သား၊ ဦးထွန်းမင်း-ဒေါ်စန်းကြည်၊ ဒေါ်ခင်ဝင်း၊ ဦးမြင့်အောင်-ဒေါ်ချိုချိုအေး၊ ဦးကျော်ထွန်း-ဒေါ်စန်းဝင်း၊ ဒေါ်ရီမေ၊ ဒေါ်ဝင်းဝင်းအေး၊ ဒေါ်ရီရီမြင့်၊ ဦးထွန်းမြင့်-ဒေါ်ချိုချိုသန်း၊ ဒေါ်သန်းသန်းနွဲ့တို့၏မောင်၊ ဦးတင်စိုး၊ ဒေါ်ခင်ခင်ထွေးတို့၏အစ်ကို၊ တူ၊တူမ ၁၁ယောက်တို့၏ဦးလေးသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဘုရင့်နောင်ပွဲရုံတန်းနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်အိအိခင်

**အသက်(၄၉)နှစ်**

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ၊(၄)လမ်းနေ အရာခံဗိုလ်ခင်မောင်ဝင်း(ငြိမ်း) - ဒေါ်ဌေးဌေး (အထက်တန်းပြ၊ ငြိမ်း)တို့၏ သမီး၊ ဦးအောင်ဇေယျ - ဒေါ်သီတာဦး၊ ဒုဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) [အထွေထွေ မန်နေဂျာ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ပါရမီ]-ဒေါ်စုစုခင် (လက်ထောက် ညွှန်ကြားရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံး)တို့၏ညီမ၊ (ဦးဝဏ္ဏ)၊ ဗိုလ်မှူးကျော်သူရ(ငြိမ်း) [အုပ်ချုပ်မှုအရာရှိ၊ ဘီးလင်းတာယာစက်ရုံ]-ဒေါ်ယဉ်ယဉ်မောင်၊ ဦးဝင်းနိုင် - ဒေါ်မေထားခင် (လက်ထောက်နည်းပြ၊ ငြိမ်း၊ မိတ္ထီလာ GTI)၊(ဗိုလ်ကြီးတေဇ)-ဒေါ်သိန်းထိုက်ထိုက်အေး(ဒု-လထကြီးကြပ်ရေးမှူး၊ မင်္ဂလာဒုံမြို့နယ်ပညာရေးမှူးရုံး)၊ ဒေါ်မေယုခင် (အထက်တန်းပြ၊ သမာဓိ၊ တော်ဝင်ပညာရှင်ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အစ်မ၊ တူ/တူမ ၁၆ယောက်တို့၏အဒေါ်သည် ၁၀-၅-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် မန္တလေး ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးကျင်ထွန်း(ကျောက်ဖြူ) အသက်(၈၆)နှစ်

**(အင်ဂျင်နီယာ၊ ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးဦးသာဇံ-ဒေါ်နှင်းမြိုင်)တို့၏သား၊ (ဦးရွှေဘန်းအောင်-ဒေါ်မြညို)တို့၏သားသမက်၊ (ဦးခင်ထွန်း)၊ ဦးသန်းထွန်း၊ ဒေါ်ကျင်မြိုင်၊ ဒေါ်ကျင်နု၊ (ဦးသိန်းထွန်း)၊ ဦးသောင်းထွန်းတို့၏ညီ/အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၁၀၊ (A-4) နေ ဒေါ်စန်းရည်(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ကေခိုင်ထွန်း၊ ဦးမျိုးသန့်ထွန်း(ကောင်းမြတ်ဆု မိတ္တူ၊ကွန်ပျူတာနှင့်ရောင်စုံပုံနှိပ်လုပ်ငန်း)၊ ဦးကျော်စိုးမိုး(ပြည်တွင်းအခွန်)-ဒေါ်အေးမြမြထွန်းတို့၏ဖခင်၊ မောင်ကောင်းခန့်ကျော်၊ မောင်ဘုန်းမြတ်ကျော်၊ မဆုလဲ့နှင်းတို့၏အဘိုးသည် ၉-၅-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ မိုဟာမက်အလီ(ခ)ဦးသန်းအောင် (ပျော်ဘွယ်)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ၃၁လမ်း၊ အမှတ် ၁၇၇၊ ပထမထပ်(ယာ)နေ ဒေါ်အမာ၏ခင်ပွန်း၊ ဦးချိုတူး(ကုန်သည်)နှင့် မခင်မာသန်း၊ ဦးခင်မောင်သန်း(ဒုတိယညွှန်ကြားရေးမှူး၊ မြို့ပြ၊ လမ်းအထူးအဖွဲ့-၂၁)နှင့် ဒေါ်ဆွေဆွေမိုး၊ ဦးခင်မောင်မြင့်(ကုန်သည်)နှင့် မစန်းစန်းမြင့်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည်သည် ၁၀-၅-၂၀၁၆ရက် နံနက် ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မွန်းလွဲ ၁း၃၀နာရီတွင် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း) အသက်(၈၃)နှစ်

**ကြည်း-၈၇၇၃၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**သုံးခွမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ**

ရန်ကုန်မြို့၊ ၃၈လမ်း၊ အမှတ် ၁၅၉ (ဒုတိယထပ်-ဝဲ)နေ ဒေါ်မိမိခင်၏ခင်ပွန်း၊ ကိုသုတ-ဒေါက်တာသီတာဦး(UK)၊ (ဒေါက်တာဝဏ္ဏ-ဒေါ်ခင်သက်မော်)၊ ကိုဗညားမောင်မောင်-မဝင်းပပလင်းတို့၏ ချစ်လှစွာသောဖခင်၊ ပင်ကီသုတ၊ အလိမ္မာသုတ(UK)၊ မစိမ့်စမ်းရတီတို့၏ချစ်လှစွာသောအဘိုးသည် ၉-၅-၂၀၁၆ရက်(တနင်္လာနေ့)ည ၇နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၅၉၊ ၃၈လမ်းနေအိမ်နှင့် အမှတ် ၇၆-ခ၊ အောင်ရတနာလမ်းနှင့် မေတ္တာလမ်းထောင့်နေအိမ်တို့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်သောင်း အသက်(၈၁)နှစ်

**သန်လျင်စည်ပင်(ငြိမ်း)**

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)၊ အမှတ် ၁၁နေ (ဦးချစ်-ဒေါ်လှခင်)တို့၏သား၊ (ဦးဘိုးသိုက်-ဒေါ်ညွန့်)တို့၏သားသမက်၊(ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးမြင့်စိုး(အမှတ်-၁၊ ရေနံချက်စက်ရုံ၊ သန်လျင်)-ဒေါ်မြင့်မြင့်ဦး၊ သတင်းထောက် ဦးသန်းဝင်း(ခရိုင်ပြန်/ဆက်ဦးစီးဌာန၊ သန်လျင်)-ဒေါ်ခင်စိန်(အလယ်တန်းပြ၊ အထက-၂၊ သန်လျင်)၊ ဦးအောင်မိုး-ဒေါ်နုနုတင်၊ ကိုကျော်ကျော်စိုး(ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မအေးအေးခိုင်၊ မထက်ထက်အောင်(Asia Concrete Production)၊ ဗိုလ်ကြီးအောင်ကိုကိုကျော်(ငြိမ်း)၊ 'ဇော်ထက်ပိုင်' အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ၊ မောင်အောင်ဖြိုးပိုင်(နည်းပညာတက္ကသိုလ်၊သန်လျင်)၊ မောင်ကျော်စွာဝင်းတို့၏အဘိုးသည် ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးကျော်လင်း အသက်(၇၀)

**မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၁၁၇နေ (ဦးလှသွင်-ဒေါ်သန်းရင်)တို့၏သား၊ (ဦးကျင်မောင်-ဒေါ်တင်ရွှေ)တို့၏သားသမက်၊ ဦးတင်ထွန်း-(ဒေါ်ခင်ခင်လှ)၊ (ဦးကျော်ဝင်း)၊ ဦးမြင့်သိန်း-(ဒေါ်လှလှဝင်း)၊ ဦးမြင့်လွင်-ဒေါ်သန္တာဝင်း၊ ဦးကျော်စိုး၊ ဦးမျိုးသိန်း-(ဒေါ်မြင့်မြင့်မော်)၊ (ဦးဝင်းအောင်)-ဒေါ်တူးတူးအောင်၊ ဦးအောင်ကျော်ဝင်း-ဒေါ်ဌေးဌေးမြင့်၊ (ဦးဇော်ဦးတင်)-ဒေါ်လှလှသိန်းတို့၏ အစ်ကို/မောင်၊ ဒေါ်အေးသိန်း(ဦးစီးအရာရှိ YESC)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဖြိုးအေးခိုင်(KBZ သိမ်ဖြူဘဏ်ခွဲ)၊ ဒေါ်သန့်ဇင်ခိုင်(KBZ အောင်ဆန်းကွင်းဘဏ်ခွဲ)တို့၏ချစ်လှစွာသောဖခင်သည် ၉-၅-၂၀၁၆ရက်(တနင်္လာနေ့) ည ၁၀း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ရီ အသက်(၆၀)

ရန်ကုန်မြို့နေ (ဒေါက်တာဦးဘချစ်-ဒေါ်ကြည်)တို့၏မြေး၊ (ဦးလှကြွယ်)-ဒေါ်ထားရီတို့၏သမီး၊(ဦးချစ်စိန်-ဒေါ်ရွှေ)တို့၏သမီးချွေးမ၊ ဦးစန်းလွင်၊ ဦးသိန်းလွင်(ဌာနစုမှူး၊ ငြိမ်း၊ စက်မှု-၁)-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ (ဦးခင်မောင်အေး)-ဒေါ်စန်းစန်းရီ၊ ဦးခင်နိုင်၊ဒေါက်တာအေးအေးသစ်(ကထိက၊သမိုင်းဌာန၊ တောင်ကုတ်ကောလိပ်)တို့၏မမကြီး၊ ဦးကံညွန့်၏ဇနီး၊ ကိုမျိုးမင်းခိုင်-မကြည်ပြာကျော်၊(ကိုအောင်ကိုကိုမျိုး-မအေးသန္တာကျော်)၊ မောင်ခွန်ရာဇာ-မခင်အေးချိုတို့၏မိခင်၊ ကိုဇေယျာစိုး-မခင်မို့မို့လွင်၊ မသီဂီလွင်(ရေအရင်းအမြစ်၊ ပြည်မြို့)၊ ဗိုလ်လောင်းနေထက်လင်း DSA အပတ်စဉ်(၅၈)တို့၏ဒေါ်လေး၊ မောင်အာကာမင်း BE(EP)၊ မောင် ပြည်သိမ်းခိုင်(4T-EP၊ အနောက်ပိုင်း နည်းပညာတက္ကသိုလ်)၊ မောင်အောင်ခန့်ကျော်(ဒုတိယနှစ်၊ EP၊ အနောက်ပိုင်း နည်းပညာတက္ကသိုလ်)တို့၏ကြီးကြီး၊ မသက်နှင်းဆီ၊မအိမ့်ချမ်းမြေ့၊ မောင်သုတအောင်တို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၁၆ရက်(တနင်္လာနေ့) ည ၉း၃၀နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၈၉၈(က)၊ (၇)ရပ်ကွက်၊ ငုရွှေမြိုင်လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးကျော်မင်းထွဋ် (ငြိမ်း)

**လက်ထောက်ညွှန်ကြားရေးမှူး(ပြည်သူ့လွှတ်တော်ရုံး)**

**အသက်(၄၅)နှစ်**

ပျဉ်းမနားမြို့၊ရွှေချီရပ်၊ ၄လမ်း၊ အမှတ်(၈/၂၄)(အရှေ့ကမ္ဘာစားသောက်ဆိုင်)နေ (ဦးမြင့်ထွေး)-ဒေါ်အုန်းမြင့်တို့၏သား၊ လွှတ်တော်ဝင်းနေ ဒေါ်စိန်စိန်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ မမေသူဟန်၏ချစ်လှစွာသောဖခင်သည် ၁၀-၅-၂၀၁၆ရက် ညနေ ၆နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ခုတင်-၁၀၀၀ဆေးရုံမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ တည်ဆောက်မှု ဇွန်လတွင် ရာနှုန်းပြည့်ပြီးစီးမည်



မျိုးမင်းသိန်း(မရမ်းကုန်း)

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနရုံးဝင်းအတွင်း ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါတည်ဆောက်မှု လုပ်ငန်း(ရန်ကုန်)သည် ယခုနှစ် မေလပထမပတ်၌ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) က ကြီးမှူး၍ ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် တိုက်စေးကုမ္ပဏီနှင့် မီဆူဘီရှိကုမ္ပဏီတို့က နိုင်ငံတော်အစိုးရ ခွင့်ပြုချက်နှင့် တာဝန်ယူတည်ဆောက်ခဲ့ရာ ရခိုင်ပြည်နယ် ကျောက်ဖြူ၌ အထပ်ကိုးထပ် ၄၅ ဒသမ ၅ မီတာမြင့်သော မိုးလေဝသခန့်မှန်းရေးရေဒါတာဝါတစ်ခုကို ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်က တည်ဆောက်ပြီးစီး၍ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

"ရန်ကုန်မြို့ ကမ္ဘာအေးမှာ အခုတည်ဆောက်နေတဲ့ မိုးလေဝသခန့်မှန်းထောက်လှမ်းရေး ရေဒါတာဝါမှာ အထပ် ၁၈ ထပ် ၆၄ ဒသမ ၉ မီတာမြင့်ပြီး ရေဒါထိပ်လုံးထိ ၇၅ ဒသမ ၅ မီတာအမြင့်ရှိပါတယ်။ လုံးပတ်မှာ ရှစ်မြှောင့် အဋ္ဌဂံပုံစံ သံကူကွန်ကရစ်အမျိုးအစားနဲ့ တည်ဆောက်ထားပြီး ၁၃ မီတာပတ်လည် ရှိတယ်။ မန္တလေးတံတားဦးလေဆိပ်အနီး *စာမျက်နှာ ၂ ကော်လံ ၆* ❐

**ဆောက်လုပ်မှု ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည့် ရန်ကုန်ရေဒါတာဝါ အဆောက်အအုံကို တွေ့မြင်ရစဉ်**




## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း

၁၀-၅-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၁၀ ဒသမ ၁ |
| ရန်ကုန် | ၁၀ ဒသမ ၅ |
| မန္တလေး | ၁၀ ဒသမ ၂ |

## လေပွေလှိုင်းများအရှိန်ကြောင့် လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် မေ ၁၀**

ယနေ့မြန်မာစံတော်ချိန် ၂ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့်လည်းကောင်း မိုးတိမ်တောင်များဖြစ်ပေါ်ပြီး မွန်းလွဲ၊ ညနေပိုင်းတို့တွင် မေ ၁၂ ရက်မှ ၁၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# AFC Cup ပြိုင်ပွဲ ရန်ကုန်-မာဇီယာ အသင်းတို့ သတင်းစာရှင်း

**ရန်ကုန် မေ ၁၀**

2016 AFC Cup ပြိုင်ပွဲအုပ်စု (G) နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ရန်ကုန်အသင်းနှင့် မာဇီယာအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နေ့လယ်ပိုင်းက MFF ရုံး၌ ကျင်းပသည်။

ရန်ကုန်အသင်းနည်းပြချုပ် မာဂျန်က "အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ဒီပွဲအတွက် တစ်ပတ်ကျော် အချိန်ယူပြီး ပြင်ဆင်ထားပါတယ်။ မာဇီယာအသင်းက တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်သလို မော်လ်ဒိုက် လက်ရွေးစင်ကစားသမားတွေ အများကြီးပါဝင်ပါတယ်။ အဆုံးအဖြတ်ပွဲမှာ *စာမျက်နှာ ၃ ကော်လံ ၁* ❍

# မြန်မာအမျိုးသမီးအသင်း ဂျပန်နိုင်ငံတွင် ယနေ့ခြေစမ်းပွဲကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် မေ ၁၀**

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မေ ၁၁ ရက် (ယနေ့)တွင် ခြေစမ်းပွဲ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Kanagawa တက္ကသိုလ်အသင်းနှင့် စတင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အခြားခြေစမ်းပွဲများအဖြစ် မေ ၁၆ ရက်တွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အသင်း၊ မေ ၁၈ ရက်တွင် Shizuoka Sangyo တက္ကသိုလ်အသင်း၊ မေ ၂၃ ရက်တွင် JEF United အသင်း၊ မေ ၂၄ ရက်တွင် Seisa Gakuen အထက်တန်းကျောင်းအသင်းတို့နှင့် *စာမျက်နှာ ၃ ကော်လံ ၃* ❖




**မြန်မာအမျိုးသမီးအသင်း ဂျပန်ခရီးစဉ်မတိုင်မီ လေ့ကျင့်စဉ်**

